ဤပြဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စု၏ အဆင့်၄

ပညာရှင်များနှင့်

နိုင်းယှဉ်လို့မရပေ။ သူ့ရှေ့ရှိ

စားသမားက သက်သေပင်။

သူ၏စားနယ်မြေနှင့်

ပေါင်းစပ်ထားသော

စားလှိုင်းငါးဆင့်တိုက်ခိုက်မှုကိုပင်

ခုခံထားနိုင်သည်။ ထို့အပြင်

သူကိုယ်တိုင်တောင်ဒဏ်ရာရသွား

ခဲ့သည်။ သေချာသည်မှာ ထိုလူက

ပြင်ပ

အရင်းအမြစ်များ၏အကူအညီ

ကို မယူဘဲ

ကိုယ်တိုင်ကျင့်ကြံထားသည့်

အဆင့်၄ ပညာရှင်ဖြစ်သည်။

ယန်ယွဲ့သည် ရပ်တန့်လိုက်ပြီး

ဓားကိုင်သူဆီသို့

တစ်လှမ်းခြင်းလျှောက်သွားသည်

။

စစ်မှန်သောပညာရှင်။

အမှန်တော့ ယန်ယဲ့သည်

ထိုကဲ့သို့ပညာရှင်မျိုးကိုလိုက်ရှာ

နေတာဖြစ်သည်။ ထိုမှသာ

သူသည် ဖိအားကိုအမှန်တကယ်

ရင်ဆိုင်ရမည်ဖြစ်သည်။

ဖိအားဖြင့်သာ သူ၏ခွန်အား

အပြည့်ကို ထုတ်လွှတ်နိုင်မည်။

၎င်းက ပြိုင်ဘက်၏အားသာချက်

အားနည်းချက်များကို

ရှာဖွေသိရှိရန် တစ်ခုတည်းသော

နည်းလမ်းဖြစ်သည်။

တိုက်ပွဲ။

သူသည် သူ၏ခြေနှလုံးသားထဲမှ

စိတ်ကျေနပ်သည်အထိ

အဖြဲ့တမ်း တိုက်ခိုက်လိုခဲ့သည်။

သို့သော်

သေမင်းတမန်စားသမားက

မျက်နှာပေါ်တွင်

လျစ်လျူရှုထားဟန်ဖြင့်

ယန်ယဲ့ကို စိုက်ကြည့်ထားသည်။

သူ့လက်ထဲတွင်

ဓားတစ်ချောင်းပေါ်လာသည်။

အများစုမှာ

ကျင့်ကြံသူများ၏အကြား

တိုက်ပွဲမှာ ၎င်းတို့၏

စိတ်အခြေအနေပေါ်

မူတည်ပါသည်။

တိုက်ရိုက်ပြောရလျှင် စိတ်ဓာတ်၊

ခွန်အား၊

စိတ်အခြေအနေပိုကျပါက

တိုက်ပွဲဝင်စွမ်းအားသည်

သဘာဝအတိုင်း

အားနည်းသွားပေလိမ့်မည်။

သေမင်းတမန်စားသမားဆီသို့

လျှောက်သွားစဉ် ယန်ယဲ့ဆီမှ

ဖော်မပြနိုင်သော ယုံကြည်မှု

အရှိန်အဝါတစ်ခု

ထွက်ပေါ်လာသည်။ သို့သော်

သေဖင်းတမန်စားသမားက

တည်ငြိမ်စွာ ရပ်နေခဲ့သည်။

ယန်ယဲ့၏ခြေအော်ရာကို လုံးဝ

ဂရုစိုက်ပုံမပေါ်ပါ။

စစ်မှန်သောပညာရှင်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်၏

မရဏသက်တော်စောင့်များသည်

ပညာရှင် အမျိုးမျိုးကို

ရင်ဆိုင်တွေ့ဖူးသည်။

ယန်ယဲ့သည် သန်မာသော်လည်း

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းဇော

ရာဇ်နှင့် ထာဝရနိုင်ငံတော်ရှိ

ပညာရှင်အချို့နှင့်ယှဉ်ပါက

ဖိနှိပ်ရန်မဖြစ်နိုင်ကြောင်း

ရှင်းရှင်းလင်းလင်း

သိလိုက်ရသည်။

ယန်ယဲ့သည်

တရားစီရင်ရေးစားကိုပြန်သိမ်းလို

က်သည်။ ထိုနောက်

မုလနတ်စားကို

အစားထိုးကိုင်လိုက်သည်။

သူ၏ရည်ရွယ်ချက်က

သတ်ဖြတ်ဖို့နဲ့ တိုက်ခိုက်ရန်။

အားလန်နှင့် ဗွမ်ယင်တို့

စောင့်ကြည့်နေစဉ်  ယန်ယဲ့သည်

နေရာမှာပင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ

သေဖင်းတဖန်စားသမား၏

ဓားက ဆတ်ခနဲ

လှုပ်ရှားသွားသည်။ ထိုနောက်

တလျှပ်လျှပ် တောက်ပနေသော

ဓားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။

“ဘုန်း…”

အာကာသသည်

ပြင်းထန်စွာတုန်ခါသွားပြီးနောက်

မီတာရာချီကျယ်သော

အာကာသည် ပင့်ကူအိမ်ကဲ့သို့

အက်ရာများ ထက်လာသည်။

သို့သော် သိပ်မကြာလိုက်ဘဲ

အာကာသသည်

ပုံမှန်ပြန်ဖြစ်သွားသည်။

မမြင်နိုင်သော စွမ်းအားလှိုင်းများ

နေရာအနှံ့ပေါ်လာပါသည်။

ဤစွမ်းအင်များ

ပို့နိုင်လာသည်နှင့်အမျှ မီတာ ရာချီ

ကျယ်သော အာကာသသည်

အရင်ထက်ပင်

အကောင်းလာလေသည်။

ဟွမ်ယင်က

ကောင်းကင်ကိုမော့ကြည့်ပြီး

“ဒီနေရာကို တစ်စုံတစ်ယောက်က

ခိုင်ခံ့အောင် လုပ်နေတယ်”

အားလန်က

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စုရဲ့

ထိပ်တန်းအာဏာပိုင်တွေက

စောင့်ကြည့်နေကြတယ်” ဟု

ဂရုမစိုက်ဘဲ ပြန်ဖြေသည်။

ဟွမ်ယင်က

ခေါင်းညိတ်လိုက်သည်။

အားလန်က

သူ့မဓေါ်မျက်လုံးများကို

ဖြည်းညင်းစွာ

မှိတ်လိုက်သည်။ “ထာဝရနိုင်ငံ

တော်မှာငါရှိတုန်းက

ငါ့မျိုးနွယ်စုမှာ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စုရဲ့

မရဏသက်တော်စောင့်တွေနဲ့

ပတ်သက်တဲ့

မှတ်တမ်းရှိတယ်။အဲ့ဒီမှတ်တမ်း

တွေအရသူတို့အားလုံးက

မရေမတွက်နိုင်တဲ့ တိုက်ပွဲတွေကို

ရင်ဆိုင်တွေ့ကြုံခဲ့ပြီးတော့

လက်နက်ချတာနက် တိုက်ပွဲမှာ

အသေခံကြတယ်။

လွန်ခဲ့တဲ့နှစ်တွေက စစ်ပွဲမှာ

သူတို့ရဲ့ တိုက်ပွဲဝင်ပုံက

ထာဝရနိုင်ငံတော်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေကို

တောင်မှ ထိတ်လန့်သွားစေတယ်။

ဒီတော့ သူတို့က

ပြောထားတဲ့အတိုင်းပဲဟုတ်လား...

”

အားလန်ဇေါ်ပိုရိုပ်က

တဖြည်းဖြည်းပြောင်းလဲသွားသ

ည်။ ခဏအကြာတွင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။ သူမက

ပြန်ပေါ်လာသည်နှင့်

သွေးနီရောင်လက်အိတ်

ဝတ်ဆင်ထားသော

အမျိုးသာထက်တွင် ရှိနေခဲ့သည်။

ထို့နောက်

သူမ၏လက်ဖဝါးနှစ်ဖက်ကို

ဆန့်ကာ ဖိချလိုက်သည်။

လက်ဖဝါးနှစ်ဖက်က

ကမ္ဘာ့ခွန်အားကို

သယ်ဆောင်လာသလိုပင်။

ရိုးရှင်းသော်လည်း

ကြောက်စရာဖိအားများ

သယ်ဆောင်လာသည်။

မရဏသက်တော်စောင့်က

ရုတ်တရက် မော့ကြည့်လိုက်ပြီး

လက်သီးကိုအပေါ်သို့

ပင့်ထိုးလိုက်သည်။

လက်သီးတစ်ဝိုက်မှာ

သွေးနီရောင်အလင်းတန်းများ

တောက်ပနေခဲ့သည်။

တိုက်မိသည်နှင့် တစ်ပြိုင်နက်

ပတ်ဝန်းကျင်သည် ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။

သို့သော်လည်း အားလန်သည်

နေရာမှာပင် ဖျတ်ခနဲ

ပျောက်သွားပြီး

မရဏသက်တော်စောင့်၏

မျက်နှာကို လက်ဝါးဖြင့်

ရိုက်ချလိုက်သည်။ ဤသို့ဖြင့်

သူတို့နှစ်ယောက်က

တစ်ခဏလေးအတွင်းမှာ

အနည်းဆုံး

အကြိမ်တစ်ထောင်ခန့်

တိုက်ခိုက်လိုက်သည်။

ဗရောသက်တော်စောင့်က

ထပ်ခါတလဲလဲ

နောက်ပြန်ဆုတ်နေသော်လည်း

အားလန်၏ တိုက်ခိုက်မှုများကို

ခုခံထားနိုင်သည်။ သို့သော်လည

အားလန်၏ အော်ရာက

အားနည်းလာသည်မဟုတ်ဘဲ

ပို၍ပင် သန်မာလာပုံရသည်။

သချောသည်မှာ သူမက

အလေးအနက်ထားပြီး

တိုက်ခိုက်နေပုံပါ။

ဟွမ်ယင်က

သူ့ပိုင်ဘက်ကိုကြည့်ပြီး “လာ...

စစ်မှန်တဲ့ တိုက်ပွဲတစ်ခုလောက်

ဆင်နွှဲရအောင်”

စကားပြောပြီးနောက် သူသည်

ဟင်းလင်းပြင်သားရဲ

စီးနင်းထားသော

လူငယ်လေးဆီသို့

ခုန်ဝင်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့နှင့်

သေဖမ်းတမန်စားသမားတို့က

ပြင်းထန်စွာ

တိုက်ခိုက်နေကြပြန်သည်။

ဤနေရာတွင်

အပြင်းထန်ဆုံးတိုက်ပွဲသည်

ယန်ယဲ့နှင့်

သေဖင်းတဖန်စားသမားတို့

အကြားမှ တိုက်ပွဲဖြစ်သည်။

နှစ်ယောက်စလုံးက  အသက်ကို

ဂရုမစိုက်ဘဲ

တစ်ချက်တိုက်ခိုက်လိုက်တိုင်း

နှစ်ဖက်မှ သွေးများ

ပန်းထွက်လာသည်။ ထိုကဲ့သို့ပင်

သိပ်မကြာလိုက်ဘဲ

နှစ်ယောက်စလုံး

ဒက်ရာဗရဲ့ဖြစ်လာခဲ့သည်။

ဂူလစေတီထဲတွင် နှင်းပွင့်လေးက

ကောင်းကင်ဓားစင်မြင့်ထက်မှနေ

ၡ် အပေါ်ကို မျှော်ကြည့်နေသည်။

နံဘေးမှာတော့ န္တွားနတ်ဆိုး

ဝမ်အရူးမလေး ဓားစာလိပ်တို့

ရောက်နေကြသည်။

နှင်းပွင့်ဓါ်မျက်လုံးသေးသေး

လေးများက

စိုးရိမ်စိတ်အပြည့်ပါ။

အန်နန်ကျင်းကမျက်နှာပေါ်တွင်

ဘာမှဂရုမစိုက်ဘဲ ရပ်နေခဲ့သည်။

နှင်းပွင့်လေးက အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်ပြီး

သူမထံပြေးသွားခဲ့သည်။ထိုနော

က် ညွှန်ပြသည်။ ဆိုလိုသည်မှာ

နွားနတ်ဆိုးနှင့် အခြားလူများက

ယန်ယဲ့အား ကူညီသင့်လားဟု

မေးနေတာပါ။ အစပိုင်းတွင်

သူမက ယန်ယဲ့ကို ကူညီဖို့

နတ်ဆိုးများကို

အမိန့်ပေးလိုက်သော်လည်း

အန်နန်ကျင်းက

တားဆီးထားသည်။

အန်နန်ကျင်းက နှင်းပွင့်ကို

တစ်ချက်ကြည့်လိုက်ပြီး

“စောင့်ကြည့်ထားပါ”

နှင်းပွင့်လေးက အနည်းငယ်

ချီတုံချတုံဖြစ်နေသည်။

ဤအချိန်တွင် အန်နန်ကျင်းက

နှင်းပွင့်ဆီသို့ ရုတ်တရက်

လျှောက်သွားသည်။

နှင်းပွင့်လေးက အနားရှိ

စားစာလိပ်ဓါးပခုံးပေါ်ကို

အမြန်ခုန်တက်သွားသည်။

စားစာလိပ်က အတော်လေး

ရယ်မောလိုက်သည်။

အကြောင်းမှာ နှင်းပွင့်လေးကဲ့သို့

စိတ်ထင်ရာလုပ်တတ်သောက

လေးတစ်ယောက်က

ကြောက်ရွံ့သော

တစ်စုံတစ်ယောက်

ရှိနေသောကြောင့်ပင်။

ဓားစာလိပ်က

အန်နန်ကျင်းလုပ်ဆောင်နေသည့်

အရောကို သဘာဝကျကျ

နားလည်ပါသည်။ ယန်ယဲ့သည်

တိုက်ပွဲတစ်ခု ရင်ဆိုင်ပြီးတိုင်း

ခွန်အား သိသိသာသာ

တိုးတက်လာသည်။ သူတို့

ကူညီခဲ့မည်ဆိုလျှင်

သေဖင်းတမန်စားသမားကို

သတ်ဖို့ ခက်ခဲမည်မဟုတ်ပေ။

သို့သော်လည်း ယန်ယွဲ့ကတော့

သူ့ကိုယ်သူ

တိုးတက်အောင်လုပ်နိုင်မည်မဟု

တ်ပေ။

ထို့အပြင် ထိုအတိုင်းသာ

ဆက်သွားနေပါက

ယန်ယဲ့ဇေါ်ခွန်အားက

ဆက်တိုးမလာဘဲ

ရပ်တန့်သွားပေမည်။

ယန်ယဲ့သည် တိုက်ပွဲများကို

ကိုယ်တိုင် တိုက်ခိုက်လေ့ရှိသည်။

ရင်းသည်လည်း သူလိုချင်သည့်

အရာတစ်ခုဖြစ်သည်။

ဓားစာလိပ်က အန်နန်ကျင်းဆီသို့

လျှောက်သွားကာ ကောင်းကင်ကို

မော့ကြည့်ပြီး“သေမင်းတမန်ဓား

သမား(မရဏသက်တော်စောင့်)

က အရမ်းသန်မာတယ်”

အန်နန်ကျင်းက

အနည်းငယ်ခေါင်းညိတ်ကာ

“သူက မဆိုးပါဘူး”

“မဆိုးပါဘူးလား...”

ဓားစာလိပ်က

ခါးသက်သက်ရယ်မောရင်း

"ကျင်းအာ သူတို့က

တကယ်မဆိုးပါဘူး။

ဒီဟာင်းလင်းပြင်

ပျက်သုဥ်းခြင်းမျိုးနွယ်ရဲ့

မရဏသက်တော်စောင့်တွေက

လွှန်ခဲ့တဲ့ အတိတ်ကာလစစ်ပွဲမှာ

ထာဝရနိုင်ငံတော်ရဲ့ အဆင့်မြင့်

အာဏာပိုင်တွေကို

ကြောက်လန့်သွားစေတယ်။

အဲ့ဒီတိုက်ပွဲမှာ သူတို့ရဲ့

စစ်တပ်ကြီး

ထာဝရနိုင်ငံတော်ထဲကို

ဝင်ရောက်လာတဲ့အခါ ဘယ်သူမှ

မတားဆီးနိုင်ခဲ့ဘူး။ မြို့ထဲကို

ဝင်သွားတဲ့ လမ်းတိုင်းမှာ

မရေမတွက်နိုင်တဲ့ အလောင်းတွေ

စုပုံနေခဲ့တာ”

သူမက အန်နန်ကျင်းကို

စိုက်ကြည့်ကာ “ဟုတ်ပါတယ်။

နင့်လိုလူသာဆိုရင် သူတို့

ဘာအခွင့်အရေးမှ

ရှိမှာမဟုတ်ဘူး”

သိုင်းနတ်ဘုရားခန္ဓာကိုယ်။

အန်နန်ကျင်း၏ မွေးရာကာ

ခန္ဓာကိုယ်သည် ဟာသမဟုတ်ပေ။

သာမန်လူများက သူမကို

ယှဉ်နိုင်မည်မဟုတ်ပါ။

ယန်ယွဲ့လိုလူတောင်

အန်နန်ကျင်းထက် သိသိသာသာ

နိမ့်ကျသည်။ အမှန်တော့

ဓားစာလိပ်က အတော်လေး

စိတ်ဝင်စားခဲ့သည်။ ယန်ယဲ့နှင့်

အန်နန်ကျင်းသာ သေသည်အထိ

တိုက်ခိုက်ပါက

မည်သူအနိုင်ရမလဲ...။

ဤအတောအတွင်း

မူလစေတီအပြင်ဘက်တွင်

တိုက်ပွဲက ဆက်ပြီး

ဖြစ်ပွားနေဆဲဖြစ်သည်။

ပြင်းထန်သော တိုက်ပွဲကြောင့်

မီတာရာထောင်ချီသော

ပတ်ဝန်းကျင်သည်

အဆက်မပြတ်တုန်လှုပ်နေခဲ့သည်

။ သို့သော်လည်း အာကာသသည်

ပြိုကွဲသွားခြင်းမရှိပေ။

ယခုအချိန်တွင် ဂျာနေရာသည်

အဆင့်၅ ပညာရှင်များ၏

ခွန်အားကိုပင် ခုခံထားနိုင်အောင်

ခိုင်ခံ့နေပုံရသည်။

“အုန်း…”

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့နှင့်

သေဖမင်းတမန်စားသမားဟာ

အသီးသီးလွင့်ထွက်လာခဲ့သည်။

နှစ်ယောက်သား ၁

ကီလိုမီတာအကွာသို့ အသီးသီး

လွင့်ထွက်သွားသည်။

မြေပြင်ပေါ်သို့ ပြုတ်ကျကာ

နောက်မီတာ သုံးရာအကွာသို့ပင်

လိမ့်ကျသွားခဲ့သည်။

သူတို့လိမ့်သွားတိုင်း မြေပြင်သည်

သွေးနီကြောင်းများ

စွန်းထင်းနေသည်။

သို့သော် သိပ်မကြာလိုက်ဘဲ

နှစ်ယောက်စလုံး

ပြန်ထလိုက်သည်။ဒီအချိန်မှာ

နှစ်ယောက်စလုံး၏ လက်များ

တုန်ရီနေသည်။ အဝေးကနေ

တစ်ယောက်ကိုတစ်ယောက်

ငေးကြည့်ရင်းနှင့်

ဖျတ်ခနဲပျောက်ကွယ်သွားကြသ
ည်။

“အုန်း…”

အာကာသသည် ပြင်းထန်စွာ

တုန်လှုပ်သွားသည်။

နှစ်ယောက်စလုံး

လွင့်ထွက်သွားပြန်သည်။

သို့သော်လည်း

ယန်ယဲ့လွင့်ထွက်သွားချိန်တွင်

သေဖမင်းတမန်စားသမားက

သူ့စားကို ရုတ်တရက်

ပိုင်းချလိုက်သည်။

“ဆူး...”

စားက အာကာသကို

ထိုးဖောက်သွားသည်။

ခဏအကြာတွင်

သူ၏ဓါးကိုဟာလက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် ယန်ယွဲ့ကို

ပစ်ပေါက်လိုက်သည်။

“ခလွပ်”

အာကာသအတွင်း

လှိုင်းဂယက်များ ဖြစ်ပေါ်လာပြီး

လေထုကို

ဖြတ်တောက်ပစ်လိုက်သည်။

ယန်ယဲ့သည်

နောက်ပြန်ဆုတ်သွားရင်း

မျက်လုံးနှစ်လုံးကနေ

တောက်ပသော

အလင်းတန်းတစ်စင်းလင်းလက်

သွားသည်။ ဤအခိုက်အတန့်တွင်

သူ့ဓါတ်ပုံရိုက်က

ထူးဆန်းစွာပြောင်းလဲသွားသည်။

အနန္တစားနယ်မြေ။

စားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့်

စားသွားက

သူ့ရှေ့ရောက်လာသည့်တိုင်

စားသွားက

ချက်ချင်းနေးကွေးသွားတော့သ

ည်။ သို့သော်

ရင်းသယ်ဆောင်လာသော

စွမ်းအားက

ကြောက်စရာကောင်းလှသည်။

ယန်ယဲ့၏

အနန္တစားနယ်မြေကိုပင်

ချိုးဖြတ်တော့မည်

အရိပ်အယောင်များ

ပြသနေသည်။ ယန်ယဲ့က

မူလနတ်စားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်

ရှေ့ကိုလှမ်းထိုးလိုက်သည်။

“ဆူး...”

အာကာသသည်လှိုင်းထလာသည်။

"အခန်း..."

တိုက်မိသည်နှင့် တစ်ပြိုင်နက်

အာကာသပြင်သည်

မြေလျှင်လှုပ်ခတ်သွားသလို

တုန်ခါလာသည်။ ဓားက

ပြင်းထန်စွာ တုန်ခါသွားပြီး

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်

မူလနတ်စားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်

သေမင်းတမန်စားသမားကို

လှမ်းပိုင်းလိုက်သည်။ သို့သော်

ရင်းက

လျစ်လျူရှုထားသောအကြည့်ဖြင့်

စိုက်ကြည့်နေသည်။

မီတာအနည်းငယ်အကွာသို့

ရောက်လာမှသာ သူ့လက်ကို

ဓားသွားပုံစံကဲ့သို့ အသုံးပြုကာ ခုတ်ပိုင်းလိုက်သည်။

သေမင်းတမန်ဓားသမားဓါလက်မှ ဓားစွမ်းအင်များ ဖြာထွက်လာသည်။

“ဘုန်း…ဘုန်း…ဘုန်း…”

ကောင်းကင်ယံတွင်

ပေါက်ကွဲသံများ

ပွဲတင်ထပ်လာသည်။

အချိန်အနည်းငယ်ကြာပြီးနောက်

ကောင်းကင်ယံမှ ပုံရိပ်တစ်ခု

ပြုတ်ကျလာသည်။ ၎င်းက

စားကိုင်ထားသော

သေဖင်းတမန်စားသမားပင်။

သူသည် ၃ကီလိုမီတာအထိ

ပြုတ်ကျသွားသော်လည်း

သိပ်မကြာလိုက်ပေ။

ချက်ချင်းပြန်ထလာသည်။

မတ်တတ်ရပ်လိုက်သည်နှင့်

သူ့မျက်နှာသည်

တည်ငြိမ်မနေတော့ဘဲ

ရက်စက်ကြမ်းကြုတ်သော

အမူအရာများ ပြည့်နှက်နေသည်။

သေဖင်းတဖန်စားသမားက

သူ၏လက်သီးများကို

ဆုပ်ထားလိုက်သည်။

သူ့အရေပြားအောက်ရှိ

သွေးကြောများ တုန်ယင်ကာ

ဖောင်းကြွလာသည်။

တစ်ချိန်တည်းမှာပဲ

သူ၏ခေါ်ရာက

အားကောင်းလာပြီး

အချိန်တိုလေး အတွင်းမှာပင်

တစ်ဟုန်ထိုး မြင့်တက်လာသည်။

“ဒါက

လျှို့ဝှက်သွေးနည်းစနစ်ပဲ”

ဤအချိန်မှာ ဗွမ်ယင်ဇေါ်အသံက

ယန်ယဲ့ဇေါ်စိတ်ထဲရောက်လာသည်

။

“အစ်ကိုယန် သတိထားပါ”

သူသတိပေးသံအဆုံး

သေဖမင်းတမန်စားသမားက

နေရာတွင် ဖျတ်ခနဲ

ပျောက်သွားသည်။

တစ်ချိန်တည်းမှာပဲ

မီတာ၃၀၀ရှည်လျားသော

တားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။ အရှိန်က

အလွန်မြန်လွန်းသည်။ ယန်ယဲ့၏

မျက်လုံးများက သိသိသာသာ

ကျဉ်းမြောင်းသွားပြီးနောက်

သူ့စားကိုအလိုလို

ပိုင်းချလိုက်သည်။

“အုန်း...”

ဓားစွမ်းအင်က ယန်ယဲ့အား ၁၀

ကီလိုမီတာ အကွာအထိ

လွင့်ထွက်သွားစေသည်။

ယန်ယဲ့သည် ပါးစပ်မှ

သွေးများစီးကျလာကာ

မြေပြင်ပေါ်သို့

ပြုတ်ကျသွားသည်။

သေဖင်းတဖန်စားသဖားက

ယန့်ယဲ့ကို

အေးစက်စွာစိုက်ကြည့်ပြီး

“အားနည်းလိုက်တာ”

ဤအချိန်တွင် ယန်ယဲ့က

ထရပ်လိုက်သည်။ သူ့ထံမှ

ကြောက်မက်ဖွယ်ရာကောင်းသော

စိတ်ဆန္ဒတစ်ခု

ပေါက်ကွဲထွက်လာသည်။

“အရူး စိတ်ဆန္ဒ”

ထိုပြင် သူ၏အရူးနတ်ဆိုး

သွေးမျိုးဆက်ကိုပါ တစ်ခါတည်း

အသက်သွင်းလိုက်တော့သည်။

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနေ့ယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၁၅ -

အရှုးနတ်ဆိုးသွေးမျိုးဆက်။

တိုက်ပွဲတွင် နှစ်ဖက်စလုံးက

အထွတ်အထိပ်

ရောက်နေကြသည်။ ယန်ယွဲ့နှင့်

သေဖင်းတဖန်စားသဖားတို့

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

ယန်ယဲ့၏အရူးစိတ်ပေါ်လာသည်နှ

င့် သူသည် ရုတ်တရက်

ပျောက်ကွယ်သွားသည်။

“အုန်း...”

ခဏအကြာတွင်

သွေးစားစွမ်းအင်များ

တလျှပ်လျှပ် တောက်ပလာသည်။

သေဖင်းတဖန်စားသမားဟာ

ကီလိုမီတာ ၃၀ကျော်အကွာအထိ

လွင့်ထွက်သွားခဲ့သည်။

ရင်းသည် မြေပြင်ပေါ်

ပြုတ်ကျသွားပြီး သူ၏

ခန္ဓာကိုယ်သည် ချက်ချင်း

ကွဲအက်သွားသည်။

သူ့ခန္ဓာကိုယ်မှ

မရေမတွက်နိုင်သော သွေးများ

ဖြန်းခနဲ ထွက်လာသည်။

သေဖင်းတဖန်စားသမားသည်

ရှုံးသွပ်သွားသော

အခြေအနေသို့ရောက်ရှိသွားသည့်

ယန်ယဲ့ကို မော့ကြည့်လိုက်သည်။

ဤအချိန်မှာ

သူ၏မျက်လုံးအစုံက

ရက်စက်ကြမ်းကြုတ်မှုများ

တောက်ပလာသည်။

သေဖင်းတဖန်စားသမားက သူ၏

ပြင်းထန်သော ဒဏ်ရာများကို

လျစ်လျူရှုကာ ညာခြေကို

တစ်ချက်ဆောင့်ပြီး

ယန်ယဲ့ထံခုန်ဝင်လိုက်သည်။

“အုန်း...”

ယန်ယဲ့ရှေ့ရောက်လာသည်။

သို့သော်

ယန်ယဲ့ရှေ့ရောက်လာသည်နှင့်

သူ့ပုံရိပ်က နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။

ဒီတစ်ခါတော့ သူ့ဓါးခန္ဓာကိုယ်က

ကွဲထွက်သွားပြီး ရုလဝိညာဉ်သာ

ကျန်တော့သည်။

သေမင်းတမန်စားသမားက

ထွက်မပြေးဘဲ

ဝိညာဉ်ခန္ဓာကိုယ်ဖြင့် စားထဲကို

ဝိညာဉ်စွမ်းအင်များ

အဆက်မပြတ်

ပို့လွှတ်လိုက်သည်။ ထိုပြင်

သူ၏မူလဝိညာဉ်ခန္ဓာကိုယ်သည်
အနည်းငယ် ပူလောင်လာသည်။

ဝိညာဉ်လောင်ကျွမ်းခြင်း။

သချောသည်မှာ

သဖင်းတမန်စားသမားက

ဇင်း၏အပြင်းအထန်ဆုံးတိုက်ခို

က်မှုကို ထုတ်လွှတ်ရန်

စီစဉ်နေပုံရသည်။

ရုတ်တရက် “ရပ်လိုက်”

ဟူသောအသံထွက်ပေါ်လာသည်။

ထိုအသံဆုံးသည်နှင့် အဖြူရောင်

အလင်းတန်းတစ်စင်းဟာ

သေမင်းတမန်စားသမား၏

မူလဝိညာဉ်ခန္ဓာကိုယ်ထဲကို

ရောက်လာသည်။

သူ့ဝိညာဉ်ခန္ဓာကိုယ်ပတ်ပတ်လည်၌ရှိ

မီးတောက်များ

ချက်ချင်းပျောက်ကွယ်သွား၏။

သေဖင်းတဖန်စားသမားက

ထပ်ပြီး မတိုက်ခိုက်တော့ပေ။

သူသည် ဒူးထောက်ကာ

ကောင်းကင်သို့ ဦးညွတ်ပြီး

ထွက်ခွာသွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည်

ယခုအချိန်တွင် ရှုးသွပ်သော

အခြေအနေမှာ ရှိနေသောကြောင့်

လွှတ်ပေးရန် မစဉ်းစားထားပေ။

ညာခြေကိုတစ်ချက်ဆောင့်ကာ

ကျောက်တုံးကဲ့သို့ လေထဲကို

ခုန်တက်သွားသည်။

တစ်ချိန်တည်းမှာပဲ သွေးနီရောင်

အလင်းတန်းများဟာ

ကောင်းကင်ကို ဖြတ်၍

ပိုင်းချလိုက်သည်။

ယန်ယဲ့တိုက်ခိုက်လိုက်သည့်

အချိန်တွင် သူ့ရှေ့၌

ဟန်ရိုးရာဝတ်စုံဝတ်အမျိုးသားတ

စ်ယောက်ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့ကို စူးစူးရဲရဲစိုက်ကြည့်ပြီး

ပြုံးကာ

“စိတ်ဝင်စားဖို့ကောင်းတယ်”

သို့သော်ယန်ယဲ့က ထိုလူကို

ဂရုမစိုက်အားဘဲ သူ့စားကို

ပိုင်းချလိုက်သည်။

“ဆူး...”

အဲ့ဒီ ခိုင်ခံ့သော နေရာကို

ဖြတ်တောက်ပစ်လိုက်သည်။

အရူးစိတ်ကို

အသက်သွင်းလိုက်သည်နှင့်

သူ၏ဒါစားတာအိုစွမ်းအားက

သိသိသာသာ တိုးတက်လာသည်။

အမှန်တော့

သေမျိုးကမ္ဘာမှာဆိုရင်တောင်

တစ်စုံတစ်ယောက်ဟာရူးသွပ်သွား

ပါက

အလွန်ကြောက်စရာကောင်းပါသ

ည်။ သို့သော် အာကာသပြင်ကို

လွှယ်ကူစွာ ပိုင်းဖြတ်သွားသော

စားပိုင်းချက်ကို

လက်ချောင်းတစ်ချောင်းက

တားဆီးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား၏

လက်ချောင်းများပင်။

ယန်ယဲ့ဓါတ်ဓားက ပြင်းထန်စွာ

တုန်ခါသွားသော်လည်း

သိပ်မကြာပေ ငြိမ်သက်သွား၏။

သို့သော်လည်း ယန်ယဲ့က

အားအကုန်ထည့်လိုက်သည့်တိုင်

လုံးဝထူးခြားပေ။

ထိုကြောင့် ယန်ယွဲ့သည် ဓားကို

လွှတ်ချပြီး လက်သီးဖြင့်

လှမ်းထိုးလိုက်သည်။

လက်သီးချက်က

သက်လတ်ပိုင်းအမျိုးသား၏

မျက်နှာတည့်တည့်

ပြေးဝင်သွားသည်။

ထိုလူက

အနည်းငယ်ပြုံးလိုက်သည်။

သူ့လက်ထဲမှ မုလနတ်စားကို

ကိုင်လိုက်ပြီး

ခြေထောက်တစ်ဖက်မြှောက်ပြီး

ယန်ယဲ့ဓါလက်သီးချက်ကို

တားလိုက်သည်။

“ဘုန်း…”

ယန်ယဲ့သည် ကီလိုမီတာ

၃၀နီးပါးအကွာအထိ

လွင့်ထွက်သွားသည်။

မြေပြင်ပေါ်သို့

ပြုတ်ကျသွားသော်လည်း

ဒဏ်ရာအနည်းငယ်မရပေ။

သို့သော် သူ့နောက်ကွယ်ရှိ

အာကာသပြင်က ရုတ်တရက်

မည်းမှောင်သွားသည်။

ထိုနေရာတစ်ခုလုံး

ပြိုကျသွားသည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ်ဖော့ယမ်းလိုက်ရာ

မူလနတ်စားက ယန်ယဲ့ရှေ့သို့

ပြေးဝင်လာသည်။

သူက “ဆက်လုပ်ပါ”

ယန်ယွဲ့သည် နတ်ဓားကို

ထပ်မံမြှောက်လိုက်သော်လည်း

သက်လတ်ပိုင်းအမျိုးသားကို

ထပ်မံမတိုက်ခိုက်တော့ပေ။

ဟွမ်ယင်ကို အပြင်းအထန်

တိုက်ခိုက်နေဆဲဖြစ်သော

မရဏာသက်တော်စောင့်ထံသို့

ခုန်ဝင်လိုက်သည်။

ယန်ယဲ့သည် ရှူးနေရင်တောင်

သူပြိုင်ဘက်နှင့် ယှဉ်နိုင်သည်

မယှဉ်နိုင်သည်ကို

ကောင်းကောင်းခံစားမိလေသည်

။ သူမယှဉ်နိုင်ပါက

သေချာပေါက်ထွက်ပြေးပါလိမ့်မ

ည်။

ရှက်စရာကောင်းသည်လား...။

သူ့အတွက်တော့

အရှက်ရစရာမဟုတ်ပေ။

အရှက်ရစရာဆိုရင်တောင်

အသက်ဆုံးရှုံးရတာထက်ပိုကော

င်းပါသည်။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယွဲ၏

လုပ်ပုံကိုင်ပုံကိုမြင်သဖြင့်

အိအားသင့်သွားပြီးခေါင်းယမ်း

ကာ "မဖြစ်ပါဘူး"

စကားပြောပြီးတာနဲ့

ယန်ယဲ့ရှေ့တွင်ပေါ်လာပြီး

လက်ညှိုးတစ်ချောင်းဆန့်ကာပုတ်

လိုက်သည်။ အလွန်ရိုးရှင်းသော

လက်ချောင်းတစ်ချောင်းသာ။

ဤအချိန်တွင် ယန်ယဲ့ဓါးစာကြက

ရှေ့သို့ ပိုင်းချလိုက်သည်။

သို့သော်လည်း သူက

မူလနတ်စားအစား

တရားစီရင်ရေးစားကို

ပြောင်းကိုင်ထားသည်။

စားနယ်မြေနှင့်

ပေါင်းစပ်ထားသော စားလှိုင်း

ငါးဆင့်။

ပဉ္စမမြောက်စားလှိုင်း

ကျဆင်းလာသည်နှင့်

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးထဲမှ

အံ့အားသင့်မှုတစ်ခုပေါ်လာသည်။

သို့သော်လည်း သူ့လက်ချောင်းကို

နောက်ပြန်မဆွဲပေ။

“အုန်း…”

သက်လတ်ပိုင်းအမျိုးသားသည်

ခြေလှမ်းအနည်းငယ်

နောက်ပြန်ဆုတ်သွား၏။

သို့သော်လည်း ယန်ယဲ့သည်

ကီလိုမီတာ ၃၀ကျော်

အကွာအထိလွင့်ထွက်သွားသည်။

ယခင်ကလို ဒဏ်ရာလုံးဝမရပေ။

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်ချောင်းကို

တစ်ချက်ငုံ့ကြည့်လိုက်ရာ

သွေးအနည်းငယ် စီးကျနေသော

ဓားဒဏ်ရာတစ်ချက်ရှိနေသည်။

သူက အနည်းငယ်ရယ်မောရင်း

“ထာဝရနိုင်ငံတော်ရဲ့ နံပါတ်တစ်

ဓားက မျှော်လင့်ထားသလိုပဲ။

ငါ့ရဲ့

အကွာအကွယ်စွမ်းအားကိုတောင်

ထိုးဖောက်နိုင်တယ်”

ဤအချိန်တွင် ယန်ယဲ့က

သူ့ရှေ့မှာပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ

တရားစီရင်ရေးစားကို

အရူးစိတ်နဲ့ပေါင်းစပ်ပြီး

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျှက်

ပိုင်းချလိုက်သည်။

အရှုးဆေးဘာနည်းစနစ်။

ဓားချက်တိုင်းက

တူညီသောနေရာသို့

ဆင်းသက်လာသည်။

ထိုခဏလေးအတွင်း

ယန်ယဲ့သည်

တရားစီရင်ရေးစားကို အကြိမ်

၁၀၀ထက်မနည်း

ပိုင်းချလိုက်သည်။ သို့ရာတွင်

သက်လတ်ပိုင်းအမျိုးသားက

အားလုံးကို ရပ်တန့်ပစ်ခဲ့သည်။

ထိုပြင်သူက

ခြေလှမ်းတစ်လှမ်းသာ

နောက်ပြန်ဆုတ်သွားခဲ့သည်။

သို့တိုင်ယန်ယွဲ့က ဖရပ်ဘဲ

တရားစီရင်ရေးစားကို

အဆက်မပြတ်

ခုတ်ပိုင်းလိုက်သည်။ သူက

အပြင်းအထန်

တိုက်ခိုက်နေပုံရသော်လည်း

သက်လတ်ပိုင်းအမျိုးသားက

မတိုက်ခိုက်ပေ။ ခုခံနေရုံပင်။

ထိုကဲ့သို့ပင် ၂နာရီ ဝန်းကျင်ခန့်

ကုန်ဆုံးပြီးနောက်တွင်

ယန်ယဲ့သည်

တဖြည်းဖြည်းမောပန်းလာတော့

သည်။ သို့သော် သူ

တိုက်ခိုက်နေဆဲပါ။

ဤအတောအတွင်း သူသည်

အသက်ရှု တစ်ရှိုက်စာတိုင်

တရားစီးရင်ရေးစားကို

အကြိမ်တစ်ရာခန့်

ခုတ်ပိုင်းနေသည်။ ထို့ကြောင့် ၂

နာရီအတွင်း သူ့ဓါးကို

အကြိမ်မည်မျှ

ပိုင်းချလိုက်မှန်းတောင်

မသိနိုင်ပေ။

အချိန်ခဏကြာပြီးနောက်

ယန်ယဲ့သည်

လေကိုပြင်းပြင်းရှူရှိုက်ရင်း

ရပ်တန့်ကာ မြေကြီးပေါ်

လဲကျသွားခဲ့သည်။ ဤအချိန်တွင်

သူ၏ပတ်ဝန်းကျင်ရှိ

အရူးစိတ်ဆန္ဒက

ပျောက်ကွယ်သွားပြီး

ပုံမှန်ပြန်ဖြစ်သွားသည်။

ယန်ယဲ့သည် သူ့မျက်လုံးကို

မှိတ်ထားလိုက်သည်။

လက်ရှိတွင် သူက

ပင်းပန်းနေပြီးဖြစ်သည်။

ဤအချိန်တွင် အားလန်နှင့်

ဟွမ်ယင်တို့လည

ရပ်တန့်သွားသည်။

တိုက်ပွဲရပ်ချင်လို့

ရပ်လိုက်တာမဟုတ်ပေ။

ပြိုင်ဘက်များက

တိုက်ခိုက်နေရာကနေ ရုတ်တရက်

ရပ်သွားလိုပင်။

မရဏာသက်တော်စောင့်များက
သက်လတ်ပိုင်းအမျိုးသားဓါနော
က်တွင် ငြိမ်သက်စွာ
ရပ်နေကြသည်။

ဟွမ်ယင်က

သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်ကာ

ခဏတုံ့ဆိုင်းနေပြီးနောက်

“မင်းက

ကောင်းကင်သခင်လား…”

ဟုမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ဟွမ်ယင်ကိုတစ်ချက်ကြည့်လိုက်

ပြီး ပြုံးကာ “မင်းတို့

မင်းညီမင်းသားတွေအကြားမှာ

မင်းဟာအကောင်းဆုံးမဟုတ်ပေ

မဲ့ မဆိုးပါဘူး”

သက်လတ်ပိုင်းအမျိုးသား

ဝန်ခံသည်ကို ကြားသောအခါ

ဟွမ်ယင်ဓါ်မျက်နှာပေါ်တွင်

လေးနက်သောအမူအရာပေါ်လာ

သည်။

“ကောင်းကင်သခင်”

ထိုလူသည်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရောဇ်နဲ့ တစ်ခေတ်တည်း

မွေးဖွားလာသူဖြစ်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်၏

မရဏသက်တော်စောင့်အားလုံး

ကို ကောင်းကင်သခင်က

လေ့ကျင့်သင်ကြားပေးနေတာဖြစ်

သည်။ သူက

မရဏသက်တော်စောင့်များ၏

ခေါင်းဆောင်ဟုတောင်

ပြောလို့ရသည်။

ထိုပြင် သူ့ဓါ်ကိုယ်ပိုင်

လက္ခဏာသည်

အလွန်ထူးခြားလှသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာင်ဇေါ်အမိန့်ကိုသာ

နာခံသည်ဟု ဆိုနိုင်သည်။

အိမ်ရှေ့မင်းသားပင်လျှင်

ကောင်းကင်သခင်ကို

အမိန့်ပေးနိုင်ခွင့်မရှိပါ။ မှန်သည်။

သူတို့က ကောင်းကင်သခင်ကို

အမိန့်ပေးပိုင်ခွင့်မရှိသော်လည်း

မရဏသက်တော်စောင့်များကို

တော့

အမိန့်ပေးပိုင်ခွင့်ရှိနေပါသည်။

ဟွမ်ယင်က ခါးသက်သက်

အကူအညီမဲ့စွာ

ရယ်မောလိုက်ရင်း “မင်းငါတို့ကို

တိုက်ခိုက်ရင် ငါရှုံးတယ်လို့ပဲ

ဝန်ခံလိုက်တော့မယ်”

သူပြောသလိုပင်

ကောင်းကင်သခင်နှင့်

မရဏသက်တော်စောင့် တပ်ဖွဲ့က

တစ်ဖက်ကို ရွေးလိုက်လျှင်

ရှုံးနိမ့်တာကို ဝန်ခံဖို့ကလွဲလို့

ရွေးချယ်စရာမရှိတော့ပါ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ် သို့မဟုတ်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စု၏ အခြား

အာဏာပိုင်တစ်ယောက်ယောက်

သာ သူ့ဘက်ကို ပါမလာပါက

အနိုင်ရရန်အခွင့်အရေးရှိမည်

မဟုတ်ပေ။

ကောင်းကင်သခင်က ခေါင်းခါပြီး

“မင်းတို့အကြားက ပြိုင်ပွဲတွေမှာ

ငါဝင်ပြီးမစွက်ဖက်ရဲဘူး။

ငါ့ညီတွေနဲ့ ငါက

မင်းရဲ့ခွန်အားကို စမ်းသပ်ဖို့

ဒီကိုလာခဲ့တာ ရိုးရိုးရှင်းရှင်း

ပြောရလျှင် ဒါက

စမ်းသပ်မှုတစ်ခုပဲ။ ငါ့

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်က သန်မာသူတွေကို

လေးစားပေမဲ့လို့ မင်းဟာ

အခြားမိတ်ဆွေတွေနဲ့

ခွင့်ပြုချက်မယူဘဲ

အိမ်ပြန်ရောက်လာတယ်။

ပုံမှန်အခြေအနေအရ

သေသင့်တယ်။ ဒါပေမဲ့

မင်းသူတို့ကို

ဒီကိုခေါ်လာကတည်းက

ဝင်ခွင့်ရနိုင်ပေမဲ့ လိုအပ်တဲ့

စစ်ဆေးမှုတွေကို

ရှောင်လွဲလို့မရဘူး”

သူက အားလန်နှင့် ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကမ္ဘာကနေ ကြိုဆိုလိုက်ပါတယ်”

အားလန်က

အနည်းကယ်ခေါင်းညိတ်သည်။

ယန်ယဲ့ကတော့

လဲလျောင်းနေတုန်းပါ။

ကောင်းကင်သခင်က ယန်ယဲ့ကို

ငုံ့ကြည့်ပြီး ပြိုးကာ “ငါ့ရဲ့

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်ရဲ့

မရဏာသက်တော်စောင့်ကို

မင်းဟာ တရားမျှတစွာ

တိုက်ခိုက်ခဲ့တယ်။

ပြင်ပအင်အားကိုမသုံးဘူး။

မင်းအနိုင်ရတယ်လို့

သတ်မှတ်နိုင်တယ်။ ဒါပေမဲ့

ငါဝင်စွက်ဖက်ခဲ့တယ်။

အဲ့ဒါမင်းအတွက်မတရားဘူး။

ဒါကြောင့် ငါတစ်ချက်စဉ်းစားပြီး

မင်းကို လျော်ကြေးပေးဖို့

ဆုံးဖြတ်လိုက်တယ်။  ဒါကြောင့်

မင်းရဲ့ လှေကျင့်ဖော်အဖြစ်

ငါအကြာကြီး

တိုက်ခိုက်ပေးခဲ့တာ။ အဲ့ဒီကနေ

မင်းတော်တော်လေး

အမြတ်ထွက်သွားတယ်လို့

ငါထင်တယ်။ နှုတ်ဆက်ပါတယ်”

ထိုစကားပြောပြီးနောက်

ဟွမ်ယင်ကို စူးစိုက်ကြည့်ကာ

“အိမ်ရှေ့မင်းသား ဖြစ်ဖို့က

ဒီလောက်မလွယ်ဘူး။

မင်းတို့သုံးယောက်က

နောက်တစ်ဆင့်ကို

ကျော်ဖြတ်ဖို့အတွက်

တော်တော်ခက်လိမ့်မယ်”

ဟွမ်ယင်က အကူအညီမဲ့စွာ

ရယ်မောရင်း “ဒီအချိန်မှာတော့

ငါဘာလုပ်လို့ ရတော့မလဲ...။

အရှုံးပေးရမှာလား...”

ကောင်းကင်သခင်ကပြုံးပြီး

“အိမ်ရှေ့စံမင်းသားက

အာဏာပိုင်ပုံစံမဟုတ်ဘူး ဒါဟာ

တာဝန်ပဲ။ အိမ်ရှေ့မင်းသားက

ငါ့ဟာင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ရဲ့

အနာဂတ်တာဝန်တွေကို

ထမ်းဆောင်နေရတာဖြစ်လို့

သာမန်လူတွေဟာ

အိမ်ရှေ့မင်းသားမဖြစ်နိုင်ဘူး။

ငါဆိုလိုတာကို

မင်းနားလည်လား...”

ဟွမ်ယင်က ခေါင်းခါလိုက်ပြီး

“ဘာဖြစ်ဖြစ်

နောက်ဆုတ်လို့မှမရတာ”

ကောင်းကင်သခင်က

ရယ်မောပြီး “ကောင်းပြီ။

ငါတို့ရဲ့ စမ်းသပ်မှုက

လုံလောက်ပြီ။

မင်းကံကောင်းပါစေ”

စကားပြောနေရင်း အခြားသော

မရဏသက်တော်စောင့်များနှင့်အ

တူ နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ဟွမ်ယင်က

ယန်ယဲ့ကိုစိုက်ကြည့်ပြီး

အနည်းငယ် ခေါင်းညိတ်ကာ

“ငါတို့တွေ ခဏလောက်

အနားယူရအောင်”

ယန်ယဲ့သည်

သူ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်ပြီး

မူလစေတီထဲသို့ ဝင်လိုက်သည်။

သူသည် ကျင့်ကြံနေကြ

အခန်းထဲသို့ သွားလိုက်သည်။

တိုက်ပွဲရှိ အကျိုးအမြတ်များကို

ပြန်ပြီးလေ့လာဆင်ခြင်ရန်ဖြစ်သ

ည်။

ဤ[illegible]တိုက်ပွဲတွင် သူလည်း

ကောင်းကောင်းနားလည်လိုက်သ

ည်။

သွေးမျိုးဆက်။

သူသည် သွေးမျိုးဆက်ကို

ကိုယ်စားပြုသည့်အရာကို

မသိမသာနားလည်လာခဲ့သည်။

ဗူလစေတီအပြင်ဘက်တွင်

အန်နန်ကျင်းက ယန်ယဲ့၏

မူလခန္ဓာကိုယ်

ဘေးနားတွင်ပေါ်လာသည်။

သူမ၏ လက်ထဲတွင်

လုံတစ်ချောင်းကို ကိုင်ထားပြီး

မျက်နှာပေါ်တွင်

ဘာမှမထူးခြားသော

အမှုအရာတစ်ခုဖြင့်

ရပ်နေခဲ့သည်။ ယန်ယဲ့သည်

မူလစေတီထဲသို့

ရောက်သွားသည်နှင့်

အပြင်ဘက်တွင်

အသိစိတ်ကင်းမဲ့နေသော

မူလခန္ဓာကိုယ်သာ

ကျန်နေခဲ့သည်။ အကယ်၍ သူ့ကို

တစ်စုံတစ်ယောက်

တိုက်ခိုက်လာပါက

သတိလွတ်သွားနိုင်၏။ ထို့ကြောင့်

အန်နန်ကျင်းက

ယန်ယဲ့ကာကွယ်ပေးရန်

အပြင်ထွက်လာတာပါ။

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနေယံစပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၁၆ -

ပွဲမယင်နှင့် အားလန်တို့လည်း

အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်သော်လည်း

ဘာမှပြန်မပြောပေ။ သူတို့က

အန်နန်ကျင်းကို

သဘာဝကျကျသိထားကြသည်။

ထိုအမျိုးသမီးက

သိုင်းနတ်ဘုရားခန္ဓာကိုယ်ကို

ပိုင်ဆိုင်ထားသည် မဟုတ်ပါလား။

အထူးသဖြင့် အားလန်ပင်။

သူမက

အန်နန်ကျင်း၏ခွန်အားကို

လက်တွေ့ကျကျ

မြင်ဖူးထားသောကြောင့်ပါ။

အန်နန်ကျင်းက

သူတို့သုံးယောက်ထက်ပင်

အားမနည်းဟု ဆိုနိုင်သည်။

အန်နန်ကျင်းက

စကားသိပ်မပြောသည့်အတွက်

ပတ်ဝန်းကျင်က

တိတ်ဆိတ်သွားသည်။

မူလစေတီထဲတွင်။

ယန်ယဲ့သည် အခန်းထဲတွင်

တင်ပျဉ်ခွေထိုင်နေပြီး သူက

တစ်ခုခုကို တွေးနေပုံရသည်။

သူ၏သွေးမျိုးဆက်အကြောင်းပ

င်။

သူရူးနေစဉ်မှာ

အရူးဆေဘာနည်းစနစ်ကို

အသုံးပြုသည့်အခါ

အာရုံမခံမိသော်လည်း ယခု

စဉ်းစားမိလိုက်သောအခါ

သူ၏ဩသွေးများက

တစ်မျိုးတစ်ဖုံပြောင်းလဲသွားသ

ည်ကို သတိပြုမိခဲ့သည်။ ထိုပြင်

သူတိုက်ခိုက်နေစဉ်အတွင်း

အရူးစိတ်က အထွတ်အထိပ်သို့

ရောက်ရှိနေခဲ့သည်။

သူ၏သွေးများက

အနည်းငယ်ဆူပွက်လာ၏။

သို့သော် ခဏမျှသာ

ပြန်ပြီးငြိမ်သက်သွားသည်။

ယန်တလန်။

ယန်ကလန်သည်

အရှုးနတ်ဆိုးသွေးမျိုးဆက်ကို

ပိုင်ဆိုင်ထားသော်လည်း

ရင်းသည် အဖွဲ့ဝင်တိုင်းကို

ရှုးသွပ်ပြီး

အသိစိတ်ဆုံးရှုံးသွားစေသည်။

ထို့ကြောင့် ယန်ကာလန်

အဖွဲ့သားများအတွက်

သွေးမျိုးဆက်က

အသုံးမဝင်သလောက်ပင်။

ယန်ကလန်တွင် တစ်ယောက်မှ

မရှိတာနဲ့အတူ ယန်ယဲ့ဟာ

အရှုးနတ်ဆိုးသွေးမျိုးဆက်ကို

အသက်သွင်းပြီး မည်သို့မည်ပုံ

အသုံးချရမည်မှန်း မသိခဲ့ပေ။

သူ၏အဖေ ယန်ဝုဒီက

သိနေသော်လည်း သူ့အား

သင်ကြားမပေးခဲ့ပေ။ ထိုပြင်

သူ့အဖေက

အရှုးနတ်ဆိုးသွေးမျိုးဆက်ကိုပင်

မွှမ်းမံခဲ့သည်။

ပြုပြင်မွှမ်းမံထားသည်ဟုဆိုသော်

လည်း အမှန်တကယ်တွင်

ရင်းသည် သွေးထဲရှိ

အရူးစိတ်များကို

ဖိနှိပ်ထားခြင်းမျှသာဖြစ်သည်။

ထို့ကြောင့် ယန်ယဲ့ဓါခွန်အား

တိုးလာသည်နှင့်အမျှအရူးစိတ်ကို

နားလည်ပြီးနောက်

သူ့အဖေထားခဲ့သော

မွမ်းမံထားသည့် သွေးမျိုးဆက်

အဆင့်ကိုကျော်တက်ပြီး

ယန်ကလန်၏ သန့်စင်သော

အရှုးနတ်ဆိုးသွေးမျိုးဆက်ကို

ပြန်လည် အသက်သွင်းခဲ့သည်ဟု

ဆိုနိုင်ပါသည်။

ယခုသူ၏သွေးမျိုးဆက်ကို

မည်သို့

အပြည့်အဝအသက်သွင်းရမည်ကို

ရှာဖွေရတော့သည်။

သူသည် လက်ရှိတွင်

အမှန်တကယ်

ဆုပ်ကိုင်ထားခြင်းမရှိသေးပါ။

အရူးစိတ်ကို

အသက်သွင်းလိုက်မှသာ

သွေးမျိုးဆက်၏

စွမ်းအားအနည်းငယ်ကို

ရရှိခဲ့သည်။ ထိုအချိန်၌ပင်

သူ၏ခွန်အားက ကြီးမားစွာ

မြင့်တက်ခဲ့သည်။

ထိုသိုဆိုလျှင်

သူ၏သွေးမျိုးဆက်ကို

အပြည့်အဝ

အသက်သွင်းလိုက်လျှင် မည်သို့

ဆက်ဖြစ်မည်နည်း။

ဤအချိန်တွင် “နင့်ရဲ့

သွေးမျိုးဆက်ကို

အသက်သွင်းချင်သလား…”

ဟူသောအသံထွက်ပေါ်လာသည်။

ယန်ယဲ့က မော့ကြည့်လိုက်ရာ

စားစာလိပ်ကို တွေ့လိုက်ရသည်။

သူက

ခေါင်းညိတ်ကာတုံ့ပြန်လိုက်သည်

။

စားစာလိပ်က “နင့်ရဲ့

နောက်ဆုံးတိုက်ပွဲကို

ငါမြင်လိုက်တယ်။

သေချာအာရုံစိုက်ပြီးကြည့်လိုက်

တော့ နင့်ရဲ့ အရူးစိတ်က

အထွတ်အထိပ်ကို ရောက်တဲ့အခါ

အရေပြားအောက်က

သွေးကြောတွေ တုန်ခါလာတာကို

ငါသတိထားမိလိုက်တယ်။

ဒါမှမဟုတ် နင့်ရဲ့သွေးတွေ

ပွက်ပွက်ဆူနေတယ်လို့

ငါပြောသင့်တယ်။ ဒါပေမဲ့

မကြာခင်မှာဘဲ ပြန်ပြီး

ငြိမ်သွားတယ်”

ယန်ယဲ့က “မင်းငါ့ကို ဘာပြောဖို့

ကြိုးစားနေတာလဲ...”

ဓားစာလိပ်က တိုးတိုးလေး

ပြန်ဖြေသည်။ “နင့်ရဲ့

သွေးမျိုးဆက်ကို

လှို့ဆော်ချင်တယ်ဆိုရင်

ခုနကလိုပဲလုပ်ရလိမ့်မယ်။

တိုက်ပွဲကပဲ နင့်အတွက်

တစ်ခုတည်းသော

ရွေးချယ်စရာဖြစ်နိုင်တယ်။

အရူးတစ်ယောက်လို

တိုက်ခိုက်လိုက်။

အတိုင်းအတာတစ်ခုအထိ

တိုက်ခိုက်တဲ့အခါ ဒါမှမဟုတ်

အတိုင်းအတာတစ်ခုအထိ

ရှုံးသွပ်သွားတဲ့အခါ

အသက်ဝင်လာဖို့

အခွင့်အလမ်းရှိတယ်လို့

ငါပြောချင်ပါတယ်။

သွေးမျိုးဆက်တိုင်းမှာ မတူညီတဲ့

အသက်သွင်းနည်း

တစ်ခုစီရှိကြတယ်။ နင့်ရဲ့

အရူးနတ်ဆိုးသွေးမျိုးဆက်က

တိုက်ပွဲလိုအပ်နိုင်တယ်။

ဒါမှမဟုတ် ပိုပြီး

တိကျအောင်ပြောရလျှင်

ရှုံးဖို့လိုတယ်။ ပိုပြီးရှုံးလေလေ

နင့်ရဲ့စိတ်က

မရှင်းမလင်းဖြစ်လေပဲ ဒါဆို

အဲ့ဒါကို အသက်သွင်းဖို့

အလားအလာ ပိုများတယ်”

ယန်ယဲ့ကငြိမ်သွားသည်။

“ပိုပြီးရှုးသွပ်ရမှာလား...”

သူ၏အသိစိတ်ကပိုရှုးသွပ်သွား

ပြီး မရှင်းမလင်းဖြစ်နေလေလေ

သွေးမျိုးဆက်ကို

အသက်သွင်းရန်

အခွင့်အလမ်းပိုများလေလေ။

သူတစ်ခုခုကို

ညာက်အလင်းရသွားပိုပင်။

တိုက်ပွဲ။

ယခင်က တိုက်ပွဲလိုပင်

သူ့ဓါတ်စိတ်နှလုံးသား

ကျေနပ်သည်အထိ

တိုက်ခိုက်ခဲ့သည့် တိုက်ပွဲပင်။

ထိုတိုက်ပွဲမျိုးကသာ

သူ့ဓါတ်သွေးမျိုးဆက်ကု

အသက်သွင်းရန် အကြီးမားဆုံး

ဖြစ်နိုင်ချေရှိပါသည်။

ဤအတောအတွင်း ဓားစာလိပ်က

“နင် နင့်ရဲ့ သွေးမျိုးဆက်ကို

ပြောင်းပြန်လှန်တဲ့

အရိပ်လက္ခဏာတွေပြနေပြီ။

အဲ့ဒါကို မပြီးခင်

အရှူးနတ်ဆိုးသွေးမျိုးဆက်ကို

ဆုပ်ကိုင်နိုင်မယ်ဆိုရင်တော့

နင့်အတွက်

အရမ်းအကျိုးရှိမှာပါ။ ဒါပြင်

နင့်ရဲ့သွေးကို

ပြောင်းပြန်လှန်တာက

နေ့ချင်းညချင်း

ပြီးမြောက်နိုင်တဲ့အရာမဟုတ်ဘူး။

ဒီကာလအတွင်းမှာ နင့်ရဲ့

အရူးနတ်ဆိုးသွေးမျိုးဆက်ကို

ဆုပ်ကိုင်နိုင်လျှင် နင်အတွက်

ခွန်အားတွေတိုးလာလိမ့်မယ်”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

စားစာလိပ်ပြောတာက အမှန်ပင်။

အကယ်၍ သူသည်

သွေးပြောင်းပြန်လှန်မှုဖြစ်စဉ်ကို

မပြီးဆုံးခင်

အရှုးနတ်ဆိုးသွေးမျိုးဆက်အား

ဆုပ်ကိုင် အသက်သွင်းနိုင်ခဲ့သော်

သူ့အတွက်

သေချာပေါက်အကျိုးရှိပါလိမ့်မ

ည်။

ကံမကောင်းစွာဘဲ

သူဆုပ်ကိုင်ထားနိုင်သည့်

လုပ်ငန်းစဉ်ကို

အလျှင်စလိုမလုပ်နိုင်ပါ။

ခဏအကြာတွင် ယန်ယဲ့က

ခေါင်းယမ်းကာ မူလစေတီထဲမှ

ထွက်ခွာသွားသည်။

စေတီအပြင်ဘက်တွင်

အန်နန်ကျောင်းက

ယန်ယဲ့ပြန်ထွက်လာသည်ကို

မြင်မှသာ အထဲပြန်ဝင်သွားသည်။

ဟွမ်ယင်ကပြုံးပြီး "အစ်ကိုယန်၊

အခုဖင်းဘယ်လိုခံစားရလဲ..."

ယန်ယွဲ့က

"ငါအဆင်ပြေပါတယ်"

ဟွမ်ယင်က ခေါင်းညိတ်လိုက်ပြီး

အဝေးကို

တစ်ချက်လှမ်းကြည့်လိုက်သည်။

သူက “ ငါတို့ရှေ့မှာ

နောက်ဆုံးအတားအဆီးတစ်ခုရှိ

နေသေးတယ်။ ဒါဟာ ငါတို့ရဲ့

နောက်ဆုံး စစ်ဆေးမှုပဲ။

နောက်မျိုးဆက်

အိမ်ရှေ့မင်းသားဖြစ်ချင်တဲ့လူ

ဘယ်သူမဆို ငါတို့ကို

ဖြတ်သန်းခွင့်မပြုဘဲနဲ့

သချောပေါက်ခက်ခဲတဲ့တစ်ခု

ဖြစ်လာလိမ့်မယ်”

အားလန်က ရုတ်တရက် ပြုံးပြီး

“ကြောက်နေတာလား...”

ဟွမ်ယင်က ခေါင်းခါလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ

ဟင်းလင်းပြင်ကမ္ဘာကနေထွက်

လာရတာ ဝမ်းသာပါတယ်လို့

ငါမင်းတို့ကို ပြောချင်တာ။

ဘာလို့လဲဆိုတော့ ဒီခရီးစဉ်က

မင်းတို့နှစ်ယောက်စလုံးကို

သိခွင့်ရခဲ့လို့ပဲ။ အရင်ကတော့

ငါ့ဟာင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်မှာပဲ

ညာဏ်ကြီးရှင်တွေရှိတယ်လို့ယုံကြ

ည်ခဲ့တာပါ။ ငါတို့အမြင်ကတော့

အပြင်လောကက

အဆင့်နိမ့်ကမ္ဘာတစ်ခုပဲဖြစ်လို့

ညာဏ်ကြီးရှင်တွေက

အမှိုက်တွေပဲ။ ငါတို့က

ထာဝရနိုင်ငံတော်ကိုတောင်

အထင်အမြင်သေးကြတယ်”

ဒီအချိန်မှာသူက

ခါးသက်သက်ရယ်မောရင်း

“ဒါပေမဲ့

မင်းတို့နှစ်ယောက်စလုံးကို

တွေ့ပြီးတာနဲ့ ငါမှာဒီလို မိုက်မဲ့ပြီး

ရယ်စရာကောင်းတဲ့ အတွေးတွေ

ရှိနေတယ်ဆိုတာ သိလိုက်ရတယ်။

လူတစ်ယောက်ဟာ ဘယ်တော့မှ

ယုံကြည်မှု လွန်ကဲနေလို့မရဘူး”

ယန်ယဲ့နှင့် အားလန်တို့လည်း

တိတ်ဆိတ်နေခဲ့သည်။

အချိန်အနည်းငယ် ကြာပြီးနောက်

သုံးယောက်သား

အကြည့်ချင်းဖလှယ်ကာ

အနည်းငယ်ပိုးပြီး ရှေ့ကို
ဆက်သွားလိုက်ကြသည်။

သူတို့သည်
နောက်ဆုံးတောင်တန်းကို
ဖြတ်ကျော်လာပြီးနောက်

ရှေ့တွင်အဆုံးအစမဲ့သော

လွင်ပြင်ကျယ်ပြီးတစ်ခုရှိနေသည်

။ လွင်ပြင်၏အဆုံးတွင်

ခမ်းနားထည်ဝါလှသော လေပေါ်

အဆောက်အအုံအချို့ကိုမှုန်ဝါးဝါး

မြင်နေရသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်၏ နေထိုင်ရာ

နယ်မြေသည်

လွင်ပြင်ဧ၏အဆုံးသတ်တွင်ဖြစ်သ

ည်။ အတိတ်တစ်ချိန်က

ထာဝရနိုင်ငံတော်ကို

သိမ်းပိုက်လုနီးပါးဖြစ်ခဲ့သော

အင်အားကြီး ဟင်းလင်းပြင်

ပျက်သုဉ်းခြင်းမျိုးနွယ်။

ဟွမ်ယင်က အဝေးကို

လက်ညှိုးထိုးပြပြီး“ ဒါဟာ

ဟောင်းလင်းပြင်ပျက်သည်းခြင်း

မြို့တော်ပဲ”

ယန်ယဲ့

တိုးတိုးလေးပြောလိုက်သည်။

“နောက်မှ

လှည့်ပတ်ကြည့်ကြတာပေါ့”

အားလန်က

ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ”

“အဲ့ဒါကို

လှည့်ပတ်ကြည့်မှာလား…”

ဟွမ်ယင်က ရယ်မောလိုက်သည်။

သူ့ရယ်သံက ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွားသည်။

ခဏလောက်ရယ်မောပြီးနောက်

သူ့ရှေ့ကို ကြည့်ကာ

“ငါ့ဟင်းလင်းပြင်

ပျက်သုဉ်းခြင်းမျိုးနွယ်စုက

ညီအစ်ကိုတွေ မင်းတို့ရဲ့

အဆိုးဆုံးအခြေအနေကို

လွှတ်လွှတ်လပ်လပ်

ဖော်ထုတ်လိုက်ပါ”

စကားပြောပြီးနောက် မြို့ထဲကို

လျှောက်သွားလိုက်ကြသည်။

ဒီအချိန်မှာ သူတို့ရှေ့တွင်

အဘိုးကြီးတစ်ယောက်ပေါ်လာသ

ည်။ အဘိုးကြီးကို မြင်သောအခါ

ဗွမ်ယင်လည်း

ချက်ချင်းမျက်မှာပျက်သွားတော့

သည်။

ယန်ယဲ့နှင့် အားလန်တို့ပင်

မျက်နှာပေါ်တွင်

လေးနက်သောအမူအရာများ

ထုတ်ဖော်နေသည်။ အဘိုးကြီးက

အဆင့်၄ မဟုတ်ဘဲ အဆင့်၅

ပညာရှင်ဖြစ်နေ၏။

စစ်မှန်သော အဆင့်၅ ပညာရှင်။

ဟွမ်ယင်က

လေးနက်စွာပြောလိုက်သည်

"မော်တယ်ချီးမြှောက်ခြင်း၊

မင်းကိုယ်တိုင် ငါတို့ကို

တိုက်ခိုက်မှာလား..."

အဘိုးကြီးက “မရဘူးလား…”

ဟု ဂရုမစိုက်ဘဲ ပြန်ပြောသည်။

ဟွမ်ယင်ကပိုးပြီး “

သေချာပါတယ်။ ဒါပေမဲ့ အဆင့်၅

ပညာရှင်ကို ငါတို့မျိုးနွယ်စုရဲ့

အတွင်းရေးကိစ္စတွေ

ဝင်စွက်ဖက်တာ

တားမြစ်ထားတယ်လို့ ဘိုးဘေးက

ပြောခဲ့ဖူးတယ်”

ဤအချိန်တွင်

အဘိုးကြီး၏အော်ရာက

ရုတ်ချည်း အားနည်းလာသည်။

သိပ်မကြာလိုက်ပေ။ အဆင့်၄

အထွက်အထိပ်သို့

ရောက်ရှိသွားသည်။

“ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်လိုက်တယ်”

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနွယ်၏ ဖော်တယ်ချီးမြှောက်ခြင်းသည် သူ့ကျင့်ကြံမှုကို အဆင့်၅ မှ

အဆင့်၄ အထိ

ဖိနှိပ်ထားလိုက်သည်။

အဘိုးကြီးက

ဟွမ်ယင်ကိုစိုက်ကြည့်ရင်း

“အခုရော ဘယ်လိုလဲ...”

ဟွမ်ယင်က အဘိုးကြီးကို

အချိန်တော်တော်ကြာ

စိုက်ကြည့်ကာ "အရှက်မရှိတာ"

အဘိုးကြီး၏နှုတ်ခမ်းထောင့်မှ

လှောင်ပြောင်ရယ်မောသံနှင့်အတူ

“ငါပြောချင်တာကတော့

ပါးစပ်ကနေ

ငြင်းငုံပြောနေတဲ့သူတွေကသာ

အမိုက်ပဲ။

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ရဲ့

အိမ်ရှေ့မင်းသားရာထူးကို

အမှိုက်တစ်စကို

ဘယ်လိုလွှဲပေးနိုင်မှာလဲ...”

“ဒါပေမဲ့ သူက မဟုတ်ဘူး”

ယန်ယဲ့က ရုတ်တရက်

ဝင်ပြောလိုက်သည်။ “မင်းက

အရှက်မရှိဘူး။တကယ်ကို

စောက်ရှက်မရှိတာ”

ဟုပြောလိုက်သည်။

အဘိုးကြီးက ယန်ယဲ့ကိုကြည့်ကာ

သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

“အခုန်း…”

ပြင်းထန်သော

စွမ်းအင်လှိုင်းတစ်ခု ယန်ယွဲဆီသို့

တိုးဝင်သွားသည်။

သူ၏ပေါ့ပေါ့တန်တန်

တိုက်ခိုက်မှုသည် ယခင်က

ဖရဏသက်တော်စောင့်၏

အင်အားအပြည့်တိုက်ခိုက်မှုထက်

ပင် အားမနည်းပေ။ လုံးဝကို

ရှေးဟောင်းမျိုးဆက်ဟု

ဆိုသင့်သည်။

ယန်ယဲ့က

ကြောက်လန့်ဟန်မပြပေ။ ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

တရားစီရင်ရေးစားကို

လက်နှစ်ဖက်ဖြင့်

လှည့်လိုက်သည်။

“ဆူး...”

အာကာသပြင်ကို

ပိုင်းဖြတ်သွားပြီး

အက်ကြောင်းများပင်

ပေါ်လာသည်။ ရင်းက

အဘိုးကြီးတိုက်ခိုက်မှု

ပြင်းပြင်းထန်ထန်

ချေမှုန်းပစ်လိုက်သည်။

သို့သော်လည်း ယန်ယဲ့သည်

မီတာ၃၀ကျော် အကွာအထိ

ဆုတ်သွားလိုက်ရသည်။

အဆင့်၅ ပညာရှင်။

အဘိုးကြီးက လက်ရှိမှာ အဆင့်၄

ပညာရှင်ဖြစ်သော်လည်း

အဆင့်တူအဆင့်၄

ပညာရှင်အဖြစ် သတ်မှတ်ရန်

မဖြစ်နိုင်ပါ။

အဘိုးကြီးက ယန်ယဲ့ကို

အေးစက်စွာကြည့်လိုက်ပြီး

“မင်းက အရည်အချင်းရှိပေမဲ့
မလိုလောက်ဘူး”

ထိုစကားပြောရင်း ဖျတ်ခနဲ
ပျောက်ကွယ်သွားပြီးနောက်
ယန်ယွဲ့အထက်မှာ ပေါ်လာပြီး

လက်သီးဖြင့် ထိုးချလိုက်သည်။

သူ့အရှိန်က အလွန်ကို

မြန်ဆန်ပါသည်။

အဆင့်၄ ပညာရှင်

တစ်ယောက်ပိုင်ဆိုင်ထားသည့်

အမြန်နှုန်းထက်ပင်

မြန်ဆန်လှသည်။ ယခင်က

သူတိုက်ခိုက်ထဲ့ဖူးသော

မရဏသက်တော်စောင့်များထက်

ပင် အရှိန်မြန်သည်။

သူ၏လက်သီးချက်က

သာမန်ရိုးရှင်းသော

တိုက်ခိုက်မှုတစ်ခု။

ယန်ယွဲ့၏မျက်လုံးများသည်

သိသိသာသာ

ကျဉ်းမြောင်းသွားသည်။ သူက

လုံးဝ မပေါ့ဆဝံ့ဘဲ

တရားစီရင်ရေးစားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်

အပေါ်ပင့်ခုတ်လိုက်သည်။

စားနယ်မြေနှင့်

ပေါင်းစပ်ထားသော စားလှိုင်း

ငါးဆင့်။

ပဉ္စမမြောက်စားချက်

ဆင်းသက်လာသောအခါ

ကြားကွက်လပ်အလွှာများ

ပွင့်ထွက်သွားသည်။ အမှန်တော့

ယန်ယဲ့၏ သီးသန့်ခွန်အား

တစ်ခုတည်းက

ဤနေရာက၏အာကာသကို

ဆုတ်ဖြဲပစ်ရန် မလုံလောက်ပါ။

သို့ရာတွင် သူဆုပ်ကိုင်ထားသည့်

တရားစီရင်ရေးစားက မတူပါ။

ရင်းသည်

ထာဝရနိုင်ငံတော်၏နံ့ပါတ်၁

စားဖြစ်သည်။ သို့မဟုတ်

ပိုပြီးတိကျအောင်ပြောရလျှင်

သာဓန်စားအပြင် ရင်းသည်

စကြဝဠာပေါင်းများစွာ၏

နံပါတ်တစ် စားဖြစ်သည်။

ယန်ယဲ့၏တိုက်ခိုက်မှုသည်

အဘိုးကြီး၏လက်သီးကို

တည့်တည့်

ပိုင်းချလိုက်သော်လည်း သူသည်

ကီလိုမီတာ ၃၀ကျော်အကွာအထိ

လွင့်ထွက်သွားပြန်သည်။

မြေပြင်ပေါ်သို့

ဆင်းသက်လိုက်သည်နှင့်

သူ့ဓါပါးစပ်ထောင့်မှ သွေးများ

စီးကျလာသည်။ အဘိုးကြီးက

လှောင်ပြောင်ရယ်မောလိုက်သည်

။

“မင်းရဲ့စားက မဆိုးပါဘူး။

ကံမကောင်းစွာနဲ့

မင်းကိုယ်တိုင်က

အားနည်းလွန်းတယ်။ လာ

ငါ့ဆီက နောက်တစ်ချက်ကို

ခံယူလိုက်စမ်း”

သူက ရှေ့သို့ တစ်လှမ်းတိုးပြီး

ယန်ယဲ့ကို အဝေးကနေပင်

လက်သီးဖြင့်

လှမ်းထိုးလိုက်သည်။

ယန်ယဲ့သည်

လွင့်ထွက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့က

မတ်မတ်ပြန်ရပ်လာသည်။

သူ့ပါးစပ်ထောင့်ရှိ သွေးများကို

သုတ်လိုက်သည်။

သူ့မျက်နှာပေါ်တွင်

ရက်စက်ကြမ်းကြုတ်တယ်

အမူအရာ ပေါ်လာသည်။

ဂျအတောအတွင်း အဘိုးကြီးက

ရုတ်တရက် "သက်ဖြတ်ခြင်း

စိတ်ဆန္ဒလား...။

ငါ့အမြင်အရတော့ မင်းက

ဟာသပဲ”

စကားပြောပြီးသည်နှင့်

အဘိုးကြီးက

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော် ယန်ယဲ့က ရုတ်တရက်

ပြင်းပြင်းထန်ထန် ပြုံးပြလိုက်ပြီး

“တိုက်ခိုက်မှုတစ်ခု ငါမြင်းကို

တိုက်ခိုက်မှုတစ်ခုတည်းနဲ့

အသေသတ်မယ်”

ထိုစကားပြောပြီးသည်နှင့် သူ့ထံမှ

သွေးနီရောင် အလင်းတန်းများ

ရုတ်တရက် ဖြာထွက်လာသည်။

အရူးစိတ်ဆန္ဒ တစ်ချိန်တည်းတွင်

သူ့နောက်ကျောဘက်၌

အနက်ရောင်အတောင်ပံတစ်စုံပေါ်

လာသည်။

သူက

ဖရဏာနတ်ဆိုးအတောင်ပံများကို

အသက်သွင်းလိုက်တာပါ။

Translated by NyiNyiSoe.

.အဆုံးမဲ့စားကဗျာ

(ထာဝရနေယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၈၁၇ -

“တစ်ချက်တည်းနဲ့

အသေသတ်မှာလား…”

အဘိုးကြီးက အဆင့်၄

ပညာရှင်ဖြစ်သော်လည်း သူသည်

သာမန်အဆင့်၄ ပညာရှင်လား…။

မပျက်ပေ၊ အဘိုးကြီး၏

ခွန်အားကို အဆင့်၄

ပညာရှင်ဟူ၍

အကဲဖြတ်၍မရပေ။

သူ့အမြင်အရတော့ ယန်ယဲ့က

သူ့အား ဓားတစ်ချက်တည်းနဲ့

သတ်ဖြတ်ဖို့ ပြောနေသည်မှာ

ဟာသတစ်ခုပင်။ အဘိုးကြီး၏

ပါးစပ်ထောင့်တွင်

လှောင်ပြောင်မှုများ

တဖြည်းဖြည်းပေါ်လာသည်။

သို့သော် သူ၏

လှောင်ပြောင်လိုသော အပြုံးက

ရုတ်ခြည်းအေးခဲသွားသည်။ယန်

ယှဲ့ဓါ်နောက်ကွယ်မှ

အတောင်ပံတစ်စုံပေါ်လာတာ

ကြောင့်ပါ။

ယန်ယှဲ့က အတိုးကြီးအား

စဉ်းစားရန် အချိန်မပေးပေ။

အလင်းတန်းတစ်ခု ဖျတ်ခနဲ

လင်းလက်လာသည်။

“ဆူး…”

ဤ]နေရာတွင် တစ်စုံတစ်ခု

ကွဲထွက်သွားပုံရသည်။

တစ်ချိန်တည်းမှာပင်

အဘိုးကြီး၏ ခန္ဓာကိုယ်က

လေးကိုင်းသဏ္ဍာန်ကွေး

ကွေးညွတ်သွားကာ ၁၀

ကိုလိုမ်ိတာအကွာအထိ

လွင့်ထွက်သွားသည်။

အားလန်နှင့် ဗွမ်ယင်တို့လည်း

အံ့အားသင့်သွားသည်။

“သူက ဒီလောက်တောင်

သန်မာနေတာလား…”

ယခုအချိန်တွင်

ယန်ယွဲ့ထုတ်ဖော်လိုက်သော

တိုက်ခိုက်မှုကကြောက်စရာကော

င်းလှသည်။

သူ့ခွန်အားနှင့်အမြန်နှုန်းက

ယခင်တိုက်ခိုက်မှုများထက်

အဆပေါင်းများစွာ

မြန်ဆန်ပါသည်။

အကြောင်းကတော့

အဘိုးကြီးပင် မရှောင်နိုင်ဘဲ

ဒဏ်ရာအပြင်းအထန်ရသွားခဲ့သ

ည်။ သို့သော်လည်း

အသက်ရှင်နေသေး၏။

အဘိုးကြီးက

သေတော့မသေသေးပါ။

နဖူးကနေ ဝမ်းဗိုက်အထိ

ဒဏ်ရာက တော်တော်လေး

နက်သည်။

အတိုးကြီးသာ အနည်းငယ်

နေ့းကွေးနေပါက တစ်ကိုယ်လုံး

ထက်ပိုင်းခြမ်းသွားနိုင်သည်။

အကြောင်းမှာ ထိုတိုက်ခိုက်မှုက

သူ့အား ခေါင်းကနေ

ခြေဖျားအဆုံး ပိုင်းချလိုက်လို့ပါ။

နောက်ဆုံးတော့ ယန်ယဲ့ဓါးစားက

တရားစီရင်ရေးဓားဖြစ်သည်။

ထို့ကြောင့် အဆင့်၅ ပညာရှင်ကို

မပြောဘဲ အဆင့်၅

အထက်ပညာရှင်ကိုပင် ရင်းကို

ခုခံထားနိုင်မည်မဟုတ်ပေ။

အဘိုးကြီးက မျက်နှာပေါ်က

သွေးများကို သုတ်လိုက်ပြီး

ယန်ယဲ့ကိုစောကြည့်လိုက်သည်။

၎င်းအခိုက်အတန့်တွင်

သူ၏မျက်နှာက

ဖော်မပြနိုင်လောက်အောင်

ရက်စက်ကြမ်းကြုတ်နေပါသည်။

သူကဲ့သို့ ဂုဏ်သိက္ခာရှိသော

အဆင့်ရှိပညာရှင်တစ်ဦးဟာ

ပုရွက်ဆိတ်တစ်ကောင်၏

တိုက်ခိုက်မှုကြောင့်

အသတ်ခံရလုနီးပါးပင်။

"ရှက်စရာကောင်းလိုက်တာ"

အဘိုးကြီးက

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“အထွတ်အမြတ်နတ်ဘုရားရတ

နာတစ်ပါး ပြောရမယ်ဆိုရင်တော့

တကယ်ကို အံ့သြစရာပဲ။ ဒါပေမဲ့

မင်းရဲ့ ဆန်းကြယ်ချီစွမ်းအင်တွေ

ကုန်ဆုံးသွားနိုင်တယ်မဟုတ်လား.

..”

ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ထားရင်း ယန်ယွဲ့၏

ခန္ဓာကိုယ်က အဆက်မပြတ်

တုန်ခါနေသည်။ သူက

အရူးစိတ်ကို

အသက်သွင်းလိုက်ပုံရသည်။

သို့သော်လည်း

အကြောင်းတစ်ခုကြောင့်

အဘိုးကြီးကို မတိုက်ခိုက်ခဲ့ပေ။

အဘိုးကြီးက

လှောင်ပြောင်ရယ်မောပြီး

ယန်ယွဲ့ထံခုန်ဝင်လိုက်သည်။

အထွတ်အမြတ်ရတနာများသည်

အသုံးပြုရန်

လွှယ်ကူသည်မဟုတ်။ ယန်ယဲ့၏

ခွန်အားက

အထွတ်အမြတ်ရတနာနှစ်ပါးကို

တစ်ခါတည်း အသုံးပြုရန်

မလုံလောက်ပါ။

ယန်ယွဲ့သည် နောက်ထပ်

တိုက်ခိုက်မှုကို

မလုပ်နိုင်တော့ကြောင်း

သေချာပေါက်သိနေပုံရသည်။

အားလန်နှင့် ဟွမ်ယင်က

ယန်ယွဲ့ရှေ့မှာ ပေါ်လာပြီးနောက်

နေရာမှာပင်

ပျောက်ကွယ်သွားသည်။

တလျှပ်လျှပ် တောက်ပနေသော

အလင်းတန်းနှစ်ခုက

အဘိုးကြီးထံပြေးဝင်သွားသည်။

အဘိုးကြီးက

သူတို့၏တိုက်ခိုက်မှုကို

မြင်သောအခါ

အေးစက်စက်ရွေ့လိုက်ပြီး

လက်ကို ဖိချလိုက်သည်။

“ဘုန်း...ဘုန်း...”

ပေါက်ကွဲသံနှစ်ချက်

ထွက်ပေါ်လာပြီးနောက်

နှစ်ယောက်စလုံးလွင့်ထွက်သွားသ

ည်။ သို့သော်လည်း ဤအချိန်တွင်

အဘိုးကြီး၏မျက်လုံးများက

သိသိသာသာ

ကျဉ်းမြောင်းသွားသည်။

စားစွမ်းအင်က

သူ့ဓါနဖူးတည့်တည့်ကို

ပြေးဝင်လာလို့ပါ။

ယခင်က

တိုက်ခိုက်မှုနှင့်အတူတူပင်။

မြန်လွန်းသဖြင့် အဘိုးကြီးပင်

မရှောင်နိုင်ပေ။ အဘိုးကြီးသည်

နောက်တစ်ကြိမ်

လွင့်ထွက်သွားပြီး ကီလိုမီတာ

၃၀ကျော်အကွာအထိ

ပျံတက်သွားသည်။ မြေပြင်ပေါ်သို့

ဆင်းလာသည်နှင့် တစ်ပြိုင်နက်

လက်ဖဝါးနှစ်ခုစလုံး

ပေါက်ကွဲထွက်သွားသည်။

သူ့ဓါးခန္ဓာကိုယ်ကလည်း

တစ်လက်မချင်းစီ ကွဲအက်လာပြီး

သွေးများ ပန်းထွက်လာသည်။

ဒီအချိန်မှာ အဘိုးကြီးက

တုန်လှုပ်သွားပြီး

ထိန်းမနိုင်သိမ်းမရဖြစ်သွားပုံရသ

ည်။

“အုန်း...”

သူ့ထံမှ ပြင်းထန်သော

အော်ရာတစ်ခုပေါက်ကွဲ၍ထွက်

လာသည်။ ဤနေရာသည်

ချက်ချင်းပင် တုန်ခါသွားသည်။

အဆင့်၅ပညာရှင်။

ဤအခိုက်အတန့်တွင်

အဘိုးကြီးက သူ့ကိုယ်သူ

ဆက်ပြီးထိန်းထားခဲ့ခြင်းမရှိတော့

ဘဲ

အဆင့်၅သို့ပြန်တက်သွားသည်။

ထိုသို့ လုပ်လိုက်သည်နှင့်

သူ့ခန္ဓာကိုယ်ထဲရှိ ဓားစွမ်းအင်ကို

အပြင်းအထန်ဖိနှိပ်လိုက်ကာ

တစ်စစီ ကွဲအက်နေသော

ခန္ဓာကိုယ်အား

ထိန်းထားလိုက်သည်။

"အဆင့် ၅"

သူ၏ခွန်အား အဆင့်၅သို့
ပြန်ရောက်သည်နှင့်
ယန်ယဲ့နှင့်အဖွဲ့ကို
တစ်ချက်ကြည့်လိုက်သည်။

သူ၏မျက်လုံးထဲမှ

ဖုံးကွယ်မထားသော

လူသတ်လိုစိတ်များ ရှိနေသည်။

ဤအတောအတွင်း ယန်ယွဲ့တို့

သုံးယောက်ရှေ့တွင်

အစိမ်းရောင်ဝတ်စုံဝတ်အဘိုးကြီး

တစ်ယောက်ပေါ်လာသည်။

ဟွမ်ယင်က အဘိုးကြီးအား

မြင်လိုက်သဖြင့်

ဝမ်းသာသွားသည်။

"ကောင်းကင်ချီးမြှောက်ခြင်း"

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်တွင်

ကောင်းကင်ဘုံချီးမြှောက်ခြင်း၊

မြေကမ္ဘာချီးမြှောက်ခြင်းနှင့်

မော်တယ်ချီးမြှောက်ခြင်းဟူ၍

သုံးမျိုးရှိသည်။

မော်တယ်ချီးမြှောက်သူနှင့်

မြေကမ္ဘာချီးမြှောက်သူတို့က

သူ့ဘက်တွင်မရှိသော်လည်း

ကောင်းကင်ချီးမြှောက်သူသည်

သူ့ကဲ့သို့

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်၏ မိသားစုခွဲမှ

လာသောကြောင့်ပါ။

ကောင်းကင်ချိုးဖြောက်ခြင်းက

မော်တယ်ချိုးဖြောက်ခြင်းကို

စိုက်ကြည့်ကာ “မင်းက

စည်းမျဉ်းတွေကို

ချိုးဖောက်လိုက်တာပဲ”ဟုပြောလို

က်သည်။

မော်တယ်ချီးမြှောက်ခြင်း၏

မျက်နှာကအတော်လေး

ဆိုးရွားလှသည်။

အဆင့်၅ပညာရှင်ကတိုက်ပွဲကို

ဝင်မပါနိုင်ပါ။ အဆင့်၄

ပညာရှင်သာ တတ်နိုင်သည်။

လက်ရှိမှာ

မော်တယ်ချိုးဖြောက်ခြင်းက

အဆင့်၅ကို

ပြန်ရောက်သွားသည်။

အတိအကျပြောရလျှင် သူသည်

စည်းမျဉ်းကို ဖောက်ဖျက်ခဲ့သည်။

အကြောင်းကတော့

သူသာအဆင့်၅ ကို

ပြန်မသွားပါက ယန်ယဲ့၏

လက်ချက်ဖြင့်

ကိစ္စတုံးသွားနိုင်လို့ပါ။

သူ့ခန္ဓာကိုယ်ကို

ဖျက်ဆီးလိုက်လျှင် ကြီးမားသော

ဆုံးရှုံးမှုတစ်ခုပါ။

“တကယ်တော့မဟုတ်ဘူး”

မော်တယ်ချီးမြှောက်ခြင်း၏

နံဘေးတွင်

သက်လတ်ပိုင်းအဘိုးကြီးတစ်

ယောက်ပေါ်လာသည်။ သူက

မြေကမ္ဘာချိုးဖြောက်ခြင်းပါ။

ထိုမြေကမ္ဘာချိုးဖြောက်ခြင်းကို

မြင်သောအခါ ဟွမ်ယင်လည်း

မျက်နှာပျက်သွားသည်။

သေချာသည်မှာ ယခုအချိန်ထိ

ရပ်တည်ချက်

မကြေညာသေးသော

မြေကမ္ဘာချီးမြှောက်ခြင်းက

သူ့ဘက်တွင်

မရှိတာသေချာပါသည်။

မြေကမ္ဘာချီးမြှောက်ခြင်းက

ရယ်မောကာ “ကောင်းကင်အရှင်

ဘိုးဘေးကြီးက အဆင့်၅

ပညာရှင်ကို အတွင်းရေး

ကိစ္စတွေမှာ ဝင်မစွက်ဖက်ဖို့

တားမြစ်ထားတယ်။ ငါတို့

မျိုးနွယ်စုက အခြားသူတွေကို

ဖိနှိပ်ခွင့်မရှိလို့

အမိန့်ပေးထားတယ်။ ဒါပေမဲ့

သူက ...”

ယန်ယဲ့ကို ရုတ်တရက်

စိုက်ကြည့်ကာ

ပြုံးပြီး“ငါ့အသိအရ သူက

ငါတို့မျိုးနွယ်က မဟုတ်ဘူး”

ဤအချိန်တွင် ယန်ယဲ့သည်

သတိပြန်လည်လာသည်။

သဘာဝအားဖြင့် နှင်းပွင့်လေးနှင့်

အန်နန်ကျင်းကြောင့်ဖြစ်သည်။

ယန်ယဲ့က

မြေကမ္ဘာချီးမြှောက်ခြင်းကို

တစ်ချက်စိုက်ကြည့်ကာ

တိတ်ဆိတ်နေ၏။ ထိုစကားကို

ကြားသောအခါ

မော်တယ်ချီးမြှောက်ခြင်းကာလ

ည်း သတိဝင်လာပုံရပြီး

"အမှန်ပဲ။ သူက

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နှယ်ကမဟုတ်ဘူး။ ဒါကြောင့်

စည်းမျဉ်းနဲ့ မကိုက်ညီဘူး။

မဟုတ်လား..."

ကောင်းကင်ချိုးမြှောက်ခြင်းက

ချက်ချင်းမျက်မှောင်ကြုတ်လိုက်

သည်။ ဤအချိန်တွင် ဟွမ်ယင်က

ကောင်းကင်ချိုးမြှောက်ခြင်းထံ

လျှောက်သွားသည်။

“ဘိုးဘေး ယန်ယဲ့က

ငါ့မိတ်ဆွေဖြစ်တယ်။ သူက

ငါ့ကိုယုံကြည်လို့ ငါနဲ့လိုက်လာတာ

ကျေးဇူးပဲပြီ...”

ကောင်းကင်ချိုးမြောက်ခြင်းက

ရုတ်တရက် ခေါင်းယမ်းကာ

“သူ့ကိုမကယ်နိုင်ဘူး”

မြေကျွာချိုးမြောက်ခြင်းနှင့်

မော်တယ်ချိုးမြောက်ခြင်းတို့

ပူးပေါင်းထားသောကြောင့်

ယန်ယွဲ့ကိုမကယ်တင်နိုင်ပေ။

ကူညီဖို့ ငြင်းဆန်တာ မဟုတ်ပါ။

သူမတတ်နိုင်လို့ပါ။

ဟွမ်ယင်ဇေါ်မျက်နှာက

မနေနိုင်လောက်အောင်ဖြစ်သွား

သည်။

“သူမကူညီနိုင်ဘူးလား…”

ဟွမ်ယင်က ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။

ယန်ယဲ့၏မျက်နှာက

ဘာအပြောင်းအလဲမှ

မရှိတည်ငြိမ်နေဆဲပင်။

ဤအခိုက်အတန့်တွင် မည်သူမှ

မသိလိုက်ကြဘဲ မြေကြအောက်

ခန်းမထဲတွင် ခြေလက်မရှိသော

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

က ရုတ်တရက်

ဖော့ကြည့်လိုက်သည်။

ခဏကြာမှပိုးပြီး

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်က ဒီလောက်ကြီးလား...”

ဤအချိန်တွင် ယန်ယဲ့က

တင်းကျပ်စွာ

ဆုပ်ကိုင်ထားလိုက်သည်။

အဆင့်၅ ပညာရှင်နှစ်ဦး၏

ပစ်မှတ်ထားခံရသည့်တိုင်

သူ့မျက်နှာက

အလွန်တည်ငြိမ်နေခဲ့သည်။

သေဆုံးခြင်းလား...သူက

သေရမှာကိုမကြောက်ပေ။

သူ့အမြင်အရတော့

သေရမှာတောင်

သရဲဘောကြောင်လို့မဖြစ်ပါ။

သူ့အတွက်တော့ စားက

ကွေးခြင်းထက် ကျိုးခြင်းကိုသာ

သဘောကျသည်။

မော်တယ်ချိုးမြှောက်ခြင်းက

ကြာကြာမစောင့်နိုင်ပဲ

တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း ဟွမ်ယင်က

ရုတ်တရက် "ခဏစောင့်"

လူတိုင်းက သူ့ကို

ကြည့်နေကြသည်။ ဗွမ်ယင်က

သူတို့ဆီက ရောက်လာသည်။

“မင်းတို့နှစ်ယောက်

တကယ်တိုက်ခိုက်မှာလား...”

မော်တယ်ချီးမြှောက်ခြင်းက

လှောင်ပြောင်ရယ်မောလိုက်သည်

။ “ငါတို့နောက်နေတာလို့

မင်းထင်လား...”

ဟွမ်ယင်က သူ့မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်သည်။

ခဏအကြာတွင် သူ၏မျက်လုံးကို

ဖွင့်လိုက်ရာ ရွှေရောင်

တံဆိပ်တုံးတစ်ခုပေါ်လာသည်။

ရွှေရောင်တံဆိပ်တုံးပေါ်လာသော

အခါ

မော်တယ်ချိုးဖြောက်ခြင်းနှင့်

မြေကမ္ဘာချိုးဖြောက်ခြင်းတို့နှစ်

ယောက်လည်း

မျက်မှောင်ကြုတ်သွားခဲ့သည်။

ဟွမ်ယင်က

ရွှေရောင်တံဆိပ်တုံးကို

စိုက်ကြည့်ကာ

“ဟင်းလင်းပြင်လမ်းသဘင်တေ

ငါ့အသက်

၂၄နှစ်တုန်းကပြိုင်ပွဲတစ်ခုမှာ

ရခဲ့တာပဲ။ ငါ့ကိုကူညီဖို့

ငါ့မျိုးနွယ်စုက အဆင့်၅

ပညာရှင်တစ်ဦးကို ဆင့်ခေါ်နိုင်ဖို့

အထူးအခွင့်အရေး

ပေးထားတယ်”

မောတယ်ချိုးပြောက်ခြင်း၏မျက်

နှာက

မမြင်နိုင်လောက်အောင်ဖြစ်သွား

သည်။

ဤအတောအတွင်း

မြေကမ္ဘာချီးမြှောက်ခြင်းက

ရုတ်တရက် ရယ်မောလိုက်သည်

“မင်းမေ့သွားတာထင်တယ်။

အဆင့်၅ ပညာရှင်တွေကို

တိုက်ခိုက်ခွင့်မပေးဘူး။

အတွင်းရေးတိုက်ပွဲဖြစ်မှာစိုးလို့ဆို

တာ ငါလည်းသိတာပေါ့။

ဟင်းလင်းပြင်

ပျက်သုဉ်းခြင်းမျိုးနွယ်တစ်ခုလုံး

နဲ့ ပတ်သက်ရင် ဟွမ်ယင်

ဒါမှမဟုတ် တခြား

မင်းညီမင်းသားတွေရဲ့

ယှဉ်ပြိုင်မှုက အသေးအဖွဲ့ပဲလေ”

ရင်းက မင်းညီမင်းသားများကို

လှေ့ကျင့်ပေးသည့် ပုံစံပင်။

သို့ရာတွင်

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်၏ အဆင့်၅

ပညာရှင်များဆိုရင်တော့

အသေးအဖွဲ့ မဟုတ်ပေ။

ရင်းသည် အတွင်းပိုင်း

ပဋိပက္ခဖြစ်သည်။

မျိုးနွယ်စုအတွင်း၌ အင်းအား

ကျဆင်းသွားပါလိမ့်မည်။

ထို့ကြောင့် အဆင့်၅

ပညာရှင်များကို

မျိုးနွယ်စုအတွင်းရေးကိစ္စများကို

ဝင်ရောက်မစွက်ဖက်ဖို့

တားမြစ်ခဲ့သည်။

ရင်းတို့သည်

အာဏာပိုင်အဆင့်အတန်းနှင့်

ဝေးကွာခဲ့သည့် အတွင်းပိုင်း

တိုက်ပွဲ မှန်သမျှကို

တားမြစ်ထားသည်။

ဤစည်းမျဉ်းကို

မည်သူမှမချိုးဖောက်ရပေ။

တစ်စုံတစ်ယောက်က

အတိတ်တွင် ဝင်ပါခဲ့သည်။

သို့သော် ထိုလူကို

ယနေ့တိုင်အောင်

အကျဉ်းချထားဆဲဖြစ်သည်။

အကယ်၍

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်သည် ၎င်း၏

အိမ်ရှေ့မင်းသားကို

မဆုံးဖြတ်ပါက အဆင့်၅

ပညာရှင်များအပြင်ထွက်လာမည်

မဟုတ်ဟု ဆိုလိုပါသည်။

“အတွင်းပိုင်းတိုက်ပွဲလား...”

ဟွမ်ယင်က

တဟားဟားရယ်မောရင်း “ဒါကို

တားမြစ်ထားတာငါသိတယ်။

ဒါပေမဲ့ငါက

ကောင်းကင်ချိုးဖြောက်ခြင်းနဲ့

ငါ့မိတ်ဆွေကို ဒီကနေ

ခေါ်ထုတ်သွားဖို့ ဒါအကြီးအကဲကို

တောင်းဆိုရင်ရော မင်းသူတို့ကို

တားရင် မင်းတို့ကိုယ်တိုင်က

အတွင်းရေး တိုက်ပွဲကို

စတင်မဲ့သူပဲ”

မြေကမ္ဘာချီးမြှောက်ခြင်း၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

“ဟင်းလင်းပြင်လမ်းသင်္ကေတ

တစ်ခုက မင်းကို

အရာတစ်ခုခုလုပ်ဆောင်ဖို့

အဆင့်၅ ပညာရှင်တစ်ယောက်

ဆင့်ခေါ်နိုင်တယ်။

ဒီလိုလုပ်လိုက်ရင်

မော်တယ်ချိုးဖြောက်ခြင်းက

ငါတို့ရဲ့ ကျင့်ကြံမှုအဆင့်တွေကို

ဖိနှိပ်လိုက်တာနဲ့

သေသွားလိမ့်မယ်”

ဟွမ်ယင်က ယန်ယဲ့ကို

စိုက်ကြည့်ပြီး “အစ်ကိုယန်၊

ငါမြင်းကို

ဟာင်းလင်းပြင်ပျက်သုဉ်းခြင်း

မြို့တော် တစ်ပိုက်ကို

မခေါ်နိုင်တော့ဘူး။ ဂရုစိုက်ပါ”

သူပြောပြီးသည်နှင့် တစ်ပြိုင်နက်

ရွှေရောင်တံဆိပ်တုံးကို

မြှောက်ကာ

စကားပြောရန်ပြင်လိုက်သော်လ

ည်း ကောင်းကင်ချီးမြှောက်ခြင်း

“မင်းရဲ့

ကြိုးစားအားထုတ်မှုအားလုံးကို

တကယ် ဖြုန်းတီးပစ်မှာလား” ဟု

ရုတ်တရက် မေးလိုက်သည်။

ဟွမ်ယင်က

ဟင်းလင်းပြင်လမ်းသင်္ကေတကို

ယန်ယဲ့အတွက်

အသုံးပြုလိုက်သည်နှင့်

တစ်ပြိုင်နက် သူ့ဓါးခရီးစဉ်

ပြီးဆုံးသွားပြီးဖြစ်သည်။

အကြောင်းက

ကောင်းကင်ချီးမြှောက်ခြင်းက

မြေကမ္ဘာချီးမြှောက်ခြင်းနှင့်

မော်တယ်ချီးမြှောက်ခြင်းတို့

နှစ်ယောက်စလုံးကို

မတားဆီးနိုင်သောကြောင့်ပါ။

ဟွမ်ယင်ကပြုံးပြီး“ငါသူ့ကို

ဒီလိုထောင်ချောက်ထဲ ပစ်ချရုံနဲ့

မပြီးနိုင်လို့

သူသေသွားတာကိုလည်း ငြိမ်ပြီး

ကြည့်မနေနိုင်ဘူး”

သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း

ပြုံးလိုက်သည်။

“ဒီဟင်းလင်းပြင်လမ်းသဘော်တာ

က ငါ့ရဲ့ အရေးကြီးတဲ့

ခုက်ဖဲတွေထဲက တစ်ခုပါ။

ပြီးတော့ ဒါက အရေးကြီးတဲ့

အခိုက်အတန့်မှာ ငါ့အတွက်

အသုံးပြုဖို့ စိတ်ကူးထားတာပဲ။

ဒါပေမဲ့ ငါ့ရဲ့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်ထဲက ချီးမြှောက်ခြင်း

သုံးယောက်ထဲက နှစ်ယောက်က

ငါ့ကို ဆန့်ကျင်မယ်လို့

မမျှော်လင့်ထားဘူး။ ကံတရားက

ငါတို့တွေအပေါ် လှည့်ကွက်တွေ

ဖန်တီးထားလို့ပဲ။ အစ်ကိုယန်

ဂရုစိုက်ပါ”

ထိုစကားပြောပြီးနောက်

ရွှေရောင် တံဆိပ်တုံးကို

ခွဲခြေပစ်လိုက်သည်။

“ဆူး…”

အဖြူရောင် အလင်းတန်းတစ်ခု

လင်းလက်သွားပြီး လေထဲကို

ပစ်လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

ဗွမ်ယင်ဇော်အသံက

“ကောင်းကင်သခင် ငါမင်းရဲ့

အကူအညီလိုတယ်”

သူ့စကားဆုံးသည်နှင့်

ကောင်းကင်သခင်က

သူတို့ရှေ့တွင်ပေါ်လာသည်။

ဟွမ်ယင်က

ကောင်းကင်သခင်အား

အနည်းငယ် ဦးညွတ်ကာ

“ကျေးဇူးပြုပြီး

ငါ့မိတ်ဆွေတွေကို

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းက

မှာကနေ ခေါ်ထုတ်သွားပါ”

ကောင်းကင်သခင်က ဟွမ်ယင်ကို

အချိန်အကြာကြီး

စိုက်ကြည့်ပြီးနောက် ပိုးကာ

“ဂုဏ်ယူပါတယ်။

မင်းအောင်မြင်သွားပြီ”

မြေကျွာချီးကျောက်ခြင်းက

ဟွမ်ယင်ကို

တစ်ချက်ကြည့်လိုက်ပြီး “သူက

သွေးအေးပြီး

ကျေးဇူးကန်းတက်တာမဟုတ်ဘူး

။ ငါကန့်ကွက်စရာမရှိပါဘူး”

စကားပြောပြီးသည်နှင့်

ကောင်းကင်အထက်ကို

ပျောက်ကွယ်သွားသည်။

မော်တယ်ချီးဖြောက်ခြင်းက

ဟွမ်ယင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“အင်အားကြီးရန်သူတွေရှေ့မှာ

မကြောက်ဘဲ တည်ငြိမ်မှုအပြည့်နဲ့

မင်းဟာ စစ်မှန်တဲ့

ယောက်ျားကောင်းတစ်ယောက်ပဲ

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နှယ်ကနေ ကြိုဆိုပါတယ်”

စကားပြောပြီးသည်နှင့်

နေရာမှာပင်

ပျောက်ကွယ်သွားသည်။

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနေယံစပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၁၈ -

ဂျူနေရာရှိ

လူတိုင်းအံ့အားသင့်သွားသည် ။

ဘာတွေဖြစ်နေတာလဲ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နှယ်က ဘာကြီးတုန်း ။

ကောင်းကင်သခင် က ယန်ယဲ့နှင့်

အခြားနှစ်ယောက်ကို

စိုက်ကြည့်ကာ

အနည်းငယ်ပြုံးရင်း “ဒါဟာ စမ်းသပ်မှု စရိုက်စမ်းသပ်မှုပဲ” ဟုပြောလိုက်သည်။

ဟွမ်ယင် က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

"စမ်းသပ်မှုတဲ့လား"

ကောင်းကင်သခင် က ပြုံးပြီး

"ခွန်အားဆိုတာ ငါတို့ရဲ့

အိမ်ရှေ့စံမင်းသားဖြစ်ဖို့

တစ်ခုတည်းသော

လိုအပ်ချက်မဟုတ်ပါဘူး၊

ဒါသာဆိုရင်

တော်တော်ရယ်စရာကောင်းတဲ့စ

ည်းမျဉ်းပဲ မဟုတ်လား”

ယန်ယဲ့ က ခေါင်းညိတ်ပြီး

“ဒါအမှန်ပါပဲ”

ကောင်းကင်သခင် က

ရယ်မောပြီး

“အာဏာပိုင်တစ်ယောက်လား။

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ရဲ့ အိမ်ရှေ့စံမင်းသားက

ကြီးမားတဲ့အခွင့်အာဏာရှိပေမယ်

လို့ သူ့အတွက်

အိမ်ရှေ့မင်းသားရာထူးနဲ့

အစေခံတွေ၊ မိတ်ဆွေတွေ

ကြားမှာ ဘယ်အရာကို

ရွေးချယ်ချင်သလဲဆိုတာ

ကြည့်ချင်တယ်”

ယန်ယဲ့ က “ရာထူးကိုရွေးရင်

ဘယ်လိုလုပ်မလဲ”

ကောင်းကင်သခင်က ပြုံးပြီး

“မင်းတို့နှစ်ယောက်လုံး

သေကြလိမ့်မယ်၊ ဒါက

ဟာသတစ်ခုလို ဖြစ်သွားမှာပေါ့”

ယန်ယဲ့ က

အနည်းငယ်မျက်မှောင်ကြုတ်လို

က်သည်။

ကောင်းကင်သခင်က

“ဟွမ်ယင်လည်း သေရမှာ။

ငါတို့ရဲ့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်မှာ ပြိုင်ဆိုင်မှုတွေ

ရှိရင်တောင်

ရက်စက်ကြမ်းကြုတ်တယ်လို့

မဆိုလိုဘူး။

ရက်စက်တတ်တဲ့လူက

စစ်မိုလ်ချုပ်

ဖြစ်ဖို့ပဲထိုက်တန်တယ်။

ငါတို့ရဲ့အနာဂတ်ဘုရင်

မဟုတ်နိုင်ဘူး၊ ဒါ့အပြင် သူက

သူ့မိတ်ဆွေတွေကိုတောင်

သစ္စာဖောက်တဲ့သူဆိုရင်

အနာဂတ်မှာ သူ့လူမျိုးက ဒီလိုပဲ

လုပ်မှာလားဆိုတာ

ဘယ်သူသိနိုင်မလဲ၊

ဟုတ်တယ်မလား။”

ဒါဆို သစ္စာရှိမှုကို

စမ်းစပ်တာပေါ့။

ယန်ယဲ့က

ကောင်းကင်သခင်ကိုတစ်ချက်စို

က်ကြည့်ကာ

တိတ်ဆိတ်သွားသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်သည် သူ့အမြင်အတိုင်း

အမှန်တကယ်မဟုတ်ခဲ့ပါ။

ကောင်းကင်သခင်က ဟွမ်ယင်ကို

စိုက်ကြည့်ရင်း “ဟုတ်တယ်၊

မင်းနောက်ဆုံးမှာ

အိမ်ရှေ့မင်းသားဖြစ်လာမလား

ဆိုတာ ဘိုးဘေးက

ဆုံးဖြတ်ပြီးအတည်ဖြစ်မှာ။

မင်းထက် သန်မာတဲ့ခွန်အားနဲ့

ညက်ရည်ညက်သွေးထက်မြက်

တဲ့

နောက်တစ်ယောက်ရှိမရှိမသိနိုင်

ဘူးလေ”

ဟွမ်ယင် က

“သူတို့နှစ်ယောက်လား” သူက

ဟွမ်တျန်းရှင်း နှင့် ဟွမ်းယဲ့

တို့အကြောင်း ပြောနေတာပါ။

ကောင်းကင်သခင် က

ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး၊

ကောင်းကောင်း ဖုံးကွယ်ထားတဲ့

နောက်တစ်ယောက်။

ဘိုးဘေးမပြောပြရင်

ငါတောင်သိမှာမဟုတ်ဘူး။

မကြောခင်သိလာမှာပါ

သွားကြရအောင်”

စကားပြောပြီးနောက်

ကောင်းကင်သခင် က

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ တို့သုံးယောက်လည်း

အကြည့်ချင်းဖလှယ်လိုက်ကြသ

ည်။ ဟွမ်ယင် က ပြိုးကာ

“မင်းတို့နှစ်ယောက်ကို မြို့တစ်ဝိုက်

အလည်အပါတ်ခေါ်သွားပါရစေ”

စကားပြောပြီးနောက်

ရယ်ရယ်မောမောနှင့်

မြို့တော်ဆီသို့ လျင်မြန်စွာ

လျှောက်သွားခဲ့သည်။

အားလန် က

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စုက ထူးခြားတယ်”

ယန်ယဲ့ က ခေါင်းညိတ်ပြီး

“မိန်းကလေးအားလန်၊ မင်းက

ထာဝရနိုင်ငံတော်က ဆိုတော့

ဒါဆို အဲဒီမှာ အခြေအနေက

ဘယ်လိုလဲ”

အားလန် က

“ထာဝရနိုင်ငံတော်ဟာ

အရင်နဲ့မတူဘူး။ သူတို့က

လွန်ခဲ့တဲ့အတိတ်ကာလစစ်ပွဲပြီး

ဆုံးကတည်းက

နောက်တစ်ကြိမ်လာမယ့်စစ်ပွဲအ

တွက် ကြိုပြီးပြင်ဆင်နေခဲ့တာ”

ယန်ယဲ့ က အံ့ဩသွားပြီး “ဒါကို အင်တိုက်အားတိုက်လုပ်ဆောင် နေတာလား”

အားလန် က ခေါင်းညိတ်လိုက်ပြီး “လွန်ခဲ့တဲ့နှစ်တွေမှာ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်က အကြီးအကျယ်

စစ်ရှုံးသွားတာမှမဟုတ်တာ၊

သူတို့က

ယာယီဆုတ်ခွာသွားရုံလောက်ပါပဲ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်က မကြာခင် ဒါမှမဟုတ်

နောက်ပိုင်း ပြန်လာမယ်ဆိုတာကို

ထာဝရနိုင်ငံတော်က သိတယ်။

ဒါ့ကြောင့် အဲဒီအချိန်ကာစလို့

ထာဝရနိုင်ငံတော်က စစ်ပွဲအတွက်

ပြင်ဆင်နေကြတယ်။

ထာဝရနိုင်ငံတော်မှာ

“ထာဝရစစ်ပွဲနယ်မြေ”

လို့ခေါ်တဲ့နေရာတစ်ခုရှိတယ်။

သူတို့ရဲ့ ညာဏ်ကြီးရှင်တွေဟာ

လိုအပ်ချက်နဲ့

ကိုက်ညီသရွေ့တော့ အဲဒီနေရာကို

ဝင်ခွင့်ပြုတယ်။ ဒါ့အပြင်

များပြားတဲ့အရင်းအမြစ်တွေ နဲ့

ထာဝရနိုင်ငံတော်ရဲ့

အတော်ဆုံးနည်းပြဆရာတွေပါရှိ

သေးတယ်။။။မထင်မှတ်ဘဲ

တစ်ခုခုဖြစ်မလာဘူးဆိုရင်

ငါလည်း အဲဒီကို သွားမှာပဲ”

ယန်ယဲ့ က

တိုးတိုးလေးပြောလိုက်ပါသည်

“သူတို့ တိုက်ခိုက်ရင် ပြင်းထန်တဲ့

တိုက်ပွဲဖြစ်လာမှာ မဟုတ်လား”

အားလန် က

“စကြာဝဠာတစ်ခုလုံးအတွက်

ကပ်ဘေးတစ်ခု”

ထာဝရစကြာဝဠာတစ်ခုလုံး

ကပ်ဘေးရင်ဆိုင်ရမည် ။

ဤအခိုက်အတန့်တွင်

စစ်ပွဲ၏အကျိုးဆက်ကြောင့်

ထာဝရစကြာဝဠာကြီး

အပိုင်းပိုင်းကွဲကာ

မရေမတွက်နိုင်သော

သက်ရှိသတ္တဝါများ စိတ်ဆင်းရဲစွာ

သေဆုံးနေသည်ကို

မြင်တွေ့နိုင်ပုံရသည်။

အချိန်တော်တော်ကြာပြီးနောက်

တွင် သူတို့သုံးယောက်ဟာ

ဟင်းလင်းပြင်မြို့တော်သို့

ရောက်လာခဲ့ကြသည်။

ဖိုးတော်သည် လေထဲတွင်

လွင့်မျောနေ၏။

သိပ်ပြီးကြီးမားလှသည်မဟုတ်ပေ

။

သာမန်ဖိုးအရွယ်အစားလောက်

သာ ရှိခဲ့သည်။

ဟွမ်ယင် က ရုတ်တရက်

ပြုံးလိုက်ပြီး

"ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်က အင်အားမရှိရင်

မြင့်မြတ်တဲ့ နတ်ရတနာတွေနဲ့

တည်ဆောက်ထားတဲ့

မြို့တစ်မြို့တောင်

အသုံးမဝင်ပါဘူး၊ ဒါပေမဲ့ ငါ့ရဲ့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နှယ် သာ သန်မာတယ်ဆိုရင်

ဒါဟာ

သစ်သားတွေနဲ့တည်ဆောက်ထား

တဲ့မြို့ဖြစ်ရင်တောင်မှ

တိုက်ခိုက်ဖို့သတ္တိရှိမှာလားဟာ”

ယန်ယွဲ့နှင့် အားလန် တို့လည်း

အကြည့်ချင်းဖလှယ်လိုက်သည်။

ပြောစရာတောင် မလိုပါ၊

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်၏ ခံယူချက်နှင့် အင်အားက

သန်မာပြင်းထန်လှသည်။

သုံးယောက်သား လေထဲသို့

ခုန်တက်ကာ မြို့ထဲကို

ဆင်းသက်လိုက်ကြသည်။

အရမ်းရိုးရှင်းတယ် ။

အခြားမြို့ကြီးများနဲ့မတူဘဲ

လုံးဝကို ရိုးရှင်းသောမြို့တစ်မြို့ပါ။

မြို့ထဲမှာ သာမာန်လူများ

အပါအဝင် ကျင့်ကြံသူများ

ရှိကြသည်။

တစ်ယောက်ချင်းစီဓါခွန်အားက

မတူညီကြပေ။ တစ်ခုတည်းသော

ခြားနားချက်မှာ ဤမြို့၏

လေထုသည် အခြားမြို့များနှင့်

မတူတာပါ။ ဤနေရာရှိ

လေထုသည်

သက်ဝင်လှုပ်ရှားနေပြီး

ရက်စက်ကြမ်းကြုတ်မှု

ကင်းမဲ့နေသည်။

ဤအခြေအနေက မြို့ထဲကို

ဝင်လာသည်နှင့် ယန်ယဲ့

ပထမဆုံးခံစားလိုက်ရတာပါ။

လမ်းမများပေါ်တွင်

သွားလာနေကြစဉ် အချို့က

ဟွမ်ယင်ကို ရှံဖန်ရှံခါ

ခေါင်းညိတ်ကြသည်။ ဟွမ်ယင်

ကလည်း ထိုနည်းအတိုင်း

တုံ့ပြန်သည်။

အများအပြားက ယန်ယဲ့နှင့်

အားလန် တို့ကို

စိုက်ကြည့်နေသော်လည်း

တိုက်ခိုက်ချင်နေကြပုံမဟုတ်ပါ၊

စူးစမ်းချင်စိတ်များသာရှိကြသည်

။

ဟွမ်ယင် က

လမ်းလျှောက်နေရင်း

တိုးတိုးလေးပြောလိုက်ပါသည်

“ငါ့ရဲ့

ဟင်းလင်းပြင်ပျက်သည်းခြင်းမျိုး

နွယ်မှာ အရာအားလုံးက

အတူတူပါပဲ”

ယန်ယဲ့ က သူ့ကို စိုက်ကြည့်ရင်း

“အားလုံး ညီတူညီမျှလား”

ဟွမ်ယင် က အနည်းငယ်ပိုးကာ

ရှင်းပြခဲ့သည် “ ဘိုးဘေးက

ခွန်အားသုံးပြီး

အားနည်းသူတွေကို

အနိုင်ကျင့်တာဟာ အားနည်းတဲ့

သူတွေပဲ လုပ်တယ်လို့

ပြောဖူးတယ်။ တကယ်

သန်မာတဲ့သူတွေကတော့

အားနည်းသူတွေကို

အနိုင်ကျင့်မှာမဟုတ်ဘူး၊

သူတို့ထက်

ပိုပြီးသန်မာတဲ့သူတွေကိုပဲ

လိုက်ရှာဖွေမှာပါ။

အားနည်းတဲ့သူတွေပဲ

စိတ်ကျေနပ်မှု ရဖို့အတွက်

သူတို့ထက်ပိုအားနည်းတဲ့သူတွေ

ကို အနိုင်ကျင့်တယ်။

တစ်ခါတုန်းက

သခင်ငယ်တစ်ယောက်ဟာ

သူ့အဖေရဲ့ ပြဇာအာဏာကို

အသုံးချပြီး မြို့ထဲမှာ

စိတ်ထင်တိုင်းလျှောက်လုပ်တယ်၊

နောက်တော့

တစ်စုံတစ်ယောက်ကိုတောင်

သတ်ပစ်လိုက်တယ်။ သူ

ဘာဖြစ်သွားလဲ သိလား”

နှစ်ယောက်စလုံးက ဟွမ်ယင်

ကိုစိုက်ကြည့်နေသည်။

ရှေ့ဆက်ပြောရန်

စောင့်ဆိုင်းနေတာပါ။

ဟွမ်ယင် က ပြုံးပြီး

"အဲဒီအချိန်က ငါတို့ဘိုးဘေးဟာ

တံခါးပိတ်ကျင့်ကြံနေတာလေ။

အိမ်ရှေ့မင်းသားက

ငါတို့ရဲ့ဟင်းလင်းပြင်ပျက်သုဉ်း

ခြင်းမျိုးနွယ်ကို

စီမံခန့်ခွဲနေတယ်။ ပြီးတော့ သူက

အဲဒီသခင်ငယ်ရဲ့ အဖေကို

သူ့အနားမှာ ထားချင်လို့ ဒီကိစ္စကို

မသိချင်ယောင်ဆောင်ပြီး

မျက်လုံးမှိတ်ထားဖို့

ရွေးချယ်လိုက်တယ်။

နောက်ပိုင်းမှာ

အဲဒီကောင်လေးက

ပိုပိုဆိုးလာတယ်။ လူတွေက

နောက်ဆုံးမှာ

သည်းမခံနိုင်တော့တာနဲ့ပဲ

ဘိုးဘေး ကျင့်ကြံနေတဲ့နေရာကို

သွားပြီးတော့

တိုင်ကြားလိုက်ကြတယ်။

အဲဒီအချိန်မှာ ဘိုးဘေးလည်း

ထွက်လာလိုက်ရတယ်”

အားလန် က

“သူဘာလုပ်လိုက်လဲ”

ဟွမ်ယင် က

တိုးတိုးလေးပြောလိုက်သည်

“ဘိုးဘေးက အဲဒီသခင်ငယ်နဲ့

အိမ်ရှေ့မင်းသားရဲ့ ကျင့်ကြံမှုကို

သာမာန်လူတွေဖြစ်အောင်

ချိတ်ပိတ်ထားလိုက်တယ်။

သူတို့ကိုယ်သူတို့ စားဝတ်နေရေး

အတွက် မြို့ထဲ ပို့လိုက်တယ်။

ကောင်းကင်ဘုံကနေ

ငရဲကိုပြန်ဆင်းမှပဲ

သာမန်လူတွေရဲ့ခံစားချက်ကို

သူတို့ နားလည်နိုင်မယ်။

နောက်ဆုံးမှာ အဲဒီသခင်ငယ်က

သူ့ဘဝရဲ့အပြောင်းအလဲကို

မခံနိုင်တော့တာနဲ့ သူ့ကိုယ်သူ

အဆုံးစီရင်သွားခဲ့တယ်။

မြို့ဝင်ပေါက်ရှေ့မှာ

သူလုပ်တာမှန်တယ်၊ သူက

ငါတို့ဟင်းလင်းပြင်ပျက်သုဉ်းခြ

င်းမျိုးနွယ်အတွက်

အရှက်ရစေတယ်လို့

မှတ်ယူထားတယ်”

ယန်ယဲ့ က

“အိမ်ရှေ့မင်းသားကော

ဘယ်လိုလဲ” ဟု မေးလိုက်သည်။

ဟွမ်ယင် က ပြုံးပြီး

“နှစ်ပေါင်းများစွာကြာပြီးတဲ့နော

က်မှာ အိမ်ရှေ့မင်းသားက

အရာအားလုံးကို

နားလည်ခြင်ရှိခဲ့တယ်။

သူဟာ လမ်းပျောင်းကို

ပယ်ဖျက်နိုင်ခဲ့တယ် ဒါမှမဟုတ်

သူ့ကိုယ်ပိုင်တာအို နဲ့ လမ်းစဉ်ကို

ခြေချနိုင်ခဲ့တယ်လို့

ပြောသင့်တယ်။ ဒါ့ကြောင့်

ဘိုးဘေးက သူကို

ချိတ်ပိတ်ထားတာ

ပြန်ဖြေပေးလိုက်တယ်။

နောက်ပိုင်းမှာ သူက

ငါတို့ဟင်းလင်းပြင်ပျက်သုဉ်းခြ

င်းမျိုးနွယ်ရဲ့

အကြီးမြတ်ဆုပဂ္ဂိုလ်တွေထဲက

တစ်ဦးဖြစ်လာခဲ့တယ်။

မင်းတို့နှစ်ယောက်စလုံး သူ့ကို

ကောင်းကောင်းသိပါတယ်”

ယန်ယဲ့နှင့် အားလန် တို့လည်း

ဟွမ်ယင် ကိုစိုက်ကြည့်နေသည်

“ငါတို့သိမှာလား”

ဟွမ်ယင် က ပြုံးပြီး “ဒါ

ကောင်းကင်သခင်ပဲ”

ကောင်းကင်သခင် ။

ယန်ယဲ့၏အမြင်အာရုံထဲမှာ

အစောပိုင်းက တိုက်ခိုက်ခဲ့သော

သက်လတ်ပိုင်းအမျိုးသား၏ပုံရိ

ပ် ပေါ်လာသည်။

ဤအတောအတွင်း ဟွမ်ယင် က

ဆက်ပြောလိုက်သည်

“အဲဒီအချိန်ကစလို့

ငါတို့မျိုးနွယ်ထဲမှာ ဘယ်သူကမှ

မြို့ထဲမှာ သူတို့နှစ်သက်သလို

မလုပ်ရဲကြတော့ဘူး။

သန်မာတဲ့သူတွေက ငါတို့ဆီမှာ

စိတ်တိုင်းကျလုပ်လို့မရဘူး၊

ဒါ့အပြင် ငါတို့မျိုးနွယ်မှာ

အရင်းအမြစ်တွေကို

လူတိုင်းရယူနိုင်တယ်။

ဟုတ်ပါတယ်၊

ကြိုတင်သတ်မှတ်ချက်တွေရှိတယ်

။ အဲဒါက ငါတို့ တိုက်ပွဲဝင်ရမယ်။

ဥပမာအနေနဲ့

တိုက်ပွဲဝင်နိုင်တယ်”

အားလန် က

တိုးတိုးလေးပြောလိုက်ဟသည်

"အတိတ်ကာလစစ်ပွဲမှာ

ထာဝရနိုင်ငံတော် ရှုံးနိမ့်သွားတာ

အံ့ဩစရာမရှိပါဘူး။

ထာဝရနိုင်ငံတော်က

တစ်ကိုယ်ကောင်းဆန်သလို၊

မောက်မာထောင်လွှားကြတယ်။သူ

တို့အမြင်မှာကျတော့

ထာဝရနိုင်ငံတော် ကလွဲရင်

တခြားကမ္ဘာတွေက

အဆင့်အတန်းနိမ့်တယ်။

ထာဝရစကြာဝဠာတစ်ခုလုံးမှာရှိ

တဲ့လူတွေက

အဆင့်နိမ့်သက်ရှိတွေပေါ့။ ဒါကပဲ

အင်အားစုတစ်ခုက

အထွတ်အထိပ်ကိုရောက်တဲ့အခါ

ပြန်ပြီးကျဆင်းသွားတဲ့အကြော

င်းအရင်းပဲ”

သူမက ဟွမ်ယင် ကို

စူးစိုက်ကြည့်ကာ

“နင့်ရဲ့မျိုးနွယ်က ဒီလောကရဲ့

ဝိညာဉ်ဖန်ဆင်းရှင်ကို

မသတ်ခဲ့ဘူးဆိုရင်

ထာဝရနိုင်ငံတော်ကို

အနိုင်ရခဲ့လိမ့်မယ်”

ဟွမ်ယင် က ခါးသက်သက်

ရယ်မောလိုက်သည်။

ဝိညာဉ်ဖန်ဆင်းရှင်ကို

သတ်ဖြတ်ခဲ့ခြင်းသည်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်ဇော် အမိုက်မဲဆုံး

ဆုံးဖြတ်ချက်ပင်။

ဝိညာဉ်ဖန်ဆင်းရှင် ။

ဝိညာဉ်ဖန်ဆင်းရှင် သည်

လောကတစ်ခုလုံးအား

ဆင့်ခေါ်နိုင်သည်မှာ

အမှန်တကယ်ပင်

ကြောက်မက်ဖွယ်ကောင်းလှသည်

။

ဤအချိန်တွင် ဟွမ်ယင် က

ယန်ယဲ့ ကိုစိုက်ကြည့်လိုက်သည်။

ထိုအရူးက ဝိညာဉ်ဖန်ဆင်းရှင်ကို

ပိုင်ဆိုင်ထားသည်မဟုတ်ပါလား။

သိပ်မကြာလိုက်ပါ၊

သုံးယောက်သား

ရပ်တန့်လိုက်သည်။

သူတို့ရှေ့တွင် ခန်းမကြီးတစ်ခု

ရှိနေ၏။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းခန်း

၆ ။

အခင်ဝဉ်

လှုန်စ်ယောက်ရပ်နေသည်။

မူလခန္ဓာကိုယ်ကို

ပြန်ပြီးတည်ဆောက်ထားသည့်

ဟွမ်းယဲ့ နှင့် ဟွမ်တျန်းရှင်း

တို့ပါ။

ဟွမ်ယင် က ရှေ့တိုးလာပြီး

ပြုံးကာ

“မင်းတို့ဆက်သွားဦးမလား

”

ဟွမ်းယဲ့ က “ဂုဏ်ယူပါတယ်”

ဂုဏ်ယူပါတယ်လား ။

တစ်နည်းအားဖြင့်ပြောရလျှင်

သူသည် ရုံးနိမ့်သွားတာကို

ဝန်ခံသည်ဟု

ဆိုလိုခြင်းဖြစ်သည်။

သူတို့အားလုံးမှာ

ကျောထောက်နောက်ခံရှိသော်လ

ည်း အရေးကြီးဆုံးအချက်က

ရှိနေဆဲပါ။ အကြောင်းကတော့

သူတို့အား

ထောက်ပံ့ပေးသူများဟာ

အတွင်းရေးတိုက်ပွဲကို

ဝင်ပါလို့မရလို့ပါ။

အဆင့် ၅ ပညာရှင်များကို

အချင်းချင်း

တိုက်ခိုက်ခြင်းမပြုရန်

တားမြစ်ထားသည်။

ဟွမ်ယင်က သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး

ခန်းမဆီသို့

လျှောက်သွားလိုက်သည် ။

အထဲကို ဝင်ခါနီးတွင်

သူတို့နောက်ကနေ “ခဏနေဦး”

ဟူသောအသံတစ်သံ

ထွက်လာသည်။

သုံးယောက်သား

လှည့်ကြည့်လိုက်သည်။

မလှမ်းမကမ်း၌

အမျိုးသမီးတစ်ယောက်

ရပ်နေ၏။

အမျိုးသမီးငယ်က

သားရဲ့အရေခွံများကို

ဝတ်ဆင်ထားသည်။

အသက်မပြည့်သေးဘဲ ၁၈

သို့မဟုတ် ၁၉ နှစ်

ဝန်းကျင်သာရှိသော်လည်း

အလွန်ရင့်ကျက်ပုံရသည်။

သူမ၏ မျက်နှာက အေးခဲပြီး

ခံစားချက်မဲ့နေသည်။

ဟွမ်ယင် သာမက

အခြားလူတိုင်းလည်း

မျက်မှောင်ကြုတ်သွားသည်။

သူတို့က အမျိုးသမီးငယ်ကို

ဘယ်သူမှန်းမသိလို့ပါ။

“နင်က

အိမ်ရှေ့မင်းသားဖြစ်ချင်တာလား

” အမျိုးသမီးငယ်က

လူတိုင်း၏အကြည့်များကို

ဂရုမစိုက်ဘဲ ပြောလိုက်သည်။

ဟွမ်ယင် က ခေါင်းညိတ်လိုက်ပြီး

“မင်းက ဘယ်သူလဲ”

အမျိုးသမီးငယ်က

ညာဖက်လက်သီးကို

ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး

“ငါ့နာမည် ဟွမ်ကန်းယု ...”

ဟွမ်ကန်းယု ဆိုပါလား ။

ဟွမ်ယင် က အံ့အားသင့်သွားပြီး

ဟွမ်းယဲ့ကို စိုက်ကြည့်နေသည်။

ဟွမ်းယဲ့ က “သူမမှာ

ကောင်းကင်ဘုံကို ကိုယ်စားပြုတဲ

“苍” အမှတ်အသား ရှိလို့

ကောင်းကင်သခင်ရဲ့

မျိုးနွယ်ခဲ့ကနေ ဖြစ်နိုင်တယ်” ဟု

လေးနက်စွာ ပြောဆိုခဲ့သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်မှာ

အသန့်စင်ဆုံးသွေးမျိုးဆက်ကို

ပိုင်ဆိုင်ထားသည့်

အစိကမျိုးနွယ်ခွဲ (၉) ခုရှိခဲ့သည်။

ကျန်လူများကို

သာမန်မျိုးနွယ်ဝင်များဟုသာ

ယူဆနိုင်၏။

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုး

နွယ်၏ သွေးမျိုးဆက်

ရှိနေသော်လည်း

အလွန်နည်းပါးလှသည်။

မှန်သည်၊ သူတို့၏ခန္ဓာကိုယ်ထဲက

သွေးမျိုးဆက်ကို

အပြည့်အဝနိုးဆွနိုင်မည်ဆိုရင်

တော့ လုံးဝခြားနားနိုင်ပါသည်။

ဟွမ်ယင် က သူ့အတွေးကို

ထိန်းလိုက်ပြီး သူမကို

ရူးစိုက်ကြည့်ကာ

“တစ်ခုခုလိုသေးလား”

ပွဲခံကန်းယု က

ဘာမှမထူးခြားသလိုဘဲ

“ဘာမှမဟုတ်ပါဘူး။ နင် ငါတို့ရဲ့

အိမ်ရှေ့စံမင်းသားဖြစ်လာရအော

င်အထိ ဘယ်လောက်သန်မာလဲ

ငါကြည့်ချင်တယ်”

စကားဆုံးသည်နှင့် ရုတ်တရက်

တိုက်ခိုက်လိုက်သည်။

ဝုန်း...

ဟွမ်ကန်းယု က ဟွမ်ယင်ရှေ့မှာ

ချက်ချင်းရောက်လာပြီး

လက်သီးနဲ့ထိုးလိုက်သည်။

ဤနေရာမှ လူတိုင်း၏

အမူအရာသည်

ပြောင်းလဲသွားခဲ့သည်။

ဟွမ်ယင်၏အမူအရာလည်း

သိသိသာသာ

ပြောင်းလဲသွားသည်။

သူ့လက်ဝါးကို ရှေ့သို့

ဆန့်ထုတ်ပြီး ခါယမ်းလိုက်ရာ

ပြင်းထန်သော စွမ်းအင်လှိုင်းများ

ထွက်လာသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

ဟွမ်ယင် သည် ၁၀

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ဟွမ်ကန်းယု က နေရာမှာပင်

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

နောက်အခိုက်အတန့်မှာတော့

ဟွမ်ယင်ရှေ့တွင် ရှိနေခဲ့သည်။

သို့သော် သူမ၏ လက်သီးချက်က

ဟွမ်ယင် ကို မဟုတ်ဘဲ

သူ့ဘယ်ဖက်အာကာသပြင်ကိုထိုး

ချလိုက်သည်။

အုန်း...

မိတာရာချိုကျယ်သော

ဧရိယာသည်

ချက်ချင်းဝါးမျိုခံလိုက်ရတော့သ

ည်။

ဤနေရာရှိလူတိုင်း

အံ့ဩသွားကြသည်။

သူတို့၏ ခွန်အားနှင့်ပင်

ဤနေရာကို ဖျက်ဆီးရန်

မဖြစ်နိုင်ပေ။ သို့သော်

ဟွမ်ကန်းယု က

လက်သီးချက်ဖြင့်

ချိုးဖျက်ပစ်ခဲ့သည် ။

ဒါဆို သူမရဲ့ ခွန်အားက

ဘယ်လောက်တောင်

ကြောက်စရာကောင်းလဲ။

“လူရိုင်းနတ်ဘုရားခန္ဓာကိုယ်”

ယန်ယွဲ့ဓါးခေါင်းထဲမှာ

ဓားစာလိပ်ဓါတ်အသံ

ရောက်လာသည် “ဒါဟာ

မိန်းမပျိုအန်း ရဲ့

သိုင်းနတ်ဘုရားခန္ဓာကိုယ်လိုမျိုး

နတ်ဘုရားခန္ဓာကိုယ် ၁၀ ခုထဲက

တစ်ခုပဲ”

ဂျာအတောအတွင်း ဟွမ်ကာန်းယု

က ယန်ယဲ့ကို စိုက်ကြည့်ရင်း

“သိုင်းနတ်ဘုရားခန္ဓာကိုယ် ရှိတဲ့

အမျိုးသမီးကို သူ့ကိုယ်သူ

ထွက်လာပြဖို့ ပြောပါ။ သူမရဲ့

မွေးရာပါခန္ဓာကိုယ်လား

ဒါမှမဟုတ် ငါ့ခန္ဓာကိုယ်က

ပိုသန်မာလားဆိုတာ

ကြည့်ချင်တယ်”

ယန်ယဲ့ သည် ဘာမှပြန်မပြောပေ။

သို့သော်လည်း အန်နန်ကျင်းက

သူ့ရှေ့တွင် ပေါ်လာသည်။

အန်နန်ကျင်း က ဟွမ်ကန်းယု ကို

တည်ငြိမ်စွာ စိုက်ကြည့်ကာ “ငါ

နင့်ကို မတိုက်ခိုက်ချင်ဘူး”

“မတိုက်ခိုက်ချင်ဘူးတဲ့လား”

ဟွမ်ကန်းယု က အေးစက်စွာ

ရယ်မောလိုက်ပြီး

“ကြောက်နေတာလား”

အန်နန်ကျင်း က ခေါင်းညိတ်ပြီး

“ငါနှင့်ကိုသတ်မိမှာ

ကြောက်နေတယ်” ဟုပြီး

ဂရုမစိုက်ဘဲ ပြန်ဖြေလိုက်သည်။

ယန်ယဲ့ သည် အံ့အားသင့်ကာ

ဘာစကားမှမပြောနိုင်တော့ပေ။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၁၉ -

ငါ

နှင့်ကိုသတ်မိသွားမှာကိုကြောက်

နေတာ လား။

ယန်ယဲ့၏မျက်နှာက
မည်းမှောင်သွားသည်။

ပိုကောင်းတဲ့နည်းနဲ့
ပြောလို့မရဘူးလား။ ဒီလိုပြောရင်
သူမကို
အမုန်းပွားစေမှာမဟုတ်ဘူးလား

သူထင်တဲ့အတိုင်း အမှန်ပင်။

အန်နန်ကျင်း စကားဆိုးတာနဲ့

ဟွမ်ကန်းယု၏မျက်နှာက

အေးခဲသွားသည်။ ခုန်ထကာ

အန်နန်ကျင်းရှေ့မှာပေါ်လာသည်။

ထို့နောက် လက်သီးဖြင့်
အားကုန်ထိုးချလိုက်သည်။

လက်သီးချက်က ပတ်ဝန်းကျင်ရှိ
ကြားကွက်လပ်အလွှာများကို
ထိုးခွဲသွား
သည်။

ဤအချိန်တွင် အန်နန်ကျင်း၏

လုံက ဆတ်ခနဲ

လှုပ်ရှားသွားသည်။

လျှပ်စီးလက်သကဲ့သို့ ရှေ့ကို

ပစ်လွှတ်လိုက်သည်။

သာမန်ရိုးရှင်းသော်လည်း
ယုံကြည်မှုအရှိန်အဝါများ
သယ်ဆောင်လာသော
လုံ့ထိုးချက်ပင်။

လူတိုင်း
အန်နန်ကျင်း၏တိုက်ခိုက်မှုမှ
ကြီးမားသောယုံကြည်မှုကို

ခံစားခဲ့ရသည်။ ရန်သူကို
တစ်ချက်တည်းနဲ့
သတ်ပစ်နိုင်သည်ဟူသော
မယုံကြည်နိုင်စရာခံစားချက်မျိုးပါ
။

အုန်း...

ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက်
ဟွမ်ကန်းယု သည် မီတာ ၃၀၀
အကွာသို့ လွင့်ထွက်သွားခဲ့သည်။

သူရပ်တန့်လိုက်သည်နှင့်
လက်မောင်းတစ်ဖက်က

ကွဲထွက်သွားပြီး
သေွးများဖုံးလွှမ်းထားခဲ့သည်။
တစ်ချိန်တည်းမှာပင် သူ့အောက်ရှိ
မြေပြင်သည် အက်ကွဲသွားသည် ။

လူတိုင်း တုန်လှုပ်သွားကြသည်။

အန်နန်ကျင်း က တကယ်ကို
သန်မာနေတာလား ။

ယန်ယဲ့ ပင်
အံ့အားသင့်သွားရသည်။
အန်နန်ကျင်းက သူ့အား
ခွန်အားအပြည့်ဖြင့် တစ်ခါမှတော့
မတိုက်ခိုက်ဖူးပေ။ သို့သော်လည်း

သူက အန်နန်ကျင်း၏ ခွန်အားကို ကောင်းကောင်းသိထားပါသည်။

ယခုကဲ့သို့ ကြောက်စရာကောင်းနေမယ်လို့ တော့ သူလည်း မမျှော်လင့်ခဲ့ပေ။

အန်နန်ကျင်း က နေရာတွင် ရပ်နေလိုက်သည်။ ထို့နောက်

ဟွမ်ကန်းယု ကို စိုက်ကြည့်ကာ
"နင်က အရမ်းငယ်သေးတယ်" ဟု

ပြောပြီးသည်နှင့် အထဲကို
ပြန်ဝင်သွား၏။

အရမ်းငယ်သေးတာလား။

ယန်ယဲ့ က

ခေါင်းယမ်းလိုက်သည်။

တကယ်တော့ သူက

အန်နန်ကျင်း၏ ဆိုလိုရင်းကို

နားလည်ပါသည်။ သူက

ဟွမ်ကန်းယု

ကိုနှိမ့်ချလိုက်တာတော့မဟုတ်ပေ

။ အန်နန်ကျင်း နှင့်ယှဥ်ရင်
ဟွမ်ကန်းယုက
အမှန်ပင်အမျိုးသမီးငယ်လေးတ
စ်ယောက်လိုပါ။

ဟွမ်ကန်းယု၏မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သောအမူရာ
တစ်ခု ပေါ်လာသည်။

အန်နန်ကျင်းက သူ့အား

စော်ကားနေသည်ဟု

ခံစားမိလိုင်ပုံပါ။ ထို့ကြောင့်

ချက်ချင်း ရှေ့သို့ ခုန်တက်ကာ

ယန်ယွဲ့အား

တိုက်ခိုက်လိုက်သည်။

သူ့ထံမှ ထုတ်လွှတ်လိုက်သည့်
ဖိအားကြောင့်
အာကာသကိုပြင်းပြင်းထန်ထန်
တုန်လှုပ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က
မျက်မှောင်ကြုတ်သွားသည်။

ဟွမ်ကန်းယု က သူ့အား
မသိမဆိုင်တိုက်ခိုက်နေလို့ပါ။

ဤအခိုက်အတန့်တွင်
ပြင်းထန်သော အရှိန်အဝါတစ်ခု
ရုတ်တရက်ထွက်ပေါ်လာပြီးနော
က် ဟွမ်ကန်းယု ကို
ဖိချလိုက်သည်။ ဟွမ်ကန်းယု က

နေရောင်ရပ်သွားကာ
မြေပြင်ပေါ် ဆင်းလိုက်ရသည်။

ခဏအကြာတွင်တော့
ယန်ယဲ့ရှေ့မှာ
သက်လတ်ပိုင်းအမျိုးသားတစ်
ယောက် ပေါ်လာသည်။ သူက
ကောင်းကင်သခင် ပါ။

ကောင်းကင်သခင် က

ဟွမ်ကန်းယု ထံ လျှောက်သွားပြီး

"ရှုံးနိမ့်တာကို

လက်မခံနိုင်ဘူးလား"

ဟွမ်ကန်းယု က ပြင်းပြင်းထန်ထန်ပြောလိုက်သည်

"ငါမရှုံးဘူး။ ငါ…"

"ပါးစပ်ပိတ်ထားစမ်း…"

ကောင်းကင်သခင် က ဩဇာအာဏာအပြည့်လေသံဖြင့် အော်ငေါက်လိုက်သည်။

ဟွမ်ကန်းယု က
ကောင်းကင်သခင်ကို
မော့ကြည့်လိုက်သော်လည်း
ဘာမှပြန်မပြောရဲပေ။

ကောင်းကင်သခင် က
"မင်းလူတိုင်းကို

ထိတ်လန့်အောင်လုပ်ချင်လို့
နှစ်ပေါင်းများစွာအထိ
ကြိတ်မှိတ်ပြီးသည်းခံလာခဲ့ရတာ
ငါနားလည်ပါတယ်။ လူတွေက
မောက်မာထောင်လွှားရတာကို
ကြိုက်နှစ်သက်ကြသလို
သန်မာရင်လည်း
လေးစားချင်ကြတယ်။ ဒါပေမဲ့

အဲဒါကို စွဲလန်းရင်

ကောင်းတာထက် ပိုဆိုးလိမ့်မယ်”

ဟွမ်ကန်းယု၏မျက်နှာက

သုန်မှုန်နေခဲ့သည်။

ကောင်းကင်သခင် က

ခေါင်းယမ်းပြီး သက်ပြင်းချရင်း

"ကောင်းကင်ဘုံက မင်းကို ကြီးကျယ်ခမ်းနားတဲ့ နတ်ဘုရားခန္ဓာကိုယ်တစ်ခု ပေးသနားခဲ့တယ်။ ဒါပေမဲ့ မင်းမမြတ်နိုးဘူး"

ဟွမ်ကန်းယု က သူ့ကိုကြည့်ရင်း "ကောင်းကင်သခင်၊ ဒါကို

လက်မခံဘူး။ ငါက သူနဲ့

မယှဉ်နိုင်ဘူးလို့ ဘာလို့

သေချာနေတာလဲ။ ခဏလေးနဲ့

အရေးနိမ့်သွားလို့ပဲလား"

ကောင်းကင်သခင် က

ခေါင်းခါလိုက်သည်။ သူက

ထပ်ပြောလိုက်သည်

“မင်းတို့နှစ်ယောက်ကို

နှိုင်းယှဉ်တာဟာ

လူကြီးတစ်ယောက်ကို ကလေးနဲ့

ခိုင်းနှိုင်းတာနဲ့တူတယ်။

သူပြောတာမှန်တယ်၊

မင်းကငယ်သေးတယ်”

သို့သော် ဟွမ်ကန်းယု က

လက်ခံချင်ပုံမရပေ။ သူက

ကောင်းကင်သခင်ကို

မော့ကြည့်ပြီး "ငါ သူ့ကို ထပ်ပြီး

တိုက်ခိုက်ချင်နေတယ်။

ဒီတစ်ခါတိုက်လို့မှ ငါရှုံးရင်

သူကျေနပ်သလို လုပ်နိုင်တယ်"

ကောင်းကင်သခင် က ခဏတာ

တိတ်ဆိတ်သွားပြီး ယန်ယဲ့ ကို

စိုက်ကြည့်ကာ "ညီလေးယန်၊

မိန်းမပျိုအန်း ကို

ခဏလောက်အပြင်ထွက်ပြီး

လှေကျင့်ပေးဖို့ တောင်းဆိုလို့

ရမလား။ မင်းတို့နှစ်ယောက်

စလုံးရဲ့ ကျေးဇူးအကြွေးကို

မမေ့ပါဘူး"

ယန်ယဲ့က ကောင်းကင်သခင်
ကိုစိုက်ကြည့်နေသည်။ သူက
ဟွမ်ကန်းယု ကိုကူညီချင်နေတာ
သိသာပါသည်။

ယန်ယဲ့က ဤကျေးဇူးကို
ငြင်းဆန်မည်မဟုတ်ပေ။ သူက

ခေါင်းညိတ်ပြပြီးနောက်
အန်နန်ကျင်း ကို
အပြင်ခဏထွက်လာရန်
ပြောလိုက်၏။

အန်နန်ကျင်း ထွက်လာသည်နှင့်
ဟွမ်ကန်းယု၏မျက်နှာမှာ

ပြင်းထန်သော အမှုအရာ
ပေါ်လာသည်။

အန်နန်ကျင်း က ဟွမ်ကန်းယု ကို
စိုက်ကြည့်ရင်း "ငါ့ကို
တိုက်ခိုက်ပါ"

လူတိုင်း နောက်ပြန်ဆုတ်ပြီး
သူတို့အတွက်
နေရာဖယ်ပေးလိုက်ကြသည်။

ဟွမ်ကန်းယု က လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်လိုက်သည်။

ခလွပ်...

သူ့ပတ်ဝန်းကျင်ရှိ အာကာသက
ချက်ချင်း အက်ကွဲသွားသည်။

ခွန်အား...

စစ်မှန်ကြမ်းတမ်းသော
လူရိုင်းနတ်ဘုရားခွန်အားပင်ဖြစ်
သည်။

လူရိုင်းနတ်ဘုရားခန္ဓာကိုယ်ဟာ
လူရိုင်းခွန်အား နှင့်အတူ
ခွန်အားတစ်မျိုး ရှိသည်။
၎င်းသည်

နတ်ဘုရားခန္ဓာကိုယ်ကနေ

သဘာဝအတိုင်း ထွက်လာသော

ခွန်အားဖြစ်သည်။ အချို့သော

မူလနတ်ဆိုးများထက်ပင်

ပိုပြီးတော့

ကြောက်စရာကောင်းပါသည်။

တရားမျှတမှုဆိုတာ

အများစုအတွက် မရှိဘူးဟူ၍

ငြင်းယ်လို့မရပါ။

အချို့လူများအတွက်

မွေးဖွားလာကတည်းက

ကောင်းချီးပေးခံရသည်။

အလွန့်အလွန်
ကြောက်မက်ဖွယ်ကောင်းသော
လူရိုင်းနတ်ဘုရားစွမ်းအင်များ
စုစည်းလာပြီး ပေါက်ကွဲရန်
အသင့်ဖြစ်နေသည့် မီးတောင်နှင့်
တူသည်။ ဖိအားကြောင့်
ဤနေရာရှိ လူအချို့သည်
အနည်းငယ်
အသက်ရှူကျပ်သွရလေသည်။

ဤအတောအတွင်း

မူလစေတီထဲမှာတော့....

ကောင်းကင်ဓားစင်မြင့် ။

ဝမ်အရှူးမလေး က

ကျောက်သားစင်မြင့်ပေါ်မှာ

ထိုင်နေရင်း

အရိုးချောင်းကိုနမ်းရှိုက်ကာ

ကောင်းကင်ကို

မျှော်ကြည့်နေပါသည်။ သူက

ရုတ်တရက် "နှင်းခဲလေး၊ ငါ

အဲဒီအမျိုးသမီးကို စားချင်တယ်"

ဟုပြောလိုက်ပါသည်။

နှင်းပွင့်လေးက

မျက်တောင်ခတ်ပြီး

လက်သည်းများကို

ပြောက်လိုက်သည်။ သူမက

"ဘာလို့စားချင်တာလဲ"

လို့မေးနေတာပါ ။

ဝမ်အရှုးမလေး က

ပတ်ဝန်းကျင်ကို လျှို့ဝှက်စွာ

တစ်ချက်ကြည့်လိုက်ပြီး

"နှင်းခဲလေး၊ လျှို့ဝှက်ချက်တစ်ခု

ပြောပြပါရစေ"

နှင်းပွင့်လေး က

မျက်တောင်ခတ်ကာ

ဝမ်အရူးမလေး ဆီသို့

ပျံသန်းလာပြီး နားရွက်အနား

တိုးကပ်လာသည်။

ဝမ်အရူးမလေး က တစ်ခုခုကို

တွေးနေပုံရပြီး "နင်

ဒီအကြောင်းကို ဘယ်သူ့ကိုမှ
ပြန်ပြောလို့မရဘူး"

နှင်းပွင့်လေး က ကမန်းကတန်း
ခေါင်းညိတ်ပြသည်။

ဝမ်အရှူးမလေး က
ပတ်ဝန်းကျင်ကို

တစ်ချက်တစ်ချက်ကြည့်လိုက်ရာ ဘယ်သူ့ကိုမှ သတိမထားမိသဖြင့် "နှင်းခဲလေး၊ သူ့ခန္ဓာကိုယ်က တခြားသာမန်လူတွေနဲ့ မတူလို့ သူ့ကို အရမ်းစားချင်လိုက်တာ။ အစ်မကြီးအန်း လည်းပါတယ်။ ငါသူမကိုအကြိမ်ကြိမ်စားချင်ခဲ့တယ်။ ငါ့ရဲ့ပင်ကိုယ်က သူ့ကိုစားရင် ပိုတောင်

သန်မာလာမှာလို့ပြောနေတယ်။
ဒါ့အပြင် အစ်မကြီးယု
လည်းရှိသေးတယ်။ သူလည်း
အရမ်းအရသာရှိတယ်ထင်တယ်၊
အစ်ကိုကြီးယန် က
နောက်တစ်ယောက်ပေါ့"

နှင်းပွင့်လေး က

အချိန်အတော်ကြာ

ထိတ်လန့်သွားပြီး

သူမ၏လက်သည်းကိုမြှောက်ကာ

ဝမ်အရှုးမလေး၏နဖူးကို

ကုတ်ခြစ်လိုက်သည်။

ဝမ်အရှုးမလေး က

မျက်လုံးပြူးပြီး “ငါ မလိမ်ပါဘူး။

ငါသူတို့ကိုတကယ်စားချင်တယ်။

ဒါပေမဲ့ ငါမလုပ်နိုင်ဘူး။

ပထမတော့ ငါက သူတို့အားလုံးနဲ့

မယှဉ်နိုင်ဘူး။ အထူးသဖြင့်

အစ်မကြီးယု နဲ့ အစ်မကြီးအန်း ပဲ။

သူတို့က

အရမ်းကြောက်စရာကောင်းတယ်

။ တွေးရုံပဲတွေးနိုင်တာ၊

တကယ်မလုပ်ရဲဘူး။

ဟုတ်တယ်၊ အစ်ကိုကြီးယန်

ဆိုရင်တော့ ငါ သူ့ကို

အနိုင်ယူနိုင်ရင်တောင် ငါ သူ့ကို

မစားနိုင်ဘူး။ ဟူး…၊ ဒါက

အရမ်းနာကျင်ရတာပဲ”

နှင်းပွင့်လေး က ခဏလောက်

စဉ်းစားပြီးနောက်

အရိုးချောင်းသေးသေးလေးကို

ပစ်ပေးလိုက်သည်။

သူမ၏ဆိုလိုရင်းက

ဝမ်အရှူးမလေးဟာ

အရိုးချောင်းများများစားသင့်တယ်

လို့ပြောနေတာပါ။

ဝမ်အရူးမလေး က
အရိုးချောင်းကို ယူရင်း
မျက်နှာပေါ်တွင်
စိတ်ပျက်အားငယ်ခြင်းများဖြင့်
ပြည့်နှက်နေခဲ့သည်။

မူလစေတီအပြင်ဖက် ။

ဟွမ်ကန်းယု

လူရိုင်းနတ်ဘုရားစွမ်းအားကို

အပြည့်အ၀ ပေါင်းစပ်ပြီးနောက်

အန်နန်ကျင်း ဆီသို့

ခုန်ဝင်လိုက်သည်။

တစ်ချိန်တည်းမှာပင်
ပြင်းထန်သော
ဖိအားလှိုင်းကြီးတစ်ခုက
အန်နန်ကျင်း ဆီသို့
တိုးဝင်သွားခဲ့သည်။

အန်နန်ကျင်း၏မျက်နှာက
ဘာမှမထူးခြားဘဲ ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။
ထို့နောက် လှံကိုမြှောက်၍
ဟွမ်ကန်းယုကို ထိုးလိုက်သည်။

ဘာနည်းစနစ်မှမပါဘဲ
သာမန်ရိုးရှင်းသောတိုက်ခိုက်မှုပါ။

သို့သော် သာမန် လုံထိုးချက်က

ဟွမ်ကန်းယု ထံမှ ထွက်လာသော

ဖိအားအားလုံးကို

ချေဖျက်ပစ်လိုက်သည်။

ဤအချိန်တွင်

ဟွမ်ကန်းယု၏လက်သီးချက်

ကျရောက်လာသည်။

လက်သီးနှင့်လှံက လေထဲတွင်

ဆုံတွေ့သွား၏။

ဘောင်း...

မီတာရာချိုကျယ်သော

ရေယာသည် တုန်လှုပ်သွားပြီး

အက်ကွဲစပြုလာသည်။

ကောင်းကင်သခင် က

အနည်းငယ်

မျက်မှောင်ကြုတ်ကာ

သူ၏ညာလက်ကို

တွေ့ယမ်းလိုက်သည်။ ထိုခဏမှာပဲ
ပတ်ဝန်းကျင်နေရာသည်
ချက်ချင်းပုံမှန်ပြန်ဖြစ်သွားသည်။

အန်နန်ကျင်း နှင့် ဟွမ်ကန်းယု
တို့နှစ်ယောက်က
ထပ်ပြီးမတိုက်ခိုက်ကြသေးပါ။

ဟွမ်ကန်းယု၏မျက်လုံးထဲကနေ

ရက်စက်ကြမ်းကြုတ်သော

အလင်းရောင်များ

ထွက်ပေါ်လာသည်။

ရိုင်းစိုင်းကြမ်းတမ်းသောစွမ်းအင်

များ ထွက်လာပြီး

သူမ၏ညာဖက်လက်မောင်းထဲကို

တိုးဝင်လာသည်။

သို့သော်လည်း အန်နန်ကျင်း က
လုံး၀မလှုပ်ရှားသေးပါ။

ဟွမ်ကန်းယု၏မျက်နှာပေါ်တွင်
ရှုံးသွပ်မှုအပြင်
ရက်စက်မှုတို့ပေါ်လာသည်။

သူမ၏ညာဖက်လက်ကို
ဆတ်ခနဲလိမ်ချလိုက်သည်။

ဘမ်း...

အန်နန်ကျင်း ကို နောက်သို့
ခြေလှမ်း ၁၀ လှမ်းခန့်
ပြန်တွန်းထုတ်လိုက်သည်။

ဤအချိန်တွင် အန်နန်ကျင်းက

ရုတ်တရက်

မျက်မှောင်ကြုတ်သွားသည်။

သူမ၏လုံ့ကို ဖယ်ထုတ်ပြီး

ရှေ့တက်လာကာ

ဟွမ်ကန်းယု၏မျက်နှာကို

လက်သီးဖြင့်

ဖြတ်ထိုးချလိုက်သည်။

လက်သီးက

ဟွမ်ကန်းယု၏မျက်နှာကို

တည့်တည့် ထိမှန်သည် ။

ဘုန်း...

ဟွမ်ကန်းယု၏မျက်နှာက
လည်ထွက်သွားပြီး သွေးများ
ဖြန်းခနဲထွက်လာသည်။ သို့သော်
အန်နန်ကျင်းက မရပ်တန့်ပေ၊
ရှေ့သို့ ရုတ်ချည်းတက်လာကာ
ဟွမ်ကန်းယု၏ဝမ်းဗိုက်ကို
ဒူးဖြင့်ဆောင့်တိုက်လိုက်သည်။
တစ်ချိန်တည်းမှာပဲ
သူမ၏ညာဖက်တံတောင်ဆစ်ကို

မြှောက်ပြီး

ဟွမ်ကန်းယု၏မျက်နှာကို

ထောင်းလိုက်လေသည်။

ဘမ်း...

ဟွမ်ကန်းယု၏မျက်နှာလေးက
သွေးများ ပန်းထွက်လာကာ
နောက်တစ်ကြိမ်လွင့်ထွက်သွားပြ
န်သည်။

ဤအချိန်တွင်
အန်နန်ကျင်း၏လက်ထဲမှာ
လုံတိုတစ်ချောင်း

ဖျတ်ခနဲပေါ်လာသည်။ ထို့နောက်

လှုံ့တိုကိုမြှောက်၍

ပစ်ပေါက်ရန်ပြင်လိုက်၏။

ဤအတောအတွင်း ဟွမ်ကန်းယု

က

သတိလစ်မတတ်ဖြစ်နေပါသည်။

အန်နန်ကျင်းသာ လှုံ့ဖြင့်

ပစ်ခတ်လိုက်ပါက

ရှောင်နိုင်မှာမဟုတ်ပေ။
သေဖို့သာရှိတော့သည်။

သို့သော် ကောင်းကင်သခင် က
ရုတ်တရက် "မိန်းကလေးအန်း၊
ကျေးဇူးပြုပြီး ညှာတာပေးပါ"

ဟူ၍
အမြန်အောင်ပြောလိုက်လေသည်။

အန်နန်ကျင်း က လုံ့တိုကို
ပြန်သိမ်းပြီးနောက် ယန်ယဲ့ထံ
လျှောက်သွားကာ "ဒါက
ရယ်စရာဟာသတစ်ခုလိုပဲ"

ယန်ယဲ့က
လက်မထောင်ပြလိုက်သည်။

အန်နန်ကျင်း က
တစ်ချက်ပြုံးလိုက်ပြီး အထဲကို
ပြန်ဝင်သွားလေတော့သည်။

ဤအတောအတွင်း ဟွမ်ကန်းယု

က မျက်နှာပေါ်တွင်

ဗလာကျင်းသောအမူအရာဖြင့်

မြေပြင်ပေါ်တွင် လှဲနေရင်း

“မဖြစ်နိုင်…မဖြစ်နိုင်…”

သူမရှူးသွားပြီ။

လုံးဝကို ပိုးစိုးပက်စက်ရှုံးသွားတာပါ။

တစ်ချက်တောင် ပြန်ပြီးတိုက်ခိုက်နိုင်စွမ်းမရှိခဲ့....

ဤအချိန်တွင် ကောင်းကင်သခင်က ဟွမ်ကန်းယု ထံသို့

လျှောက်လာကာ
“လူရှိုင်းနတ်ဘုရားခန္ဓာကိုယ်က
ကောင်းမွန်ပါတယ်၊
မင်းကိုယ်တိုင်က
တော်တော်လေးကိုရယ်စရာကော
င်းတဲ့သူပဲဆိုတာ
မင်းနားလည်ထားရမယ်။
မင်းအလုပ်မကြိုးစားရင် အဲဒါကို
မတိုက်ခိုက်ရင်

နတ်ဘုရားခန္ဓာကိုယ်
ရှိနေရင်တောင်
ဘာမှအသုံးမဝင်ဘူး။ အခု
မင်းတို့နှစ်ယောက်ကြားက
ကွာဟချက်က သဘာဝ
ပင်ကိုယ်စွမ်းရည်၊
အသိအမြင်တွေနဲ့
အရင်းအမြစ်တွေမဟုတ်ဘူး။
မင်းရဲ့စိတ်နေစိတ်ထား

ကွာဟချက်ပဲ။ ရှင်းရှင်းပြောရရင်
သူမက တောထဲမှာ နေထိုင်တဲ့
ကျားတစ်ကောင်၊ မင်းကျတော့
အိမ်မှာမွေးထားတဲ့ကျား။
မင်းတို့နှစ်ယောက်က
ကျားဖြစ်နေရင်တောင်
အတွေ့အကြုံ၊ စိတ်အခြေအနေနဲ့
ခွန်အားတွေက ကွာဟတယ်..."

ဟွမ်ကန်းယု က
အကြာကြီးတိတ်ဆိတ်သွားပြီးမှ
ကောင်းကင်သခင်ကို
စိုက်ကြည့်ရင်း “ဒါကို ငါ
လက်မခံဘူး”

ကောင်းကင်သခင် က
မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင်
အလင်းတန်တစ်ချက်လက်သွား
ပြီး ဓားတစ်ချောင်းက
ဟွမ်ကန်းယုဧ၏နဖူးကို
ရုတ်တရက်ထိုးသွင်းလိုက်သည်။

ဓားက

အနည်းငယ်နစ်ဝင်သွားသဖြင့်

နဖူးကနေ

သွေးများစီးကျလာသည်။

လူတိုင်းက

ရုတ်တရက်တိုက်ခိုက်လိုက်တဲ့လူ

ကို ကြည့်လိုက်ရာ
ယန်ယဲ့ဖြစ်နေခဲ့သည်။

ယန်ယဲ့က လစ်လျူရှုပြီး
ဟွမ်ကန်းယု ကိုစိုက်ကြည့်ကာ
"မင်းက လက်မခံနိုင်ဘူးဆို။
အခုလေးတင် ကောင်းကင်သခင်
ကိုမျက်နှာသာပေးနေလို့၊

မဟုတ်ရင် မင်းကိုသတ်တော့မှာ။

ကောင်မလေး၊

ဒါတောင်လက်မခံချင်သေးဘူး

လား။ သောက်ကျိုးနည်းအောင်ကို

စိတ်ကြီးဝင်နေတဲ့ကလေးမပဲ၊

လာ… ငါ့ကိုတိုက်ခိုက်စမ်း။ ငါ့မှာ

မင်းလိုမျိုးနတ်ဘုရားခန္ဓာကိုယ်

မရှိပေမယ်လို့

မင်းကိုသတ်နိုင်တယ်ဆိုတာ

ငါအာမခံတယ်"

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၈၂၀ -

ယန်ယွဲ့သည် ဆက်ပြီး
သည်းမခံနိုင်တော့ပေ။

ရှုံ့းနိမ့်ခြင်းသည်
ရှက်စရာမဟုတ်ပါ။ အရှုံးကို

လက်မခံနိုင်တာကသာ ရှက်စရာဖြစ်သည်။ ဟွမ်ကန်းယု တစ်စုံတစ်ရာကို လုံး၀လက်မခံနိုင် ဖြစ်နေပုံရသည်။

သူမက ယန်ယဲ့ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး "နင်က ဘယ်သူမလို့လဲ..."

ယန်ယဲ့က စကားမပြောဘဲ
သူမ၏ဗိုက်ကို
ကန်ထုတ်လိုက်သည်။

"အုန်း..."

ဟွမ်ကန်းယုက
တစ်မိုင်အကွာအထိ
လွင့်ပျံထွက်သွားသည်။ ယန်ယဲ့က
လုံးဝမထိန်းထားဘဲ ပြင်းထန်စွာ
ကန်ကျောက်လိုက်သဖြင့်
သူမ၏မျက်နှာလေးက
ပြင်းထန်သော နာကျင်မှုဖြင့်
တုန်လှုပ်သွားသည်။

ထိုပြင်သူက မရပ်တန့်သေးဘဲ
ဟွမ်ကန်းယုရှေ့တွင်
ပေါ်လာခဲ့သည်။

ဟွမ်ယင်က ခဏတုံ့ဆိုင်းသွားပြီး
စကားပြောရန်ပြင်လိုက်စဉ်

ကောင်းကင်သခင်ကတားလိုက်သ
ည်။

ဟွမ်ယင်က ကောင်းကင်သခင်ကို
အံ့သြစွာ ကြည့်လိုက်သည်။

သူက
တိုးတိုးလေးပြောလိုက်သည်။

“သူ့မှာအရည်အချင်းရှိပေမဲ့
စည်းကမ်းမရှိဘူး။
မောက်မာလွန်းတယ် သူ့မှာနကို
မဖျက်ဆီးရင် အနာဂတ်မှာ
အလယ်အလတ်တန်းစားပဲ
ဖြစ်လာလိမ့်မယ်”

ဟွမ်ယင်က ခေါင်းငြိမ့်ပြီး ဘာမှမပြောတော့ပေ။

ယန်ယဲ့က ဟွမ်ကန်းယုရှေ့တွင် ရပ်နေကာ "လူရိုင်းနတ်ဘုရားခန္ဓာကိုယ်လား..။ အဲ့ဒါက မင်းရဲ့မောက်မာတဲ့

အသွင်အပြင်ကို ဖော်ပြဖို့
ဒါ့အပြင် ဘာရှိသေးလဲ..."

ဟွမ်ကန်းယုက
မီးဝင်းဝင်းတောက်နေသော
မျက်လုံးအစုံဖြင့် ယန်ယဲ့အား
စိုက်ကြည့်နေသည်။

ယန်ယဲ့က သူမကို
အထင်အမြင်သေးစွာ
စိုက်ကြည့်ကာ
“မင်းတို့နှစ်ယောက်အကြားမှာ
ဘာကွာခြားလည်း မင်းသိလား…။
သူမက သိုင်းနတ်ဘုရားခန္ဓာကိုယ်
ဆုံးရှုံးသွားရင်တောင်မှ သူမက
အရင်လူဖြစ်နေတုန်းပဲ။
ခွန်အားက

ခန္ဓာကိုယ်ကနေလာတယ်။
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်မရှိရင် မင်းကို ငါဒီမှာ
သတ်တာကို ထည့်မပြောနဲ့
အပြင်ကမ္ဘာတောင်
ဘာမှန်းမသိဘဲနဲ့ အမှိုက်တစ်စလို့
ဖြစ်သွားလိမ့်မယ်"

ယန်ယဲ့က စကားပြောပြီးနောက်
ဟွမ်ယင်ကို
လှည့်ကြည့်လိုက်သည်။

ဟွမ်ယင်က ခေါင်းညိတ်ပြီး
ယန်ယဲ့နှင့် အားလန်တို့ကို ခေါ်ကာ
အထဲကို ဝင်သွားကြသည်။

ကောင်းကင်သခင်နှင့်

ဟွမ်ကန်းယုတို့သာ ဤနေရာတွင်

ကျန်ရှိနေခဲ့သည်။ ဟွမ်ကန်းယုက

မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်ထားလိုက်ပြီးနောက်

တော်တော်ကြာမှ

“သူမတကယ်ကို သန်မာတယ်”

တကယ်သန်မာတယ်။

ယခင်တိုက်ပွဲကို
ပြန်တွေးမိသွားကာ
ဟွမ်ကန်းယုက အန်နန်ကျင်း၏
ခွန်အားကို
ကောင်းကောင်းခံစားမိခဲ့သည်။

ကောင်းကင်သခင်က “မင်းနဲ့

သူမအကြားက

ခွန်အားကွာခြားချက်က

သိပ်မကြီးမားဘူး။ ဘာလို့

ချက်ချင်းရှုံးနိမ့်သွားတာလဲသိလား

…”

ဟွမ်ကန်းယုက
ကောင်းကင်သခင်ကို
စိုက်ကြည့်နေသည်။

သူက “အဓိကကတော့ မင်းရဲ့
စိတ်အခြေအနေနဲ့
တိုက်ရိုက်ရေးပီဇပဲ။ မင်းရဲ့
စိတ်အခြေအနေ ၈၀% က မင်းရဲ့

ခွန်အားနဲ့ သူမကိုအနိုင်ယူဖို့

ခက်ခဲတယ်လို့ ထင်နေတယ်။

ဒီလိုမျိုးတွေးမိတာနဲ့ မင်းရဲ့

စိတ်နှလုံးသားက

တုန်လှုပ်စပြုလာပြီး မင်းစိတ်တွေ

ကမောက်ကမဖြစ်သွားပြီး။

သူမကတော့ တိုက်ပွဲတစ်ခုလုံးရဲ့

စိတ်အခြေအနေက အတူတူပဲ”

ဟွမ်ကန်းယုက
အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး
“ငါမတုန်လှုပ်သွားဘူးဆိုရင် သူ့ကို
အနိုင်ရဖို့က အခွင့်အရေး
ဘယ်လောက်ရှိမလဲ...”

ကောင်းကင်သခင်က ခေါင်းကို

ခါယမ်းလိုက်ပြီး "သိုင်းတာအိုမှာ

သူ့ရဲ့အောင်မြင်မှုက

မင်းထက်အဆင့်အတန်းပိုမြင့်မား

တယ်။

မရဏသက်တော်စောင့်တွေထက်

တောင် မနိမ့်ကျဘူး။

လူရိုင်းနတ်ဘုရားခန္ဓာကိုယ်က

ဂုဏ်ယူသင့်တာမဟုတ်ဘူး။

ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်တယ်ဆို

တာ မှတ်ထား။

ယန်ယဲ့ပြောသလိုပဲ

မင်းစဉ်းစားကြည့်လေ။

လူရိုင်းနတ်ဘုရားခန္ဓာကိုယ်နဲ့

လူရိုင်းနတ်ဘုရားစွမ်းရည်

ဆုံးရှုံးသွားရင်

မင်းဘာဆက်လုပ်မလဲ…”

ဟွမ်ကန်းယု၏ မျက်နှာလေးက ဖြူဖျော့သွားကာ လက်များ တုန်ယင်လာသည်။

ကောင်းကင်သခင်က

“ဝိညဉ်ဖန်ဆင်းရှင်ကို ငါတို့က

ဘာလို့ မဖမ်းခိုင်းရတာလဲဆိုတာ သိလား…”

ဟွမ်ကန်းယုက ခေါင်းခါပြသည်။

ကောင်းကင်သခင်ကပြုံးပြီး “ဘာလို့လဲဆိုတော့ ငါတို့က အခြားလူကို ဘယ်တော့မှ

မျှော်လင့်ချက်မထားဘူး။ ငါတို့က

အရာရာတိုင်းအတွက်

ကိုယ့်ကိုယ်ကိုပဲအားကိုတယ်။

ဒါ့အပြင်ထာဝရနိုင်ငံတော်က

သူ့ကိုသတ်ပြီး

ဝိညာဉ်ဖန်ဆင်းရှင်ကို

ရယူဖို့လုပ်နေတာဟာ

သေခြင်းရှင်ခြင်းရန်သူ

ဖြစ်အောင်ကြိုးစားနေသလိုပဲ။

ငါ့ရန်သူရဲ့ရန်သူက ငါ့မိတ်ဆွေ။
ငါတို့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်က သူနဲ့မိတ်ဆွေဖွဲ့ဖို့
စဉ်းစားထားတယ်။
ဝိညဉ်ဖန်ဆင်းရှင်နဲ့ ယန်ယဲ့က
ထာဝရနိုင်ငံတော်ဘက်ကို
ဘက်ပြောင်းသွားမယ်လို့
မင်းထင်လား…”

ဟွမ်ကန်းယုက "ဘာပဲဖြစ်ဖြစ်
ဝိညဉ်ဖန်ဆင်းရှင်က
ငါတို့ထိန်းချုပ်မှုအောက်မှာ
ရှိနေတာပိုကောင်းတယ်မဟုတ်
လား...။ ယန်ယွဲ့နဲ့
သူတို့နှစ်ယောက်က ထူးခြားတဲ့
ညာဏ်ကြီးရှင်တွေဖြစ်ကောင်းဖြစ်

နိုင်ပေမဲ့ ငါတို့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်နဲ့

လုံးလုံးမသက်ဆိုင်ဘူးမဟုတ်

လား…”

ကောင်းကင်သခင်ကပြုံးပြီး

“သူ့မှာ

ကျောထောက်နောက်ခံရှိတယ်”

“ကျောထောက်နောက်ခံ

ရှိနေတာလား...”

ဟွမ်ကန်းယုက
မျက်မှောင်ကြုတ်ပြီး
ထပ်မေးချင်ပုံရသည်။
သို့သော်လည်း
ကောင်းကင်သခင်က
ခေါင်းခါလိုက်သည်။

“မင်းပြန်ကောင်းလာပြီးဆိုရင်
မရဏာသက်တော်စောင့်
စခန်းကိုလာခဲ့ပါ။ မင်းအတွက်
ပိုကောင်းလိမ့်မယ်”

စကားပြောပြီးနောက်
နေရာမှာတင် ပျောက်သွားသည်။

ဟွမ်ကန်းယုက “မထူးဆန်းပါဘူး”

အကယ်၍ ယန်ယဲ့မှာသာ
ကျောထောက်နောက်ခံ
မရှိနေလျှင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်သည့် သူ့အား မျက်နှာသာ
ပေးမှာမဟုတ်ပေ။

ယန်ယဲ့၏ခွန်အားက

သန်မာသော်လည်း

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှ

ယ်တစ်ခုလုံးအား ဆန့်ကျင်ဖို့တော့

မလုံလောက်ပါ။

ထိုကြောင့်အဓိကကတော့

သူူ၏ကျောထောက်နောက်ခံပင်

ဖြစ်ပုံရသည်။

သို့သော် ယန်ယဲ့အား မည်သူက
ထောက်ခံသနည်း။ အကြောင်းမှာ
ထိုလူက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ကိုပင်
ဝိညာဉ်ဖန်ဆင်းရှင်ကို စွန့်လွှတ်ပြီး
ယန်ယဲ့အား မျက်နှာသာ

ပေးရလောက်သည်အထိဖြစ်လာ
သောကြောင့်ပါ။

ခန်းမထဲသို့ ဝင်လိုက်သည်နှင့်
မျက်နှာပေါ်တွင် ဓားသွား
အမာရွတ်ရှိနေသော
အဘိုးကြီးတစ်ဦးက လေထဲ၌
ရပ်နေခဲ့သည်။

ဟွမ်ယင်က အဘိုးကြီးအား အနည်းငယ် ဦးညွှတ်ကာ "မဟာအကြီးအကဲ"

မဟာအကြီးအကဲက ဟွမ်ယင်ကို ငုံ့ကြည့်လိုက်သည်။

သူက အနည်းငယ်
ခေါင်းညိတ်ပြပြီး နံဘေးရှိ
ယန်ယဲ့ကိုစိုက်ကြည့်ကာ
“မင်းသူ့ကို တွေ့ခွင့်ပေးမလား...”

သူ့ဆိုလိုရင်းက နှင်းပွင့်ကို
ရည်ညွှန်းနေတာပါ။

ယန်ယဲ့က ခဏာတုံ့ဆိုင်းနေပြီး
ခေါင်းညိတ်ပြကာ နှင်းပွင့်ကို
အပြင်ခေါ်လိုက်သည်။
နှင်းပွင့်လေးက
အပြင်ထွက်လာပြီး
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
ထိုနောက် ရတနာတစ်စုံတစ်ခုမှ

ရှာမတွေ့သဖြင့် ခေါင်းယမ်းကာ
အထဲပြန်ဝင်သွားတော့သည်။

ဤအခြေအနေကြောင့်
ယန်ယဲ့လည်း အတော်လေးကို
အံ့အားသင့်သွား၏။

“ဝိညာဉ်ဖန်ဆင်းရှင်”

ဤအချိန်တွင်
မဟာအကြီးအကဲက
“တကယ်ကို ဝိညာဉ်ဖန်ဆင်းရှင်ပဲ”

ဒီအချိန်မှာ သူ၏မျက်လုံးထဲ
ရှုပ်ထွေး ပွေလီသော
ခံစားချက်များ ထွက်လာသည်။

လွန်ခဲ့သည့် အတိတ်ကာလတွင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ် စစ်ရှုံးနိမ့်ခဲ့ရသည့်
အကြောင်းအရင်းမှ
ဝိညာဉ်ဖန်ဆင်းရှင်နှင့်
သက်ဆိုင်သည်ဟု
သတ်မှတ်နိုင်ပါသည်။ ယခု

ဝိညဉ်ဖန်ဆင်းရှင်ကို

ထပ်မံတွေ့လိုက်ရသဖြင့်

ငင်းသည် သူ၏

စိတ်နှလုံးသားထဲက

စိတ်ခံစားမှုများကို

နှိုးဆွပေးခဲ့သည်။

သူက ဝိညာဉ်ဖန်ဆင်းရှင်ကို

မုန်းနေတာလား။

ရိုးရိုးသားသားပြောရလျှင်

ဝိညာဉ်ဖန်ဆင်းရှင်ကို

မုန်းနေတာမဟုတ်ပေ။

လွန်ခဲ့သည့် အတိတ်တွင်

အားလုံးက အချို့သော

အရာများဆီသို့ ရောက်သွားကာ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှ

ယ်က

အစွန်းရောက်လွန်းသွားခဲ့သည်။

အထူးသဖြင့် ထာဝရနိုင်ငံတော်၏

ဝိညဉ်ဘုရင်များကို

သတ်ဖြတ်ခဲ့သည်။ အမှန်တော့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ထဲမှ လူအများစုက

ထိုလုပ်ရက်များကို
မထောက်ခံခဲ့ကြပါ။
ကံမကောင်းစွာဘဲ ထိုလူ
တည်ထောင်သူဘိုးဘေး၏
ညီတော်က တမင်သက်သက်
လုပ်ဆောင်ခဲ့သည်။ အဆုံးတွင်
၎င်းက ဝိညာဉ်ဖန်ဆင်းရှင်ကို
စစ်ပွဲတွင် ပါဝင်လာစေခဲ့သည်။
ခဏအကြာတွင် အဘိုးကြီးက

သူ့အတွေးများကို ထိန်းပြီး

အနည်းငယ် ခေါင်းခါယမ်းကာ

ဟွမ်ယင်ကိုကြည့်လိုက်သည်။

ထို့နောက်

ခရမ်းရောင်တံဆိပ်ပြားတစ်ခု

ပစ်ပေးလိုက်ပြီး

“အခုအချိန်ကစလို့ မင်းက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်ရဲ့ အိမ်ရှေ့မင်းသားပဲ။
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ရဲ့ အဆင့်၅
ပညာရှင်တွေအပြင်မင်းက
အခြားလူတွေကို
အမိန့်ပေးနိုင်တယ်။ ဒါအပြင်
အဆင့်၅ ပညာရှင်တွေက မင်းရဲ့
အုပ်ချုပ်မှုအောက်မှာမရှိပေမဲ့

မင်းရဲ့ဆုံးဖြတ်ချက်တွေကို ငါတို့ဝင်စွက်ဖက်လို့မရဘူး”

ထိုစကားပြောပြီးသည်နှင့် အဘိုးကြီးက နေရာမှာတင် ပျောက်ကွယ်သွားခဲ့သည်။

“အိမ်ရှေ့မင်းသား”

ဟွမ်ယင်က အမိန့်ပေးတိုကင်ကို
ငုံ့ကြည့်ကာ
တိတ်ဆိတ်သွားသည်။

အားလန်က ရုတ်တရက်
ပြောလိုက်သည်။
"ဂုဏ်ယူပါတယ်"

ဟွမ်ယင်က

ခါးသက်သက်ရယ်မောရင်း

“မင်းသိလား…။

ဒီတံဆိတ်တုံးကိုမရခင်မှာ

ငါတကယ်ပဲလိုချင်ခဲ့တယ်။

ဒါပေမြ့ အခုတော့ ငါ့အတွက်

အရမ်းလေးလံနေသလို
ခံစားနေရတယ်”

“ဘုန်း…”

အိမ်ရှေ့မြင်းသားက သူ့ကို
လုပ်ပိုင်ခွင့်အာဏာအများကြီးပေး

ခဲ့သလို့ လေးလံသော ဝန်ကို
ထမ်းပိုးထားရသည်။

အားလန်က “တာဝန်တွေက
လေးလံနေတာ ပုံမှန်ပါပဲ”

ဟွမ်ယင်ကပြုံးပြီး “ကောင်းပြီ။
ဒါကို မေ့ထားလိုက်ပါ။

အစ်ကိုယန်နဲ့ မိန်းကလေးအားလန်

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်မှာ သိုင်းပညာခန်းမနဲ့

တာအိုခန်းမရှိတယ်။

သိုင်းပညာခန်းမမှာ

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စုက နှစ်ပေါင်းများစွာ

စုစည်းထားတဲ့

မျိုးစုံမှတ်တမ်းတွေရှိတယ်။

တာအိုခန်းမမှာတော့
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ရဲ့
ဘိုးဘေးအဆက်ဆက်ချန်ထားခဲ့
တဲ့ နားလည်ဆင်ခြင်နိုင်စွမ်းတွေ
ပါဝင်တယ်။ အဲ့ဒီထဲမှာ
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ရဲ့အဖိုးတန်
ရတနာတွေလို့ယူဆနိုင်တဲ့

အစွမ်းထက်

လျှို့ဝှက်နည်းစနစ်တွေတောင်

အများကြီးရှိတယ်။ မင်းတို့က

သွားကြည့်ဖို့

စိတ်ဝင်စားသလား...”

နှစ်ယောက်သား

အကြည့်ချင်းဖလှယ်ပြီး

ခေါင်းညိတ်လိုက်ကြသည်။
အရှုးတစ်ယောက်မှသာ
ငြင်းနိုင်လိမ့်မည်။

ဟွမ်ယင်က
ခေါင်းညိတ်လိုက်သည်။
"ကောင်းပြီ မင်းတို့
စိတ်ဝင်စားတယ်ဆိုရင် မင်းတို့ကို

ငါခေါ်သွားနိုင်တယ်။ အဲ့ဒီစစ်ပွဲကို မင်းတို့ကြည့်နိုင်တယ်"

အားလန်က ရုတ်တရက် "နင့်ရဲ့ ဟင်းလင်းပြင်ပျက်သုဉ်းခြင်း မျိုးနွယ်က အဲ့ဒါကို မှတ်တမ်းတင်ခဲ့တာလား..."

ဟွမ်ယင်က ခေါင်းညိတ်သည်။

"ကျရှုံးမှုက

ကြောက်စရာမဟုတ်ဘူး။

ကြောက်စရာကောင်းတာက

ကျရှုံးမှုကို ရင်ဆိုင်ဖို့

လက်မခံနိုင်ဘူးလို့

ငါတို့ဘိုးဘေးက ပြောခဲ့တာ။

လွန်ခဲ့တဲ့အတိတ်ကာလ စစ်ပွဲမှာ

ငါတို့တွေ  စစ်ရှုံးခဲ့ရတယ်ဆိုတော့

နောက်မျိုးဆက်တွေ

သူတို့ကိုယ်သူတို့ မြင်နိုင်

ပြင်နိုင်အောင်

ထိပ်တန်းလျှို့ဝှက်နည်းစနစ်အချို့

ကိုသုံးပြီး အဲ့ဒီစစ်ပွဲထဲက တစ်ချို့

မြင်ကွင်းတွေကို

မှတ်တမ်းတင်ထားခဲ့တယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး
“ဒါကပြီးပြည့်စုံတယ်”

ဟွမ်ယင်က ခေါင်းညိတ်လိုက်ပြီး
သူတို့နှစ်ယောက်ကို ခန်းမ
တစ်ခုထဲသို့ခေါ်သွားသည်။
သိပ်မကြာလိုက်ပေ။
သုံးယောက်သား

ကြည်လင်နေသောရေကန်နားသို့

ရောက်လာခဲ့ကြသည်။

ရေကန်ထဲတွင်

ကြည်လင်နေသော

ရေပြင်ကလွဲလို့ အခြား

ဘာမှမရှိပေ။

ဟွမ်ယင်က ဘေးနားသို့
လျှောက်သွားပြီး
သူ့လက်ချောင်းကို ဘေးသို့
ထိုးလိုက်သည်။ သူ့လက်မှ
ထာဝရကမ္ဘာသလင်းကျောက်
လေးလုံး ပျံတက်သွားပြီး
ရေကန်ထောင့်တစ်ခုစီမှ
တိုင်လုံးများထဲသို့
ကျဆင်းသွားသည်။ ထိုနောက်

ရေကန်ထဲမှ ရေးများ
လှိုင်းထလာသည်။

“ဘုန်း...”

ရေက ရုတ်တရက်
မြင့်တက်သွားပြီး သူတို့ရှေ့တွင်
ကြည်လင်နေသော

ရေမျက်နှာပြင်တစ်ခုပေါ်လာသည်
။ ထိုနေရာတွင် အတိုင်းအဆမဲ့
ကျယ်ပြန့်သော
ကမ္ဘာကြီးတစ်ခုရှိနေခဲ့သည်။

ဤကမ္ဘာကြီးကို
မြင်လိုက်သောအခါ
အားလန်၏မျက်လုံးများက

အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ ၎င်းက

ထာဝရနိုင်ငံတော် ဖြစ်နေလို့ပါ။

မှုန်ဝါးဝါး ဖြစ်စပြုလာသော်လည်း

ဟွမ်ယင်က နောက်ထပ်

ထာဝရကမ္ဘာသလင်းကျောက်

တစ်ချို့ကိုပစ်ထည့်လိုက်ရာ
ပို၍ပို၍ ကြည်လင်လာသည်။

ထာဝရနိုင်ငံတော်။

သို့သော် မြင်းကွင်သည်
ရှုပ်ထွေးသွားသည်။
အလောင်းများ  သွေးများနှင့်

ခြေပြတ်လက်ပြတ်များ။

လူသေအလောင်းများ

ထာဝရနိုင်ငံတော်

အနံ့ပြည့်နှက်နေခဲ့သည်။

ထာဝရနိုင်ငံတော် တစ်ခုလုံးက

စစ်မီးတောက် ဖုံးလွှမ်းနေသည်။

ယန်ယဲ့၏မျက်လုံးများသည်
ရုတ်တရက်
ကျဉ်းမြောင်းသွားသည်။
ထာဝရနိုင်ငံတော် အထက်
ကောင်းကင်ယံ၌
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး
တစ်ဦးပေါ်လာသည်။

ဝိညာဉ်ဖန်ဆင်းရှင်။

ၾင်းက မူလစစ်မြေပြင်မှာ
တွေ့ဆုံခဲ့ဖူးသော
ဝိညာဉ်ဖန်ဆင်းရှင်ဖြစ်သည်။

ဝိညာဉ်ဖန်ဆင်းရှင်က
ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။
လူသေအလောင်းများ
နတ်ဆိုးများ၏အလောင်းများအပြ
င်။

ဤအချိန်တွင် မလှမ်းမကမ်း၌
ဆံပင်အနီနှင့်
သက်လတ်ပိုင်းအမျိုးသားက

ဝိုင်းဝန်းတိုက်ခိုက်ခံနေရသည်။

၎င်းက အချို့လူများနှင့် နတ်ဆိုးက

အချို့ကို သတ်ရုံမကဘဲ

ဝိညာဉ်ဘုရင်အများအပြားကို

သတ်ဖြတ်ပစ်ခဲ့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ။

ယန်ယဲ့၏အကြည့်များက

သက်လတ်ပိုင်းအဘိုးကြီးအပေါ်

သို့ ကျဆင်းသွားသည်။

ထိုလူထံကနေ

သိပ်သည်းပြင်းထန်သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ထုတ်လွှတ်နေခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက

“သတ်ပစ်မယ်။

ထာဝရနိုင်ငံတော်မှာရှိတဲ့

သက်ရှိသတ္တဝါ အားလုံးကို

သတ်ပစ်မယ်”

“ဟား…ဟား…”

အမျိုးသမီး၏အကြည့်က
တဖြည်းဖြည်းအေးခဲလာသည်။

သူမက ရုတ်တရက်ဆိုသလို
ရှေ့သို့ ခြေတစ်လှမ်းတိုးကာ
“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး
နွယ်က
အကြင်နာတရားကင်းမဲ့တယ်။

ဒါကြောင့် ထာဝရစကြဝဠာ
တစ်ခုလုံးက ငါ့ကို
ကူညီကြလော့…”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ
(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၂၁ -

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး နွယ်က ကြွင်နာမှု ကင်းမဲ့နေပြီ။ လောကတစ်ခုလုံး… ငါ့ကို ကူညီကြလော့….”

ထိုစကားများ
ပြောလိုက်ပြီးသည်နှင့်
ထာဝရစကြဝဠာသည်
ချက်ချင်းပင်
ပြောင်းလဲသွားလေတော့သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်မှ ကျင့်ကြံသူများ၏

ပတ်ပတ်လည်ရှိ
ဝိညာဉ်စွမ်းအင်များသည်
သဲလွန်စမရှိဘဲ
ချက်ချင်းပျောက်ကွယ်သွားခဲ့သ
ည်။ ထိုပြင်
ထာဝရစကြဝဠာတစ်ခုလုံးရှိ
စွမ်းအင်စီးကြောင်းများသည်
ဤနေရာသို့ စုစည်းလာသည်။
အာကာသစွမ်းအင်၊ မြေစွမ်းအင်၊

လျှပ်စီးစွမ်းအင်၊ စသော

ဓာတ်ကြီးငါးပါး၏ စွမ်းအင်များ

ရှိနေသည်။

အတိုချုံးပြောရရင်

ထာဝရစကြဝဠာ၏

သဘာဝအတိုင်းဖြစ်ပေါ်လာသော

စွမ်းအင်အားလုံး
ပေါ်လာခဲ့ပြီးဖြစ်သည်။

ဖိအား။

တစ်ချိန်တည်းမှာပဲ ဤနေရာတွင်
စကြဝဠာ တစ်ခုလုံးကို
ချေမှုန်းပစ်နိုင်သည့် ဖိအား

ရုတ်တရက် ပေါ်လာပြီးနောက်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်၏ ကျင့်ကြံသူများအပေါ်
ကျရောက်သွားသည်။

သဘာဝဖိအား။

ထာဝရစကြာဝဠာနှင့်
စကြာဝဠာထဲရှိ အရာခပ်သိမ်းသည်
ထာဝရနိုင်ငံတော်
ဘက်တွင်ရှိခဲ့သည်။

“အရာခပ်သိမ်းကို
ဆင့်ခေါ်ပါတယ်”

ထိုစကားများ ပြောလိုက်သည်နှင့်
တစ်ပြိုင်နက် ထာဝရစကြဝဠာရှိ
အရာခပ်သိမ်းသည်
ဝိညာဉ်ဖန်ဆင်းရှင်၏
ဆင့်ခေါ် ခြင်းကိုခံလိုက်ရပုံပါ။
စကြဝဠာအနှံ့မှ
မရေမတွက်နိုင်သော
သဘာဝနတ်ရတနာများသည်
ထာဝရနိုင်ငံတော်ဆီသို့

စုစည်းလာခဲ့သည်။ ထိုပြင်
ထာဝရနိုင်ငံတော်
အန္တပုန်းအောင်းနေသော
ကျင့်ကြံသူများသည်
ရှေ့ထွက်လာကြတော့သည်။
အများစုမှာ ဝိဉာဉ်ဖန်ဆင်းရှင်နှင့်
ကျေးဇူးကြွေးမကင်းသူများပင်။

အားလုံးက

ထာဝရနိုင်ငံတော်ဘက်သို့

ရောက်သွားကြသည်။

ယခုအချိန်ထိ ကြားနေသော

ထာဝရနယ်နိမိတ်သည်ပင်

ချွင်းချက်မရှိပေ။ ငရဲကမှာ

မြောက်ပိုင်းဟင်းလင်းပြင်ကမှာ

ထိုအင်အားစုနှစ်ခုပင်

ထာဝရနိုင်ငံတော်ဘက်သို့
ရောက်သွားကြသည်။

ဝိညာဉ်ဖန်ဆင်းရှင်၏
အမိန့်တစ်ခုတည်းက
စစ်ပွဲ၏အခြေအနေကို
ပြောင်းလဲသွားစေခဲ့သည်။

ဤအချိန်တွင် အရာခပ်သိမ်းသည်
ထာဝရနိုင်ငံတော်ဘက်သို့
ရောက်သွားခဲ့လေသည်။
ကြောက်စရာအကောင်းဆုံးအပိုင်း
မှာ ဟင်းလင်းပြင် သားရဲများနှင့်
မရမတွက်နိုင်သော
မျိုးနွယ်စုများ၏ဘေးမှ
သက်ရှိသတ္တဝါများပင်
တိုက်ခိုက်နေရာကနေ ရပ်တန့်ပြီး

အမျိုးသမီးကို
စိုက်ကြည့်နေကြသည်။
ဘယ်သူကမှ မတိုက်ခိုက်ရဲပေ။

သူတို့က သူတို့၏သဘာဝအရ
စိတ်ချင်း ဆက်စပ်နေပုံရသည်။
အခြေအနေက
ချက်ချင်းပြောင်းသွားသည်။

ဤအတောအတွင်း

ဆံပင်နီရဲနေသော အမျိုးသားက

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှ

ယ်၏

စစ်ရှုံးလုနီးနီးအခြေအနေကိုမြင်

လိုက်သောအခါ

သူ့မျက်နှာပေါ်တွင်

ရက်စက်ကြမ်းကြုတ်မှုများ
ပိုပြီးကြီးမားလာသည်။

သူ့ထံမှ ပြင်းထန်သော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
ထွက်ပေါ်လာပြီး အမျိုးသမီးထံ
ဖိချလိုက်သည်။

“မင်းဘယ်လိုလုပ်ရဲသလဲ…”

ထာဝရနိုင်ငံတော်ဘက်မှ

မရေမတွက်နိုင်သော

ဒေါသတကြီးအော်သံများထွက်

ပေါ်လာပြီး

ကြောက်မက်ဖွယ်ရာကောင်းသော

အစွမ်းထက်အော်ရာအများအပြား

လေထဲသို့ လွင့်ပျံကာ

သက်လတ်ပိုင်းအမျိုးသားကို

ဖိနှိပ်လိုက်ကြသည်။

“ဖယ်စမ်း...”

ထိုလူကဘာသူ့လက်ဝါးကို

ဒေါသတကြီးအော်လိုက်ပြီး

သူ့လက်ဝါးကို ဓားသွားကဲ့သို့ ခုတ်ချလိုက်သည်။

"ဆူး..."

၃ ကီလိုမီတာခန့် ရှည်လျားသော သွေးနီရောင်အလင်းတန်းကြီးတစ်ခု လင်းလက်သွားသည်။ ကမ္ဘာကို

ဖြို ခွဲပစ်နိုင်ပုံရ၏။

တစ်ချိန်တည်းတွင်

ထာဝရနိုင်ငံတော်မှ

မရေမတွက်နိုင်သော

ကျင့်ကြံသူများဟာ ပြင်းထန်သော

ဖိအားကြောင့်

ဖိနှိပ်ခံလိုက်ရသည်။

အမျိုးသမီးက
သွေးနီရောင်စားအလင်းကို
လျစ်လျူရှုသောအကြည့်ဖြင့်
စိုက်ကြည့်နေသည်။
သူ့အထက်မိုတာအနည်းငယ်အ
ကွာသို့ ရောက်မှသာ အပေါ်ကနေ
ရွှေရောင်အလင်းတန်းများ
ပေါ်လာသည်။

"အုန်း..."

သွေးစားစွမ်းအင်သည်
ကွဲထွက်သွားပြီး မိုးစက်
မိုးပေါက်များအလား အပေါ်ကနေ
ပြန့်ကျဲကျလာသည်။
ရွှေရောင်အလင်းတန်းက

သူ့ရှေ့တွင် ပြန့်ကျဲသွားပြီးနောက်
ရွှေရောင်နဂါးပေါ်လာသည်။

“မူလနဂါးတစ်ကောင်”

ဝမ်အရူးမလေး၊ နှင်းပွင့်လေးနှင့်
မူလနဂါးငယ်လေးက
ယန်ယွဲ့နံ့ဘေးတွင် ရုတ်တရက်

ပေါ်လာခဲ့သည်။ မူလနဂါးသည်
ရေမျက်နှာပြင်ပေါ် ရှိ မူလနဂါးကို
စူးစိုက်ကြည့်ကာ
၎င်း၏မျက်လုံးထဲမှ စူးစမ်းသော
အရိပ်အယောင်များရှိနေသည်။
တစ်ဖက်တွင် နှင်းပွင့်လေးက
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး
ကို ကြည့်နေသည်။

သူမ၏လက်သည်းများကို
တင်းတင်းဆုပ်ထားပြီး
ဘာတွေးနေမှန်းကိုမသိပေ။

ဤအတောအတွင်း
အလင်းမျက်နှာပြင်ပေါ်ရှိ
ဆံပင်အနီအမျိုးသားက

မူလနဂါးကိုမြင်သောအခါ

သူ့မျက်နှာတွင်

အံ့မှိုင်းနေသောအမူအရာရှိကာ

“မူလနဂါးတွေက

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ကိစ္စမှာ ဝင်ပြီး စွက်ဖက်ဖို့

စီစဉ်နေသလား…”

မူလနဓားက သူ့ကို ငုံ့ကြည့်ကာ
“ဝိညာဉ်ဖန်ဆင်းရှင်ရဲ့
ကျေးဇူးအကြွေးကို ဆပ်ဖို့
အချိန်တန်ပြီ”

ဆံပင်နီအမျိုးသားက
ပြင်းပြင်းထန်ထန်
ပြောလိုက်သည် “ငါ့အသိအရ

မူလနဂါးတွေ

အများကြီးမကျန်တော့ဘူး။

မျိုးတုံးသွားမှာမကြောက်ဘူးလား.

..”

မူလနဂါးက

အထင်အမြင်သေးစွာဖြင့်

“မင်းတတ်နိုင်ရင်
စမ်းကြည့်လိုက်”

ထိုလူ၏နှုတ်ခမ်းထောင့်တွင်
ရက်စက်ကြမ်းကြုတ်သော
အပြုံးတစ်ခုပေါ်လာပြီး
သွေးနီရောင်

အလင်းတန်းတစ်ခုသဖွယ်ကောင်း
ကင်ကို ပျံတက်လာသည်။

ဤအချိန်တွင် မူလနဂါးက
မကြောက်မရွံ့ခုန်ဆင်းကာ
သူ့ကိုယ်သူ ထိုလူကို
ပြေးဆောင့်လိုက်သည်။
ဤအတောအတွင်း ဒါဇင်ချီသော

ပုံရိပ်အချို့က ထာဝရနိုင်ငံတော်၏

တပ်ဖွဲ့များထဲသို့

ခုန်ဝင်လိုက်သည်။

သူတို့ဖြတ်သွားတိုင်း

အလောင်းများဖြစ်ပေါ်လာသည်။

မရပ်မနားပင်။ ထိုပုံရိပ်များက

မရဏာသက်တော်စောင့်များပင်။

အမျိုးသမီးက

မရဏာသက်တော်စောင့်များကို

ငုံ့ကြည့်ကာ

ခဏမျှငြိမ်သက်သွားပြီးနောက်

ညာလက်ကို ရုတ်တရက်

လှည့်ကြည့်ပြီး

“ကျေးဇူးပြုပြီးကူညီပါ”

"မင်းဆန္ဒအတိုင်းပဲ"

ထိုစကားများပြောပြီးနောက်
ကောင်းကင်အဝေးတစ်နေရာမှ
ဓားစွမ်းအင်တစ်စင်း
ဆင်းသက်လာသည်။
ခဏအကြာတွင်
ဓားကိုနောက်ကျောမှာ

သိုင်းလွယ်ထားသော
အမျိုးသားတစ်ယောက်က
မရဏသက်တော်စောင့်များ
ရှေ့တွင်ပေါ်လာသည်။ ထိုပြင်
သူ့နောက်မှာ ဓားကျင့်ကြံသူ
ဒါဇင်အနည်းငယ်ရှိသည်။

ဤအတောအတွင်း ဓားစာလိပ်က ယန်ယဲ့နံဘေးတွင် ရုတ်တရက် ပေါ်လာသည်။

ဖန်သားပြင်ပေါ် ရှိ ဓားသမားကိုကြည့်ရင်း သူမ၏အကြည့်က အတော်လေး ရှုပ်ထွေးနေပုံရသည်။

ယန်ယဲ့က သူမကိုငုံ့ကြည့်ကာ

“ရှေးဟောင်းဓားဂိုဏ်း”

ဟွမ်ယင်က

ယန်ယဲ့အနားတိုးကပ်လာရင်း

တိုးတိုးလေးပြောသည်။

“လျှို့ဝှက်ဆန်းကြယ်တဲ့

ဓားဂိုဏ်း။ သူတို့ကို
ထာဝရနိုင်ငံတော်
တစ်ခုလုံးမှာရှိတဲ့ ဓားသမားတွေရဲ့
ကိုယ်စားလှယ်အဖြစ်
သတ်မှတ်နိုင်တယ်။ သူတို့က
ကမ္ဘာနဲ့ အမြဲလိုလို
ဝေးဝေးခွာနေတတ်တယ်
ကမ္ဘာ့အရေးကို
ဝင်ရောက်စွက်ဖက်ခဲ့တယ်။

ဒါပေမဲ့ ဝိညဉ်ဖန်ဆင်းရှင်ရဲ့
အကူအညီတောင်းခံမှုနဲ့အတူ
သူတို့ရဲ့အင်အား၉၀% က
ကူညီခဲ့ကြတယ်။
သူတို့ကြောင့်သာမဟုတ်ရင် ငါ့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းရဲ့
မရဏသက်တော်စောင့်တွေက
ထာဝရနတ်ဘုရားနန်းတော်ဆီကို

တစ်ခါတည်း ဝင်ပြီး
ဖျက်ဆီးပစ်လိမ့်မယ်”

ယန်ယဲ့က မော့ကြည့်လိုက်ရာ
မရဏာသက်တော်စောင့်များက
မလှုပ်မယှက် ရပ်နေသည်ကို
တွေ့လိုက်ရသည်။ သို့သော်
သူတို့က ဓားသမားများကို

ဖိနှိပ်ထားနိုင်သည်။

တိုက်ပွဲတစ်ခုတည်းတွင်

ဓားသမားများ၏ စွမ်းရည်က

သံသယမရှိနိုင်သော်လည်း

မရဏသက်တော်စောင့်များက

ပို၍ပင်ကြောက်းရာကောင်းလှသ

ည်။ အားလုံးက

သေခြင်းတရားက

မကြောက်ကြလို့ပါ။ ၎င်းတို့

တိုက်ခိုက်သော

ရှုံးသွပ်မှုများကစားသမားများကို

အတော်လေး

အကျပ်ရိုက်စေသည်။

အမျိုးသမီးက အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ရုတ်တရက်

အောက်မှာကျန်နေသော

သက်လတ်ပိုင်းအမျိုးသားက

လေထဲသို့ ခုန်တက်ကာ

တံဆိပ်တစ်ခု ဖန်တီးလိုက်သည်။

ထိုခဏလေးမှာပဲ

သူ့နောက်ကွယ်တွင် ဓားဖြင့်

ဖန်တီးထားသော
ခန်းမတစ်ခုပေါ်လာသည်။

“ဓားခန်းမလား...”

ယန်ယဲ့သည် အံ့အားသင့်သွားပြီး
ဓားစာလိပ်ကို
စိုက်ကြည့်နေသည်။

ဤအချိန်တွင် သူမက
ရေမျက်နှာပြင်ကို ဂရုမစိုက်ဘဲ
ကြည့်နေသည်။
စားခန်းမကြီးပေါ်လာသည်နှင့်
သူ့အပေါ်လေထဲတွင် ထူထဲသော
စာလိပ်ပုံသဏ္ဍာန်
လွင့်မျောလာသည်။

စားစာလိပ်။

သက်လတ်ပိုင်းအဘိုးအိုက
အခြားလက်တစ်ဖက်ဖြင့်
တံဆိပ်တစ်ခု
ထပ်မံဖန်တီးလိုက်သည်။
သူ့နောက်ကွယ်ရှိ စားခန်းမကြီး

ရုတ်တရက် တုန်ခါသွားကာ
မရေမတွက်နိုင်သောအလင်းတန်း
များ ဖြာထွက်လာသည်။

ထူထပ်သိပ်သည်းသော
ဓားစွမ်းအင်များ အဆက်မပြတ်
ထွက်ပေါ်လာသည်။
ဓားစွမ်းအင်များ ပေါ်လာသည်နှင့်

တိုက်ခိုက်နေသော

ခေါင်းကျင့်ကြီးသူအားလုံး ချက်ချင်း

နောက်ဆုတ်သွားကြသည်။

မရဏသက်တော်စောင့်များက

ခေါင်းစွမ်းအင်နှင့်ရင်ဆိုင်ရသောအ

ခါ ရှောင်တိမ်းဖို့ မကြိုးစားပေ။

အမှန်တော့ သူတို့က

လွှတ်မြောက်ဖို့ရာ

မရှိသောကြောင့်ဖြစ်သည်။

ထိပ်တိုက်ရင်ဆိုင်ရုံသာ

တတ်နိုင်၏။

“အုန်း…”

ပေါက်ကွဲသံများ

အဆက်မပြတ်ထွက်ပေါ်လာသည်

။ မရဏသက်တော်စောင့်များဟာ

ဓားစွမ်းအင် အားလုံးကို

အတင်းအကျပ်

ခုခံထားလိုက်သည်။ သို့သော်

အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွား

ကြသည်။ ထိုပြင် ဓားခန်းမထဲမှ

ဓားစွမ်းအင်များ အဆက်မပြတ်

ထွက်ပေါ်နေသေး၏။ လုံးဝကို
အဆုံးမဲ့ပုံရသည်။

မရဏာသက်တော်စောင့်များက
အဆက်မပြတ်
နောက်ပြန်ဆုတ်နေ၏။ ထိုပြင်
သူတို့ထဲမှ အချို့မှာ
နှလုံးသားမှတစ်ဆင့်

ဓားစွမ်းအင်နှင့်ထိုးဖောက်ပြီး

သေဆုံးသွားကြသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်မှ

အခြားကျင့်ကြံသူအများအပြားလ

ည်း ဓားစွမ်းအင်များကို

အတင်းအကျပ် ခုခံနေသည်။

ဤအတောအတွင်း

သုံးဖက်မြင်စကြာဝဠာတစ်ခုလုံးရှိ

ကျင့်ကြံသူများနှင့် ရှိရှိသမျှ

ဝိညဉ်ဘုရင်များ၊

သက်ရှိသတ္တဝါပေါင်းစုံဟာ

စစ်ပွဲဖြစ်ပွားရာ

ထာဝရနယ်နိမိတ်သို့

ရောက်ရှိလာကြသည်။

လူသားများသာမကဘဲ

မူလခေတ်၏ နတ်ဆိုးသားရဲများ၊ ထူးဆန်းသောသက်ရှိများပင် ပါဝင်လာသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်သည် အားကောင်းသော်လည်း သုံးဖက်မြင်စကြာဝဠာတစ်ခုလုံး၏

ပူးပေါင်းအင်အားကိုမခံနိုင်တော့
ပါ။

ထိုကြောင့်
ထာဝရနတ်ဘုရားနိုင်ငံတော်နှင့်
တိုက်ခိုက်နေရာမှ
တဖြည်းဖြည်းနောက်ပြန်ဆုတ်

ကာ ထာဝရနယ်နိမိတ်ကနေ
ဆုတ်ခွာလာသည်။

သို့သော်လည်း
အစွမ်းထက်ပညာရှင်အများအ
ပြားဟာ ဆုတ်ခွါနေဆဲ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်၏ါတပ်ဖွဲ့ဆီသို့

လိုက်လံတိုက်ခိုက်နေကြသည်။

ထာဝရနိုင်ငံတော်၏

ကျင့်ကြံသူများနှင့်

သုံးဖက်မြင်စကြဝဠာတစ်ခုလုံး

ပူးပေါင်းထားသည်ဟုဆိုနိုင်ပါသ

ည်။

ဤအချိန်တွင်...

ဘုန်း

.... ပေါက်ကွဲသံနှင့်အတူ
လူတိုင်းရှိခဲ့သော
ပျော်ရွှင်မှုများသည်
ပျောက်ကွယ်သွားခဲ့သည်။

ထာဝရနယ်နိမိတ်

အထက်ကောင်းကင်ယံရှိ

အာကာသည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

အလောင်းတစ်လောင်းပေါ်လာသ

ည်။

အဘိုးကြီးတစ်ဦး၏အလောင်းပင်

။

အဘိုးကြီး၏ရုပ်အလောင်းက

ဖြည်းညင်းစွာ ကျဆင်းလာပြီး

လူတိုင်း

အံ့အားသင့်သွားခဲ့ကြသည်။

“ထာဝရသခင်”

အဘိုးကြီးက ထာဝရနိုင်ငံတော်၏အရှင်သခင်ဖြစ်သည်။

“သူသေပြီလား…”

သူ့နားတွင် ဆံပင်ဖြူများ
ပခုံးထက်ထိ ကျဆင်းနေသော
သက်လတ်ပိုင်းအမျိုးသားတစ်
ယောက်ပေါ်လာသည်။
ဟင်းလင်းပြင်ပျက်သုဥ်းခြင်းကော
ရာဇ်၊
ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနွ
ယ်၏အစွမ်းအထက်ဆုံး
ကျင့်ကြံသူ။

ဤအတောအတွင်း အားလုံးက

ဟင်းလင်းပြင်ကောရာဇ်ကို

စိုက်ကြည့်နေကြသည်။

လွန်ခဲ့သော နှစ်များ

တစ်လျှောက်လုံး

ထာဝရနိုင်ငံတော်ကိုဖျက်ဆီးလုနီး

ပါးဖြစ်ခဲ့သည့်
စွမ်းအားရှင်ဖြစ်သည်။

ယန်ယဲ့၏စိတ်ထဲမှာ
အတွေးတစ်ခုပေါ်လာသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ်ကို အဘိုးကြီးဝူနီ၊

သိုင်းပညာဘိုးဘေးကြီး၊
မြောက်ပိုင်းဓားဂိုဏ်းအောက်ရှိ
လျှို့ဝှက်ဆန်းကြယ်သောဓားသ
မား၊
ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီး၊ အနှောင်အဖွဲ့ကင်းမဲ့သူ။
ထျန်းရှုတို့နှင့် နှိုင်းယှဉ်ပါက
မည်သူပိုသန်မာပါမည်နည်း။

အားလုံးက

ထိပ်တန်းကျင့်ကြံသူများချည်းပါ။

ယန်ယွဲ့ကခေါင်းယမ်းကာ

ရယ်မောလိုက်သည်။

"အစိပ်ပွါယ်မဲ့တဲ့အရာတွေကို

ငါဘာလို့ အချိန်ဖြုန်းနေရမှာလဲ...။

ငါ့ကိုယ်တိုင်ခွန်အားကပဲ
နည်းလမ်းမှန်တယ်”

ယန်ယဲ့သည်
ရေမျက်နှာပြင်ပေါ် ရှိ မြင်ကွင်းကို
ဆက်လက်ကြည့်နေသည်။
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ်ပေါ်လာသည်နှင့်တစ်ပြိုင်နက်

စကြဝဠာကြီးတစ်ခုလုံးသည်
တိတ်ဆိတ်သွားသည်။ လုံးဝ
တိတ်ဆိတ်နေခဲ့သည်။ အားလုံးက
သူ့ကို စိုက်ကြည့်နေကြသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်၏ မရေမတွက်နိုင်သော
ကျင့်ကြံသူများက

ဝမ်းသာအားရဖြစ်ကာ “ကေရာဇ်၊
ဘိုးဘေးကြီး”

သူတို့၏အသံများက
တိမ်တိုက်များအကြားသို့
ထိုးတက်သွားသည်။
ထာဝရနိုင်ငံတော် ဘက်ခြမ်းရှိ
လေထုသည်

အတော်လေးဖိနှိပ်ခံလိုက်ရပုံရသ
ည်။

ထာဝရအရှင်သခင်က လူတိုင်း၏
နှလုံးသားထဲတွင်ပြိုင်ဘက်ကင်းဖြ
စ်သော်လည်း ယခုတော့
သေဆုံးသွားခဲ့သည်။
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က သူ့ကို

သတ်လိုက်တယ်။ ဒီတော့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က

ဘယ်လောက်သန်မာလိုက်သလဲ...

။

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနွ
ယ် ကောရာဇ်က
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး
ကို တစ်ချက်ကြည့်လိုက်သည်

"မင်းဘာလို့
ဝင်စွက်ဖက်လိုက်တာလဲ..."

“ဘာကြောင့်လဲ...”

ဝိညာဉ်ဖန်ဆင်းရှင်သည်
စကြာဝဠာ၏အရေးကိစ္စများနှင့်
ပဋိပက္ခများကို
ဝင်ရောက်စွက်ဖက်ခဲ့သည်။
ထို့အပြင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်စုလို အခြား အင်အားစု

တစ်ခုခုက

ကျူးကျော်ဝင်ရောက်လာသည်ဖြ

စ်စေ၊ ဝိညာဉ်ဖန်ဆင်းရှင်ကို

ပစ်မှတ်ထားသည် မဟုတ်ပါ။

အကြောင်းကတော့

ဝိညာဉ်ဖန်ဆင်းရှင်၏အဆင့်အတ

န်းက

ထူးခြားဆန်းကြယ်သောကြောင့်ပ
င်ဖြစ်သည်။

အဓိကကတော့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်အပါအဝင်
အင်အားစုအသီးသီးက
သူမ၏အကူအညီလိုအပ်လို့ပါ။

ဝိညာဉ်ဖန်ဆင်းရှင်က
“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး
နွယ်က နှလုံးသားမဲ့ပြီး
သေသင့်တယ်” ဟု
လျစ်လျူရှုကာ ပြန်ပြောခဲ့သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ

ရာဇ်က မျက်မှောင်ကြုတ်ကာ

အောက်ကို အနည်းငယ်

ငုံ့ကြည့်လိုက်သည်။

သိပ်မကြာလိုက်ပါ။ သူ့မျက်နှာက

အနည်းငယ်

ညှိုးမှိုင်းလာတော့သည်။

အောက်တွင် မရေမတွက်နိုင်သော
ဝိညာဉ်ဘုရင်များ
ဝိညာဉ်သက်ရှိများ၏အလောင်း
များကို မြင်လိုက်လို့ပါ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ်က သူ၏မျက်လုံးများကို

ဖြည်းညင်းစွာ
မှိတ်ထားလိုက်သည်။

အချိန်အတော်ကြာကြာပြီးနောက်
သူ့မျက်လုံးထဲ၌ လွန်ခဲ့သော
နှစ်နာရီအကြာက
မြင်ကွင်းများပေါ်လာသည်။
ခဏအကြာတွင် သူက

ဆံပင်နီအမျိုးသားကို
စိုက်ကြည့်ကာ
“ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ကို မဆန့်ကျင်တဲ့
ဝိညာဉ်ဘုရင် ဝိညာဉ်သက်ရှိတွေကို
အန္တရာယ်မပေးနဲ့လို့
ငါမပြောခဲ့ဘူးလား...”

ထိုလူက
“သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်
ငါသတိလွတ်သွားခဲ့တယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းဧကရာဇ်၏မျက်လုံးများက
ကျဉ်းမြောင်းသွားသည်
“မင်းကသေသင့်တယ်”

ဆံပင်နီအမျိုးသား၏အမူအရာက
သိသိသာသာ
ပြောင်းလဲသွားသည်။

သူပြောခါနီးတွင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ်က လျစ်လျူရှုပြီး

သက်လတ်ပိုင်းဓားသမားကိုကြည့်

ကာ

“ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ကို သတ်ရတာ

ပျော်နေလား…” ဟုပြောပြီးနောက်

ညာလက်ကိုမြှောက်ပြီး

လက်ဖဝါးဖြင့်

အသာပုတ်လိုက်သည်။

ဓားစွမ်းအင်တစ်စင်းလေထဲသို့
ပစ်လွှတ်လိုက်သည်။

သက်လတ်ပိုင်းဓားသမားက
တန်ပြန်တိုက်ခိုက်လိုက်သည်။
သို့သော်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ

ရာဇ်၏သာမန်တိုက်ခိုက်မှုက

သက်လတ်ပိုင်းကို ချက်ချင်း

ဖိနှိပ်ပစ်လိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ နှင့်အတူ

လွင့်ပျံထွက်သွား၏။

မြေပေါ်သို့ ပြုတ်ကျသွားသည်နှင့်

တစ်ပြိုင်နက်

သူ၏ခန္ဓာကိုယ်သည်

ကွဲအက်သွားသည်။

သူ့နောက်ကွယ်ရှိ

ဓားခန်းမကလည်း အလားတူပင်

အက်ကွဲသွားတော့သည်။

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၂ -

ဤအခိုက်အတန့်တွင်
ယန်ယဲ့သည်  ဓားစာလိပ်၏
ပင်မခန္ဓာကိုယ်
ဘာဖြစ်သွားသည်ကို
နောက်ဆုံးတွင် သိလိုက်ရသည်။

ယန်ယဲ့က ဓားစာလိပ်ကို
လှည့်ကြည့်လိုက်သည်။ သို့သော်

ဓားစာလိပ်၏ မျက်နှာက
ခံစားချက်ကင်းမဲ့နေသည်။
စကားတစ်ခွန်းမှပင် မပြောဘဲ
မူလစေတီထဲသို့ ဝင်သွားသည်။

ယန်ယဲ့သည် ရေမျက်နှာပြင်ကို
မော့ကြည့်လိုက်ရာ
ပျောက်ကွယ်သွားသည်။

အားလန်က “မရှိတော့ဘူးလား…” ဟုမေးလိုက်သည်။

ဟွမ်ယင်က ခေါင်းညိတ်လိုက်ပြီး “မှတ်တမ်းတွေက အဲ့ဒီမှာပဲ ပြီးသွားတာ၊ ဒါပေမဲ့

အဲ့ဒီနောက်မှာ ဘာဖြစ်သွားတာလဲ

သိလား...”

“ငါတို့ဘိုးဘေးက

သန်မာနေရင်တောင်

ဆက်ပြီးတိုက်ခိုက်နေရင်

အဲ့ဒီတိုက်ပွဲမှာ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနဲ့

ယ်တစ်ခုလုံး မြုပ်နှံခံရမှာကို
ကောင်းကောင်းသိသွားတယ်။
ဒါ့အပြင် အဲ့ဒီအချိန်မှာ
လျှို့ဝှက်ဆန်းကြယ်တဲ့
ကျင့်ကြံသူတစ်ဦး
ရှေ့ထွက်လာတယ်”

ယန်ယဲ့က

သူ့ကိုစိုက်ကြည့်ပြီး“လျှို့ဝှက်ဆန်း

ကြယ်တဲ့ ကျင့်ကြံသူလား…”

ဟွမ်ယင်က ခေါင်းညိတ်ပြီး

“ဒါပေမဲ့

ဘယ်သူလဲဆိုတာကိုတော့

ငါမသိဘူး။ သိတဲ့သူတွေကတော့

ထုတ်ဖော်ပြောဆိုဖို့
ငြင်းဆိုကြတယ်”

ဟွမ်ယင်က ခေါင်းခါလိုက်ပြီး
“ဒါကိုမေ့လိုက်ပါ။ အစ်ကိုယန်
မိန်းကလေးအားလန်
မင်းတို့သိုင်းပညာခန်းမကို
သွားကြတာပေါ့”

နှစ်ယောက်သားခေါင်းညိတ်ပြလိုက်သည်။

သိပ်မကြာလိုက်ပေ
သိုင်းပညာခန်းမသို့
ရောက်လာကြသည်။

ဟွမ်ယင်ကပြုံးကာ "သုံးရက်မင်းတို့မှာ သုံးရက်ပဲရှိတယ်။ ငါ့ရဲ့ ပုံပိုးကူညီမှု အမှတ်တွေက မင်းတို့က ဒီမှာက သုံးရက်နေဖို့ပဲ လုံလောက်တယ်"

အားလန်ကပြုံးပြီး "နင်က အိမ်ရှေ့စံမင်းသားပဲ"

ဟွမ်ယင်က အကူအညီမဲ့စွာ ရယ်မောရင်း “ဘိုးဘေးအပြင် အိမ်ရှေ့မင်းသားတောင်မှ ဒီနေရာကို ဝင်ဖို့ဆိုရင် လူတိုင်း အမှတ်တွေပေးရမယ်။ ငါတို့အားလုံးကို တန်းတူညီတူ ဆက်ဆံတယ်။ ဘိုးဘေးနှင့်

ပတ်သက်ရင် သူရဲ့တည်ရှိမှုက

ငါတို့မျိုးနွယ်စုအတွက်

အကြီးမားဆုံးသော

ထောက်တိုင်ကြီးဖြစ်လို့ပဲ။

ဘာပဲဖြစ်ဖြစ် ငါသွားစရာရှိတယ်။

အစ်ကိုယန် မိန်းကလေးအားလန်

မင်းတို့ အချိန်ပေးပြီး

လေ့လာလိုက်ပါ။

အဲ့ဒီမှာရှိတဲ့အရာတွေက

မင်းတို့အတွက်
အထောက်အကူဖြစ်မယ်ဆိုတာ
ငါသေချာပါတယ်”

သူက နှစ်ယောက်စလုံးကို
လက်သီးဆုပ်ပြီး ထွက်သွား၏။
ယန်ယဲ့နှင့်အားလန်တို့လည်း

အကြည့်ချင်းဖလှယ်ကာ
ခန်းမထဲသို့ ဝင်သွားသည်။

ဟွမ်ယင်က
လမ်းခွဲထွက်လာသည်နှင့်
မြို့တော်ရှိတောင်တန်းတစ်ခုဆီသို့
သွားခဲ့သည်။ မြို့ထဲရှိ အမြင့်ဆုံး
တောင်ထိပ်ဖြစ်သည်။

ဟွမ်ယင်က တောင်ထိပ်ကို
တက်မသွားဘဲ
တောင်စောင်းတွင်ရပ်နေကာ
အနည်းငယ်
ဦးညွှတ်လိုက်လေသည်။

အပေါ်မှ

သွေးတစ်စက်စီးကျလာပြီး

သူ့ရှေ့ဆင်းသက်လာသည်။

ဟွမ်ယင်က

ခရမ်းရောင်တံဆိပ်ပြားကို

ထုတ်ယူလိုက်ရာ သွေးများ

စီးဝင်လာသည်။ အမိန့်ပေး

တံဆိပ်ပြားက အနည်းငယ်

တုန်ခါလာပြီး

အနီရောင်ပြောင်းသွားသည်။

အကာအကွယ်တံဆိပ်တုံးဖြစ်

သွားပုံရ၏။

အိမ်ရှေ့မင်းသား

(အိမ်ရှေ့စံမင်းသား)နေရာကို

ရယူလိုပါက

ထိုလူ၏အသိအမှတ်ပြုမှုကိုလိုအပ်ပါသည်။ ထိုလူက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကောရာဇ်ပင်ဖြစ်သည်။

ယခုတော့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာဇ်က သူ့ကိုရှင်းရှင်းလင်းလင်း
အသိအမှတ်ပြုလိုက်ပြီးဖြစ်သည်။
ဟွမ်ယင်က တောင်ပေါ်သို့
အနည်းငယ်ဦးညွှတ်ကာ
ထွက်သွားကာနီးတွင်
မမြင်နိုင်သော
စွမ်းအားလှိုင်းများက သူ့အား
ရှုတ်တရက် ဖုံးအုပ်ကာ

တောင်ထိပ်သို့
ခေါ်ဆောင်သွားခဲ့သည်။

တောင်ထိပ်ပေါ်တွင် ဟွမ်ယင်နှင့်
မလှမ်းမကမ်း၌ ပခုံးအထက်ထိ
ဆံပင်များကျဆင်နေသော
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
အား တင်ပျဉ်ခွေထိုင်နေခဲ့သည်။

ဟွမ်ယင်က

သက်လတ်ပိုင်းအမျိုးသားကို

သဘာဝကျကျသိနေသောကြောင့်

ချက်ချင်း ဦးညွှတ်လိုက်ကာ

“ဘိုးဘေးကြီး”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ်ပင် ဖြစ်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ်က "ငါက
အိမ်ရှေ့စံမင်းသားကို ဘာကြောင့်
ရွေးချင်တာလဲဆိုတာ
မင်းသိလား..."ဟုမေးလိုက်သည်။

ဟွမ်ယင်က ခေါင်းခါလိုက်ပြီး

“ဘိုးဘေး ငါ့ကို

ဉာဏ်အလင်းပေးပါ”

ထိုလူက မတ်တတ်ထရပ်ပြီး

ကောင်းကင်အဝေးသို့

မျှော်ကြည့်ကာ “လွန်ခဲ့တဲ့

အတိတ်ကာလစစ်ပွဲမှာ

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်က စစ်ရှုံးခဲ့တယ်။

အင်အားပြန်ဖြည့်တင်းပြီးတော့

နောင်တစ်ချိန်

လက်တုံ့ပြန်ဖို့အတွက်

ငါတို့ချက်ချင်း ဆုတ်ခွာခဲ့တယ်။

အခုငါတို့က

ထာဝရနတ်ဘုရားနိုင်ငံတော်ကို

ပြန်ပြီးတိုက်ခိုက်တော့မယ်လို့ မင်းသေချာပေါက်ထင်နေတယ်မဟုတ်လား...”

ဟွမ်ယင်က ခဏတုံ့ဆိုင်းသွားပြီး “ငါတို့ မဟုတ်ဘူးလား...” ဟု မေးလိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာဇ်က “စစ်ပွဲက ရှောင်လို့မရဘူး

ဒါပေမဲ့ အခုတစ်ကြိမ်မှာ ငါတို့က

စပြီး မတိုက်ခိုက်တော့ဘူး။

ထာဝရနိုင်ငံတော်က

အတိတ်တစ်ချိန်က

ငါတို့ကြုံတွေ့ခဲ့ဖူးတဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်လ

ည်း မဟုတ်တော့ဘူး။

တကယ်တော့ ဒီစစ်ပွဲက

သူတို့ကိုသတိမပေးဘူးဆိုရင်

တောင် သူတို့က

အမှိုက်ဖြစ်သွားမှာပေါ့။

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ရဲ့အရေးကိစ္စတွေကို

မင်းလက်ထဲမှာ

ငါလွှဲထားလိုက်မယ်။ မင်းအတွက်

အပြင်လောကရဲ့

အရေးကိစ္စတွေကို

ကိုင်တွယ်ဖြေရှင်းဖို့

လုံလောက်တဲ့

အရည်အချင်းမရှိသေးဘူး။

ဒါကြောင့်

ငါတာဝန်ယူပေးထားမယ်။

ပြီးတော့ ယန်ယဲ့နဲ့

မိတ်ဆွေဖွဲ့တာက ရဲတင်းတယ်။

တကယ်ကို ရဲတင်းတဲ့

လုပ်ရှားမှုတစ်ခုပဲ။ ငါ့ရဲ့
ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနဲ့
ယ်စုက ရဲရင့်တဲ့သူ ရဲရင့်တဲ့သူ
တစ်ယောက်တော့လိုတယ်။
ကြွံခိုင်မှုအပိုင်းက
နည်းနည်းပျော့ညံ့လည်း
အရေးမကြီးဘူး
ဖြည်းဖြည်းချင်းလေ့ကျင့်နိုင်တယ်
။ ဒါပေမဲ့ ဘိုးဘေးတစ်ယောက်က

ရဲရင့်ပြီး စွန့်စားလိုစိတ်ရှိရမယ်။
ဒါကြောင့် မင်းရဲ့
အစ်ကိုအကြီးဆုံးနဲ့ ဟွမ်းယဲ့က
အဲ့ဒီအပိုင်းမှာ တော်တော်လေး
နိမ့်ကျတယ်”

ဟွမ်ယင်က
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ

ရာဇ်ကို အနည်းငယ် ဦးညွှတ်ကာ တိတ်ဆိတ်နေ၏။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကောရာဇ်က သူ့လက်ကို ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။ ဟွမ်ယင်က နောက်တစ်ကြိမ် ဦးညွှတ်ပြီး ထွက်သွားသည်။

ဟွမ်ယင်

ထွက်သွားသည်နှင့်တစ်ပြိုင်နက်

သူ့ရှေ့တွင်

ခြေလက်အင်္ဂါမရှိသော

သက်လတ်ပိုင်းအမျိုးတစ်ဦးပေါ်

လာသည်။ ယန်ယဲ့သာရှိနေပါက

ထိုလူကို မှတ်မိပါလိမ့်မည်။

ထိုလူက တရားစီရင်ရေးဓား၏
အရင်ပိုင်ရှင်ဖြစ်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ်က ထိုလူကိုစိုက်ကြည့်ကာ
"မင်းနာမည်ဘယ်လိုခေါ်လဲ..."

ထိုလူက

တိုးတိုးလေးပြောလိုက်သည်

"ငါ့ကို

အကြင်နာစားရှင်လို့ခေါ်တယ်။

ငါ့နာမည်က ချန်းရှမ်နန်"

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းဧကေ

ရာဇ်က "ယန်ယဲ့က မင်းရဲ့

တပည့်လား…”
ဟုမေးလိုက်သည်။

ချန်းရှမ်နန်က ခေါင်းခါလိုက်သည်
“တကယ်တော့ မဟုတ်ဘူး။
ဒါပေမဲ့ ငါသူ့ကို သဘောကျတယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာဇ်က "သူက အရမ်းကြီး

ထိန်းချုပ်ထားတာမျိုးမရှိဘူး။

သူ့ကိုယ်သူ ထိန်းချုပ်ဖို့

သင်ယူပေမဲ့လည်း

အရိုးထဲထိအောင်

နက်ရှိုင်းနေတုန်းပဲ"

ချန်းရှမ်နန်ကပြုံးပြီး

“အဲ့လိုမှမဟုတ်ရင်

အရူးစားသမားလို့ခေါ်မှာမဟုတ်

ဘူး။ ဟုတ်တယ်မလား…။

ငါတို့ငယ်ငယ်တုန်းက

သူ့ထက်ပိုဆိုးခဲ့တာ ဖြစ်နိုင်တယ်။

မင်းလည်း

အဲ့လိုမထင်ဘူးလား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာ၈်က
အနည်းငယ်ခေါင်းညိတ်ကာ
“မင်းမှန်ပါတယ်”

ထိုစကားပြောရင်း ကောင်းကင်ကို
မျှော်ကြည့်ကာ

"မင်းသေသွားတာတောင်
အတိတ်တစ်ချိန်က
ဘယ်လောက်သန်မာခဲ့တယ်ဆို
တာ ငါခံစားမိနေတုန်းပဲ"

"တကယ်သန်မာပါ့မလား..."

ချန်းရွှမ်နန်ကပြုံးပြီး
“မင်းထင်ထားတာထက်
အများကြီး ပိုသန်မာပါတယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ်က အကြာကြီး
တိတ်ဆိတ်သွားပြီး “မင်း
ဘယ်ခေတ်ကလဲ...”

ချန်းရှမ်နန်က “ရှေးဦးမူလခေတ်”

“ရှေးဟောင်းခေတ်ဦးလား…”

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းကော
ရာဇ်၏မျက်လုံးထဲတွင်
“ရှေးဦးမူလခေတ်”

ချန်းရှမ်နန်က ခေါင်းကို

အနည်းငယ် ခါယမ်းလိုက်ပြီး

"ငါတို့အားလုံးအတွက်

ခေတ်တွေက

ဘာမှမရေးမကြီးဘူး"

သူက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ်ကို စိုက်ကြည့်ကာ
"ကျေးဇူးတင်ပါတယ်"

သူက ယန်ယွဲ့ကိုယ်စား
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ်ကို ကျေးဇူးတင်နေတာပါ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က ဝိညာဉ်ဖန်ဆင်းရှင်ကို လက်လွှတ်လိုက်လိုက်ပါ။

အကယ်၍ ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကောရာဇ်သာ ဝိညာဉ်ဖန်ဆင်းရှင်ကို ရယူရန် ရှေ့ထွက်လာပါက

သူကိုယ်တိုင်ပင်

ရပ်တန့်နိုင်မည်မဟုတ်ပါ။

နောက်ဆုံးတော့

သူသေသွားပြီဖြစ်သည်။

မှန်သည်။

သူ၏လက်ရှိအခြေအနေအရ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ

ရာဇ်ကို မတားဆီးနိုင်ပေ။
သို့သော်လည်း
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းဧကေ
ရာဇ်အပြင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်၏ ကျန်လူတိုင်းက သူ့အတွက်
ပြိုင်ဘက်မဟုတ်ပေ။ ထိုပြင်
ယန်ယွဲ့၏နောက်ကွယ်၌

အဘိုးကြီးဝူနီနှင့်

သိုင်းပညာဘိုးဘေးကြီးပါရှိနေ၏။

သုံးယောက်စလုံးသေသွားပြီးဖြစ်

သော်လည်း

သူတို့သုံးယောက်စလုံး

ပူးပေါင်းလိုက်ရင်တော့

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမြို့

တော်ကို အပြီးတိုင်
ဖျက်ဆီးလုနီးပါးအထိ
လုပ်ဆောင်ပစ်နိုင်သည်။

ဟင်းလင်းပြင်ပျက်သုည်းခြင်းကေ
ရာဇ်က ထိုအချက်ကို
ရှင်းရှင်းလင်းလင်း သိခဲ့သည်။
သူကမကြောက်သော်လည်း

မလိုအပ်ဟု ခံစားမိသည်။

နောက်ဆုံးတွင်

ပိုအားကောင်းသည့် ရန်သူများ

ဖန်တီးမည့်အစား

မိတ်ဆွေများများထားတာက

ပိုကောင်းသည် မဟုတ်ပါလား…။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာ၌ ကလည်း သူတို့ရှိနေမှန်းကို

ကောင်းကောင်းသိထား၏။

သို့သော် သူက

ကြောက်နေတာတော့မဟုတ်ပေ၊

မလိုအပ်လို့ပါ။

နောက်ဆုံးတွင်
ပိုသန်မာသောရန်သူများအစား
မိတ်ဆွေများတာကသာပိုကောင်း
သည်မဟုတ်ပါလား။

ချန်းရှမ်နန် က
ဆက်မပြောတော့ပေ။ သူ

လှည့်ပြီး ထွက်သွားသည်။
ဤအတောအတွင်း
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကေ
ရာဇ် က
ရုတ်တရက်ပြောလိုက်သည်
"ငါ့ကိုယ်ပွားတစ်ယောက်က
မူလတိုက်ပွဲကွင်းပြင်မှာ
ထူးခြားဆန်းကြယ်တဲ့ဓားသမား
တစ်ယောက်နဲ့တွေ့ခဲ့တယ်။ သူက

တော်တော်လေးကို

အစွမ်းထက်တယ်”

ချန်းရှမ်နန် က ရပ်လိုက်ပြီး “ငါတို့

တွေ့ပြီးပြီ” ဟုပြောလိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာဇ် က

“မင်းသူ့ကို ဘယ်လိုထင်လဲ”
ဟုမေးသည်။

ချန်းရှမ်နန် က ပြုံးပြီး “ဘယ်သူက
ပိုသန်မာလဲ
သိချင်နေတာမဟုတ်လား”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော ရာဇ် က ခေါင်းညိတ်လိုက်သည်။

ချန်းရှမ်နန် က ပြုံးပြီး “တကယ်တော့ ငါလည်း အဲဒါရဲ့ အဖြေကို သိချင်ပါတယ်။ ကံမကောင်းစွာပဲ၊ ငါတို့ခေတ်က မဟုတ်ဘူး”

ထိုစကားသာပြောပြီး နေရာမှာပင်
ပျောက်ကွယ်သွားသည်။

အချိန်အနည်းငယ်ကြာပြီးနောက်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ် လည်း
ပျောက်ကွယ်သွားသည်။

တောင်ထိပ်သည်

နောက်တစ်ကြိမ်

တိတ်ဆိတ်သွားပြန်သည်။

...

သိုင်းပညာခန်းမ။

သိုင်းပညာခန်းမထဲကို
ဝင်လိုက်သည်နှင့်
သူတို့ မျှော်လင့်ထားသည်ထက်
အများကြီး ပိုကြီးမားသည်ကို
သတိထားမိလိုက်သည်။
အပြင်ဖက်ရှိ ခန်းမသေးသေး

လေးက အထဲမှာတော့

သီးခြားကမ္ဘာတစ်ခုဖြစ်နေပုံရသ

ည်။ သို့သော် ထိုနေရာကို

အစောင့်အကြပ်မရှိသလို

ခန်းမအပြင်ဖက်၌လည်း

စောင့်ကြပ်မထားပါ။

နှစ်ယောက်စလုံး

အံ့ဩသွားကြသည်။

အားလန် က

တိုးတိုးလေးပြောလိုက်သည်

“ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုး

နွယ်က သာမန်မဟုတ်ဘူး”

ယန်ယဲ့ ကလည်း

ခေါင်းညိတ်လိုက်သည်။

ဆန်းကြယ်တိုက်ကြီးကနေ
စတင်လာသည့်သူ့လမ်းတစ်လျှော
က်မှာ မရေမတွက်နိုင်သော
မျိုးနွယ်စုများနှင့်
အင်အားစုများစွာကို
မြင်တွေ့ခဲ့ရသည်။ သို့သော်လည်း
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်သည်

အထူးခြားဆုံးဖြစ်သည်။

ယန်ယွဲ့ က တစ်ခုခုကို
တွေးနေပုံရပြီး
"မိန်းကလေးအားလန်၊
ဒီကလန်အကြောင်း…"

သူမက ပြုံးပြီး "ဒါကဘာလဲ"

ယန်ယဲ့ က “မင်းအကူအညီလိုရင်
ငါ့ကိုပြောပါ”

အားလန် က ပြုံးပြီး
“ကျေးဇူးတင်ပါတယ်”

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။ ထို့နောက်

ဘာစကားမှ

မပြောဖြစ်တော့ပေ။အားလန် ကို

တစ်ချက်ကြည့်ကာ အနီးနားရှိ

စာအုပ်စင်ဆီသို့

လှမ်းကြည့်လိုက်သည်။

ဤနေရာတွင် စာအုပ်စင် ၁၀
ခုသာရှိနေ၏။ တစ်ခုစီတွင်
အထပ်ငယ် ၁၀ ခုပါလေသည်။
တစ်ထပ်စီမှာ စာလိပ် ၁၀
စောင်ခန့်ထားရှိသည်။

အားလုံးက
သိုင်းပညာနှင့်ပတ်သက်သော

ထိပ်တန်းအဆင့်

ကျမ်းစာလိပ်များပင်။

တစ်ခုမှ

အရည်အသွေးနိမ့်တာမပါပေ။

ဟွမ်ယင် က
သူတို့နှစ်ယောက်အား
ကျေးဇူးပြန်ဆပ်တာပါ။

ယန်ယဲ့က ဘေးနားသို့
လျှောက်သွားလိုက်သည်။
ထို့နောက် စာလိပ်များကို
ခဏကြာ

ကြည့်ရှုနေလိုက်သည်။
အားလုံးမှာ '剑' ဟူသော
အနက်ရောင်စာလုံးများ
တံဆိပ်ကပ်ထားလေသည်။

ဤစာအုပ်စင်ရှိ စာလိပ်များက
ဓားနည်းစနစ်များချည်းသာ။

ယန်ယဲ့၏အကြည့်က

ပထမဆုံးစာလိပ်ကိုအကြည့်ရော

က်သွားကာ သူ့မျက်လုံးများ

အရောင်လက်လာသည်။

အကြောင်းက

“ဓားနှစ်လက်နည်းစနစ်” ဟူသည့်

စာလိပ်အမည်ကြောင့်ပင်။

ဓားနှစ်လက်နည်းစနစ်ဆိုပါလား

...။

ယန်ယဲ့ သည် အံ့အားသင့်သွား၏

"ဘာလဲဟ..."

ယန်ယဲ့က သိချင်စိတ်ပြင်းပြပြီး

ဆက်ဖတ်ရန်

ဆုံးဖြတ်လိုက်သည်။

သိပ်မကြာပေ၊ သူ့မျက်နှာတွင်
လေးနက်သော အမူအရာတစ်ခု
ပေါ်လာသည် ။
နှစ်နာရီခန့်ကြာအောင်ဖတ်ရှုပြီး
နောက် မူလစေတီထဲသို့
ဝင်သွားခဲ့သည်။

ဆေးနှစ်လက်နည်းစနစ်...

ယန်ယဲ့၏မျက်နှာပေါ်တွက်
ပျော်ရွှင်မှုအပြည့်ပါ။

သူက တစ်ခုခုကို
ရုတ်တရက်တွေးလိုက်မိလို့ပင်။

အရှုံးဆောဘာနည်းစနစ် က

တစ်ချက်ထုတ်ဖော်လိုက်တိုင်း

ဓားချက် ၁၀၀

ထုတ်လွှတ်နိုင်ပါသည်။ အကယ်၍

ဓားနှစ်လက်ကိုသုံးပါက....

လက်တွေ့စမ်းကြည့်ရမလား ။

တွေးမိသည်နှင့်
ယန်ယဲ့ကလေ့ကျင့်ရန်ရည်ရွယ်လို
က်သည်။ သို့သော် သူက
တရားစီရင်ရေးဓားကို မသုံးဘဲ
မူလနတ်ဓားနှင့်
အဓိပတိဓားကိုသာ
ထုတ်ကိုင်လိုက်သည်။

Translated by NyiNyiSoe

.အဆိုးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၈၂၃ -

ဓားနှစ်လက်နည်းစနစ် ။

လက်နှစ်ဖက်စလုံးမှာ
ဓားနှစ်ချောင်းကို
တစ်ခါတည်းကိုင်သုံးတာက
ယန်ယဲ့အတွက် ပြဿနာမရှိပေ။
အကြောင်းမှာ သူသည်
ယခင်ကလည်း ဓားနှင့်ဆေဘာကို

အသုံးပြုလေ့ရှိလို့ပါ။ လက်ရှိမှာ
သူက ဓားနှစ်လက် ကိုသာ
သုံးထားသောကြောင့်
အသုံးပြုရပိုပြီးလွယ်ကူလာပုံရသ
ည်။ အဓိကကတော့ သူကိုယ်တိုင်
ဓားသမားတစ်ယောက်
ဖြစ်နေလို့ပါ။ သူက စစ်မှန်သော
ဓားကျင့်ကြံသူပင်မဟုတ်ပါလား ။

အခန်းထဲမှာတော့ ယန်ယွဲ့ဟာ
တင်ပျဉ်ခွေထိုင်နေရင်းက
ဓားနှစ်လက်ကို ပုံစံအမျိုးမျိုးဖြင့်
ဝှေ့ယမ်းနေခဲ့သည်။

သို့သော် သူက

ရုတ်တရက်ရပ်တန့်လိုက်သည်။

ဘယ်ဖက်လက်ကို ငုံ့ကြည့်ကာ

တွေးမိလိုက်သည်

“လက်ဝဲစားနည်းစနစ်၊

ငါ့ဘယ်လက်နဲ့ စားသုံးရင်

ဘယ်လောက်တောင်သန့်မှာနိုင်မ

လဲ”

တစ်ရက်အကြာတွင် ယန်ယဲ့

သည် အခန်းထဲမှ ထွက်လာသည်။

ထို့နောက် ဝမ်အရှူးမလေး

နေထိုင်သည့်နေရာသို့

သွားလိုက်သည်။

သူက ဝမ်အရူးမလေးကို

လော့ကျင့်ဖော်အဖြစ်လိုအပ်နေပါ

သည်။

သူရောက်သွားချိန်မှာတော့

ဝမ်အရူးမလေးက

အိမ်အပြင်ဖက်တွင် ရပ်နေကာ

“အစ်ကိုကြီးယန်၊
ငါတို့လေ့ကျင့်ဖော်လုပ်မလို့လား”

ယန်ယဲ့ က
ခေါင်းညိတ်လိုက်သည်။

ဝမ်အရှုးမလေး က သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး “ငါ့အတွက် ဘာပါလဲ”

ယန်ယဲ့၏မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားသည်။

သူမ ဒါကို နှင်းပွင့်ဆီကနေ
ဘယ်တုန်းက သင်ယူလိုက်တာလဲ
...

ဝမ်အရှုးမလေး က မျက်တောင်
မှိတ်တုတ်မှိတ်တုတ်ဖြင့်
“အစ်ကိုကြီးယန်၊
လှေကျင့်ဖော်ဖြစ်ရတာ

အရမ်းပင်ပန်းတယ်။ ဒါကြောင့်
ငါ့ရဲ့ကြိုးစားမှုအတွက်
ချီးမြှောက်တာက
ပုံမှန်ပဲမဟုတ်လား”

ယန်ယွဲ့ က ပြုံးပြီး “ဝမ်လေး၊
ငါတို့ဆက်ဆံရေးက ဘယ်လိုလဲ။
အကျိုးအမြတ်ကို

ထည့်တွက်နေတာက

အရမ်းသူစိမ်းဆန်တယ်မဟာတ်

လား”

ဝမ်အရှူးမလေးက

ခဏလောက်စဉ်းစားပြီး “ဒါက

အဓိပ္ပာယ်ရှိတယ်လေ။ ဒါပေမဲ့

နင်တို့လူသားတွေမှာ

စကားတစ်ခွန်းရှိတယ်မဟုတ်ဘူး

လား။

စစ်မှန်တဲ့ညီအစ်ကိုအရင်းချာတွေ

တောင်မှ

တချို့အရာတွေနဲ့ပတ်သက်ရင်

ပြတ်သားရတယ်။ ဒါက

အဓိပ္ပါယ်အများကြီးရှိမယ်ထင်တ

ယ် မဟုတ်လား”

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး
“မင်းဘာလိုချင်လဲ ငါ့ကိုပြောပါ”

ဝမ်အရူးမလေး၏ မျက်လုံးများ
တောက်ပလာပြီး “နင်နဲ့
အစ်မကြီးအန်းလို
လူမျိုးတွေကိုစားချင်တယ်”

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်း
“မင်းရိုက်ခိုင်းနေတာလား”

သူမ၏နှုတ်ခမ်းကို
ဖိကိုက်လိုက်ပြီး
“အဲဒီမိုက်မဲတဲ့နဂါးလို
နတ်ဆိုးတွေလည်း လိုချင်တယ်။

ဒီလိုနတ်ဆိုးတွေမှပဲ
အရသာရှိတာ"

ယန်ယဲ့က တော်တော်လေး
ခေါင်းကိုက်သွားသည်။

သူမကဘာလဲ ။
လူသားတွေဆိုရင်တောင်

အကောင်းဆုံးကို လိုချင်တယ် ။

နတ်ဆိုးတွေဆိုရင်လည်း

အဆင့်မြင့်တာကိုမှ စားချင်နေတ

ယ်။ သူမ ရှုးနေသလား...

ဝမ်အရှုးမလေးက

သနားစရာကောင်းသောအမူအရာ

ဖြင့် ယန်ယဲ့ကိုကြည့်ကာ
သူ့အဖြေကို စောင့်နေပုံရသည်။

ယန်ယဲ့ က သက်ပြင်းချပြီး
“ဝမ်လေး၊ မင်းအတွက်
စားစရာရှာဖို့
ငါဘယ်လိုကြိုးစားရမလဲ။ ဒါပေမဲ့
အပြင်ထွက်ပြီး

စိတ်ထင်ရာလျှောက်မလုပ်ပါဘူး
လို့ ကတိပေးရမယ်။ မင်းရော
ငါရော ဒီကမ္ဘာနဲ့ယှဉ်ရင်
အားနည်းလွန်းတယ်"

ဝမ်အရှူးမလေး က
ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ပြောခဲ့သလိုပင်၊

ဤလောကသည်

အန္တရာယ်များလှသည်။

အထူးသဖြင့်

ဟင်းလင်းပြင်မြို့တော်ကို

ရောက်လာပြီးတဲ့နောက်မှာ

အန္တရာယ်ခံစားချက်ဟာ

ပိုပြီးပြင်းထန်လာသလိုပင်။

ဝမ်အရှူးမလေးက

ယန်ယဲ့ကိုမော့ကြည့်ရင်း

မူလစေတီထဲမှာသာ

နေထိုင်တာက ကောင်းမွန်သည်ဟု

ခံစားမိသည်။ အကြောင်းကတော့

သူ့အတွက် ဘာကိုမှ

စိတ်ပူပန်စရာမလိုလို့ပါ။

တစ်ခုပဲကျန်သည်၊ နေ့စဉ်နေ့တိုင်း

သူစားဖို့

အစွမ်းထက်နတ်ဆိုးတစ်ကောင်ရှိ
နေရင်တော့ ပိုကောင်းပါသည်။

ယန်ယဲ့ က ဝမ်အရှူးမလေး ထံသို့
လျှောက်လာပြီး ခေါင်းကိုပွတ်ကာ
“စိတ်မပူပါနဲ့။ ငါ့မှာ ရန်သူတွေ
အများကြီးရှိလို့ မင်းအတွက်

စားစရာတွေ

အများကြီးရှိလိမ့်မယ်”

ဝမ်အရူးမလေး က

ခဏတုံ့ဆိုင်းသွားပြီး

“အစ်ကိုကြီးယန်၊

ဟင်းလင်းပြင်ကမ္ဘာကနေ

ပြန်ထွက်တာနဲ့ ငါ့အဖိုးကို

သွားတွေ့ကြရအောင်။
ငါသူ့ကိုတကယ်လွမ်းတယ်”

ယန်ယဲ့ က ပြုံးပြီး “ဒါပေါ့။ ငါတို့
ဒီနေရာကနေ ထွက်သွားတာနဲ့
ထာဝရကျေးရွာ ကို
အလည်သွားကြမယ်။ ငါလည်း

အန်တီယန် နဲ့ ဆရာ့ကို
သတိရတယ်”

ဝမ်အရူးမလေးက
ပျော်ရွှင်မှုအပြည့်ဖြစ်သွားပုံရသ
ည်။

ထို့နောက်တွင် ဝမ်အရှူးမလေးကို

ခေါ် ပြီး

ကောင်းကင်ဓားစင်မြင့်ပေါ်သို့

တက်လာကြသည်။ ဤနေရာက

မူလစေတီထဲမှာ တိုက်ခိုက်ရန်

အကောင်းဆုံးဖြစ်လို့ပါ။

အကြောင်းမှာ

ကောင်းကင်ဓားစင်မြင့်က

အလွန်ခိုင်ခံ့သည်။ တော်ရုံတန်ရုံ ခွန်အားလောက်ကို မမှုပေ။

ဝမ်အရှုးမလေး က ညာလက်သီးကို ဆုပ်ထားပြီး "အစ်ကိုကြီးယန်၊ ငါ့ရဲ့ခွန်အားကို အပြည့်သုံးစေချင်တာ သေချာရဲ့လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
"ဟုတ်ပါတယ် ၊
နောက်ဆုတ်မနေနဲ့။ လာပါ..."

ဝမ်အရှူးမလေး က ခဏလောက်
တုံ့ဆိုင်းသွားပြီး "ဒါပေမဲ့

ငါနင့်ကိုသတိမိသွားမှာကြောက်
တယ်”

ယန်ယဲ့၏ပါးစပ်ထောင့်များ
တုန်လှုပ်သွားပြီး “လာစမ်းပါ။
မင်းရဲ့ခွန်အားကို
အကုန်သုံးလိုက်။

မင်းငါ့ကိုတကယ်သတ်မိသွားရင်
တောင် တာဝန်ယူစရာမလိုဘူး”

ဝမ်အရှူးမလေး က
ခေါင်းညိတ်လိုက်သည်။
ထပ်ပြီးတုံ့ဆိုင်းမနေတော့ဘဲ
ရှေ့သို့ လျှောက်သွားကာ

ယန့်ယဲ့အား လက်သီးဖြင့်
ထိုးလိုက်သည်။

သာမန်ရိုးရှင်းသော
လက်သီးတစ်ချက်သာ ။

သို့သော် ယန့်ယဲ့က
ဝမ်အရှုးမလေး၏ခွန်အားကို

ကောင်းကောင်းသိထားလေရာ

ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။

သူ့ခန္ဓာကိုယ်ထဲက

ဆန်းကြယ်ချီစွမ်းအင်ကို

လှည့်ပတ်ပြီး ဓားကို

ဘယ်ဘက်လက်ဖြင့်ဆုပ်ကိုင်ကာ

ရှေ့သို့ ထိုးလိုက်သည်။

သို့သော် ယန်ယဲ့က ဓားလှိုင်း ၄
ဆင့်ကိုသာ သုံးထား၏။

ဝမ်အရှုးမလေး
တစ်ခုခုထိခိုက်သွားမှာကိုစိုးရိမ်လို့
ပါ။ သို့သော်
ခဏအကြာတွင်တော့
သူ့အတွေးက

မှားနေကြောင်းသိလိုက်ရတော့သ
ည်။

ဘမ်း...

ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီး ယန်ယွဲ့ သည်
လွင့်ထွက်သွားခဲ့သည်။

မတ်တပ်ပြန်ထလာချိန်တွင်
သူ့ပါးစပ်ထောင့်ကနေ
သွေးများစီးကျနေခဲ့သည်။သူ့ဘ
ယ်လက်ကလည်း တုန်ရီနေသည်
။

ဤအချိန်တွင် ဝမ်အရှူးမလေး က

အုံ့အားသင့်သွားပြီး ယန်ယွဲ့ဆီကို

အမြန်ပြေးလာကာ

“အစ်ကိုကြီးယန်၊ နင်က ဘာလို့

အားနည်းနေတာလဲ။ ငါ့ရဲ့

ခွန်အားကိုတောင် အပြည့်အဝ

အသုံးမချရသေးဘူး”

ဤစကားကြောင့် ယန်ယဲ့ဟာ
သွေးများ အဆက်မပြတ်
အန်ထွက်လာလုနီးပါးပင်။

ထို့နောက် ခုန်ထကာ
ကောင်းကင်ဓားစင်မြင့်ပေါ်သို့
တက်သွားလိုက်သည်။ သူက
ဝမ်အရူးမလေးကို လှည့်ကြည့်ပြီး

"လာ၊
ဆက်ပြီးတိုက်ခိုက်ကြရအောင်"
ဟုပြောလိုက်သည်။

ဝမ်အရှူးမလေး က အနည်းငယ်
ချီတုံချတုံဖြစ်ပြီး
"အစ်ကိုကြီးယန်၊ ငါတို့

မတိုက်ခိုက်တော့ဘဲနေရင်ကောင်း

မလား။ မဟုတ်လို့

ငါနင့်ကိုသတ်မိရင်

ငါအပြစ်ရှိသလိုခံစားရလိမ့်မယ်၊

ငါတကယ်အလေးအနက်ထားပြီး

ပြောနေတာပါ”

ယန်ယဲ့ က ကလေးမလေးကို စိုက်ကြည့်ရင်း “မင်း ဒါကို မလုပ်နိုင်ရင် ဗိုက်ပြည့်ဖို့ဆိုတာ အိပ်မက်ပဲမက်နေလိုက်တော့”

ယန်ယဲ့ ပြောပြီးသည်နှင့်တစ်ချိန်တည်းမှာ

ပဲ ဝမ်အရှူးမလေးဟာ
ခုန်ဝင်လာပါတော့သည်။

သူ့ခွန်အားက
အနည်းငယ်ထူးခြားပါသည်။
၎င်းက ရုပ်ခန္ဓာခွန်အား သို့မဟုတ်
ဟွမ်ကန်းယု လိုမျိုးမဟုတ်ပေ။
အလွန်သန့်စင်သော

ခွန်အားတစ်မျိုးဖြစ်၏။ လုံးဝကို
ကြောက်စရာကောင်းလှသည်။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့ဟာ
အရင်ကလို
အတွေးမများတော့ပေ။

ငါက ဝမ်အရှူးမလေး

ဒဏ်ရာရမှာကိုစိတ်ပူနေတာလား..

.

သူကိုယ်တိုင်သာ

ဝမ်အရှူးမလေး၏လက်ချက်ဖြင့်

ဒုက္ခိတဖြစ်မသွားအောင်ရှောင်တိ

မ်းရမှာပါ။

ယန်ယဲ့ဟာ ဝမ်အရှုးမလေးထက်

အတော်လေး

အားနည်းမှန်းသိထားသဖြင့်

လက်သီးချင်း

ထိပ်တိုက်မတိုးရဲပေ။

သူ့လက်သီးက

ပြေးဝင်လာသည်နှင့်

ဘေးတိုက်ရှေ့ပြီး

ရှောင်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် သူ့ဓားက

ဝမ်အရှူးမလေး၏ဝမ်းဗိုက်ကို

အလျားလိုက်

ပိုင်းချလိုက်သည်သည်။

ဓားချက်က

လှျပ်စီးကြောင်းကဲ့သို့ပင်။

သို့သော် ဝမ်အရှူးမလေးက

လုံးဝမရှောင်တိမ်းပေ။ ဒီအချိန်မှာ

ယန်ယဲ့က

တော်တော်လေးကိုတုန်လှုပ်သွားရပါသည်။

သူ့စားက
ဝမ်အရှုံးမလေး၏ဗိုက်ကိုပိုင်းလိုက်သည်နှင့်
အထွတ်အမြတ်အဆင့်အကာအကွယ်ရတနာကို

ထိုးလိုက်သလိုပင်။

ဝမ်အရှူးမလေး ကတော့

အနည်းငယ်ပင်တုန်လှုပ်မသွားပေ

။ မျက်တောင်ခတ်ပြီး

ဒူးတစ်ဖက်ကွေးကာ

ယန်ယွဲ့၏ဗိုက်ကိုတိုက်ချလိုက်သ

ည်။

ယန်ယဲ့၏တုံ့ပြန်မှုကလည်း မြန်ဆန်ပါသည်။ ချက်ချင်းပင် ၃ မီတာအကွာသို့ပြန်ဆုတ်သွားခဲ့သည်။ သို့သော် တစ်ချိန်တည်းမှာပင် ပြင်းထန်သော ဖိအားလှိုင်းများ သူ့အပေါ်ကို ကျရောက်လာသည်။

ဝမ်အရှူးမလေးက
ထပ်ပြီးတိုက်ခိုက်လိုက်တာပါ။

ယန်ယွဲ့က တုံ့ဆိုင်းမနေဘဲ
ဓားဆွဲထုတ်ပြီးပိုင်းချလိုက်သည်။

ဓားလှိုင်း ၅ ဆင့်...

ဝမ်အရှူးမလေး က

သူထင်ထားတာထက်ကို

ပိုသန်မာနေသည့်အတွက်

ထိန်းမထားတော့ပေ။

သို့သော် ယန်ယဲ့ဟာ

ဝမ်အရှူးမလေး၏

လုပ်ရပ်ကြောင့်

အံ့ဩသွားခဲ့သည်။ အကြောင်းမှာ

ဝမ်အရှူးမလေးက စားချက်ကို

တားဆီးဖို့အသာထား၊

ရှောင်ဖို့တောင်မလုပ်ခဲ့ပေ။

သူ့ခေါင်းကိုပင်

တည့်တည့်ထားပေးလိုက်သေး၏

။

တစ်ချိန်တည်းမှာပင်

လက်သီးသေးသေးလေးက

ယန်ယဲ့၏ပိုက်ကို ထိမှန်သွားသည်

။

ဘုန်း....

ယန်ယဲ့ ဟာ ပါးစပ်ကနေ
သွေးများအန်ထွက်လာပြီး
လွင့်ထွက်သွားပြန်သည်။

၃ ကီလိုမီတာအကွာမှသာ
ရပ်တန့်သွားသည်။ သူ့ဗိုက်ကို
ငုံ့ကြည့်လိုက်တော့
ကွဲအက်နေလေသည်။ ထို့အပြင်

သူ့တစ်ကိုယ်လုံးလည်း
အက်ရာအပြည့်ဖုံးထားသည်။
ကံကောင်းထောက်မစွာ
မူလခရမ်းရောင်စွမ်းအင်ရှိနေလေ
ရာ သူ့ဒဏ်ရာများကို
အမြန်ကုသလိုက်လေသည်။

သူ့ခန္ဓာကိုယ်က
နတ်ဘုရားရတနာထေက်တောင်
ပိုပြီးကြောက်စရာကောင်းတယ် ။

ယန်ယဲ့က အရူးစိတ်ကို
အသက်သွင်းရန်ပြင်လိုက်၏။
သို့သော်လည်း မသုံးခဲ့ပေ။ သူ
ထိုသို့လုပ်လိုက်လျှင်

တိုက်ခိုက်ရေးစွမ်းအား

တိုးလာမှာတော့သေချာပါသည်။

ထို့အပြင်

အသိစိတ်ခဏလွတ်သွားသည်နှင့်

သူ့ကိုယ်သူ မထိန်းနိုင်တော့ပါ၊

အနည်းငယ်သော အများက

ဝမ်အရှူးမလေးကို

ထိခိုက်သွားစေနိုင်၏။

ခဏအကြာတွင်တော့ ယန်ယဲ့က တရားစီရင်ရေးဓား ကို ထုတ်ယူလိုက်တော့သည်။

ထို့နောက်တွင်...

ဘမ်း...ဘမ်း.... ဘမ်း....

ဤအတောအတွင်း

ဝမ်အရှုးမလေးက

ဖိနှိပ်ခံထားရသည်။ ဘာဒဏ်ရာမှ

မရသည့်တိုင် သူ့ပုံစံက

အနည်းငယ်

အခြေအနေဆိုးနေသလိုပင်။

ယန်ယဲ့ဟာ ဓားနှစ်လက်ကို
ကျွမ်းကျွမ်းကျင်ကျင်
သုံးတတ်လာသည်နှင့်
ပိုပြီးသန်မာလာပုံရသည်။

ဓားနှစ်လက်ကို
လွှဲယမ်းလိုက်တိုင်း
သူ့အရေပြားအောက်ရှိ

သွေးကြောများ တုန်ခါလာသည်။
တုန်ယင်လာသည်နှင့်အမျှ
ယန်ယဲ့၏ခွန်အားဟာ ပို၍
ကြောက်စရာကောင်းလာသည်။

ဓားတစ်ချက်ယမ်းလိုက်တိုင်း
ဝမ်အရှုးမလေး၏ကိုယ်ပေါ်မှာ

ဒဏ်ရာသေးသေးလေးများ
ပေါ်လာသည်။

"ဂါး.." ဤအချိန်တွင်
ဝမ်အရှူးမလေး က ရုတ်တရက်
ဒေါသတကြီး အော်လိုက်သည်။

သူမ၏မျက်လုံးအစုံက နီရဲနေကာ လက်ဝါးနှစ်ဖက်ကို အောက်သို့ ဖိချလိုက်သည်။

ဘမ်း...

ပတ်ဝန်းကျင်က ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ခဏအကြာတွင်တော့

သူမ၏လက်သည်းများ

တဖြည်းဖြည်းရှည်ထွက်လာလေ

သည်။

ထို့နောက် ဒေါသတကြီးဖြင့်

ရှေ့သို့ ခုန်တက်ကာ ယန်ယဲ့အား

ကုတ်ခြစ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

အဓိပတိဓားကို

ဆတ်ခနဲပုတ်လိုက်သည်။

ဘမ်း...

ယန်ယဲ့ သည်

လွင့်ထွက်သွားသည်။ အဓိပတိစား

က

အချိန်မရွေးပျက်စီးတော့မည့်အ

လားပင်ထင်ရသည်။

သို့သော်လည်း ဝမ်အရှူးမလေး က
မရပ်ဘဲ
ထပ်ပြီးတိုက်ခိုက်လိုက်ပြန်သည်။

ယန်ယွဲ့၏အမူအရာက
သိသိသာသာပြောင်းလဲသွားတယ်
။ သူက ဓားနှစ်လက်ကို
ဆက်မသုံးရဲတော့ဘဲ

တရားစီရင်ရေးစားကို
အမြန်ထုတ်လိုက်ရသည်။

ဆူး...

အလင်းတန်းတစ်ခု
လင်းလက်လာသည်။

သို့သော် ယန်ယဲ့ ဟာ နေရာမှာပင်
ထိတ်လန့်သွားသည်။

ဝမ်အရူးမလေး က
တရားစီရင်ရေးဓား ကို
ဖမ်းဆုပ်ကာ
ချိုးရန်ပြင်ပါတော့သည်။

တရားစီရင်ရေးဓား က

ကွေးညွတ်သွားသည်။

သူမက

အထွတ်အမြတ်နတ်ဘုရားရတနာ

ကို ချိုးချင်နေတာလား ။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၂၄ -

ဤအချိန်တွင် အန်နန်ကျင်း က ယန်ယဲ့ရှေ့မှာ ရုတ်တရက်ပေါ်လာခဲ့သည်

သို့သော်လည်း “သူမကို မတားနဲ့”
ဟူသော ယန်ယဲ့၏အသံ
ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ
ဝမ်အရှူးမလေးက
လက်နှစ်ဖက်ကိုမြှောက်ပြီး

အန်နန်ကျင်းကို
ရိုက်ချလိုက်သည်။

အန်နန်ကျင်း က တုံ့ဆိုင်းမနေဘဲ
လှံကို ရှေ့သို့ လှမ်းထိုးလိုက်သည်။

လှံက
ဝမ်အရှူးမလေး၏လက်ဝါးအလ

ယ်တည့်တည့်ကို
ထိုးချလိုက်သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး
အန်နန်ကျင်း သည် မီတာ ၃၀၀
နီးပါးအကွာသို့

လွင့်ထွက်သွားသည်။
လုံ့ကိုင်လက်က
အနည်းငယ်ပင်တုန်ရီနေ၏။

အန်နန်ကျင်း လည်း အနည်းငယ်
မျက်မှောင်ကြုတ်သွားသည်။

ဒါကဘယ်လိုခွန်အားလဲ ။

ယန်ယဲ့က

လေးနက်စွာပြောလိုက်သည်

“ သူ့ခွန်အားက သန့်စင်တဲ့အပြင်

အခုထိမြင့်တက်နေတုန်းပဲ”

အန်နန်ကျင်း က

ခဏလောက်လေးလေးနက်နက်

တွေးပြီး

"ပူးပေါင်းလိုက်ကြရအောင်"

စကားပြောပြီးသည်နှင့်

လုံကိုချကာ ဝမ်အရှူးမလေးကို

ပြေးထိုးလိုက်သည်။

ဤအချိန်တွင် နွားနတ်ဆိုး

အပါအဝင်

မူလနတ်ဆိုးအားလုံးက

ဘေးကနေ ကြည့်နေကြသည်။

သို့မဟုတ်

နတ်ဆိုးသားရဲတွေအားလုံးက

ဝမ်အရှူးမလေးကို
အာရုံစိုက်နေတယ်လို့ဆိုရမှာပါ။

၎င်းတို့အမြင်မှာ
ဝမ်အရှူးနလေးက အလွန်
ကြောက်စရာကောင်းနေပုံရသည်။

သို့သော် ခဏအကြာတွင်

ဓားစာလိပ် က တိုက်ပွဲကို

ကြည့်နေရင်းနဲ့

နွားနတ်ဆိုးအားစိုက်ကြည့်ကာ

“နှင်းခဲလေး ဘယ်မှာလဲ။ သူတို့ကို

တားဖို့ သူမကို

မြန်မြန်သွားခေါ်လိုက်”

နှင်းခဲလေး….

ယခုမှသာ မူလနတ်ဆိုးအားလုံးက
နှင်းပွင့်လေး ရှိမနေတာကို
သတိထားမိသွားကြသည်။

နွားနတ်ဆိုးက သိနေသည့်အလား
နေရာမှာပင်
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

၎င်းက မြောက်ပိုင်းဓားဂိုဏ်း၏
အနောက်ဘက်
တောင်တန်းများဆီသို့
ပျံသန်းသွားသည်။

ထင်သည့်အတိုင်းပင်၊

ထိုနေရာတွင် နှင်းပွင့်လေးကို

တွေ့လိုက်ရသည်။ ဤအချိန်တွင်

နှင်းပွင့်လေးက

ဖရိုဖရဲသစ်ပင်များပေါ်၌

ဟောက်လျက်အိပ်ပျော်နေလေသ

ည်။ နှင်းပွင့်လေးဟာ

ပုခက်ဖြင့်အိပ်စက်နေသကဲ့သို့

သစ်ပင်များက

အကိုင်းများလှုပ်ယမ်းနေသည်။

သစ်ပင်များပေါ်တွင်

လက်သီးဆုပ်အရွယ် အသီး ၆

လုံးလည်း ရှိနေ၏။

ရင့်မှည့်ခါနီးဖြစ်သည်။

နွားနတ်ဆိုးက
အကြည့်ကိုလွှဲဖယ်လိုက်ပြီး
နှင်းပွင့်လေး ဆီကို
လျှောက်သွားသည်။ ထို့နောက်
ခေါင်းသေးသေးလေးကို
လက်ညှိုးဖြင့် ပုတ်လိုက်သည်။

နှင်းပွင့်လေးက သိပုံမရဘဲ
ဆက်ပြီးဟောက်အိပ်နေပါသည်။

နွားနတ်ဆိုးက ခဏမျှ
တုံ့ဆိုင်းသွားပြီး
"နတ်ရတနာတွေ...
သေချာတယ်..."

နှင်းပွင့်လေးဟာ အိပ်နေရာကနေ
ချက်ချင်း မျက်လုံးဖွင့်လိုက်သည်။

နွားနတ်ဆိုးက
ဘာပြောရမှန်းမသိတော့ပုံပါ။

...

ကောင်းကင်ဓားစင်မြင့် ။

တိုက်ပွဲက
ဆက်ပြီးဖြစ်နေတုန်းပါ။
အတော်လေးကို
ပြင်းထန်လာပုံရသည်။

အမှန်တော့ ယန်ယဲ့ နဲ့

အန်နန်ကျင်း တို့သာ

အားအကုန်ထုတ်ပြီးတိုက်ခိုက်ပါ

က ဝမ်အရှုးမလေးကို

အသာလေးအနိုင်ယူနိုင်ပါသည်။

ဝမ်အရှုးမလေး၏ခန္ဓာကိုယ်က

သန်မာသော်လည်း ယန်ယဲ့နှင့်

အန်နန်ကျင်းဟာ

ထင်သလောက်အားမနည်းကြပေ

။

တစ်ချိန်တည်းမှာပင်

နှစ်ယောက်သား

အကြည့်ချင်းဖလှယ်လိုက်သည်။

ပြောရရင်တော့ တိုက်ပွဲကို

အဆုံးသတ်တော့မည်ဟုပြောလို
က်တာပါ။

အန်နန်ကျင်းက ဝမ်အရှူးမလေးကို
တည့်တည့်စိုက်ကြည့်နေသည်။
ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်ရုံဖြင့်

သူမက ဝမ်အရူးမလေးရှေ့ကို ချက်ချင်းရောက်ရှိလာသည်။

ထို့နောက် သူမ၏လုံကိုမြှောက်ပြီး ထိုးလိုက်သည်။

လှုံ့က
ယုံကြည်မှုအပြည့်သယ်ဆောင်
လာပုံရ၏။

ဝမ်အရှူးမလေး၏အမူအရာက
သိသိသာသာပြောင်းလဲသွားပြီး
ညာဖက်လက်သည်းကို
ပွတ်ဆွဲလိုက်သည်။

လုံနှင့် လက်သည်းတို့

ထိပ်တိုက်အတွေ့...

ဘမ်း...

ဝမ်အရှူးမလေး က

လွင့်ထွက်သွားသည်။ သို့ရာတွင်

အန်နန်ကျင်း က
နေရာမှာရပ်နေပြီး
တုတ်တုတ်မျှပင်မလှုပ်ပေ။

တစ်ချိန်တည်းမှာပင်
ဓားစွမ်းအင်တစ်စင်း
လင်းလက်လာပြီး

ဝမ်အရှူးမလေး၏ခန္ဓာကိုယ်ကို
ထိမှန်သွားသည် ။

အုန်း...

နောက်တစ်ကြိမ်
လွင့်ထွက်သွားပြန်သည်။

ယန်ယဲ့နှင့် အန်နန်ကျင်း
တို့ထပ်ပြီးတိုက်ခိုက်ခါနီးမှာတော့
ဝမ်အရှူးမလေးက
ဝမ်းနည်းသံအပြည့်ဖြင့်
“အစ်မကြီးအန်း၊ အစ်ကိုကြီးယန်၊
တော်ပြီ။ ရပ်လိုက်ကြရအောင်။
ဒါက အရမ်းနာတယ်...”

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့လည်း ရုပ်တန့်သွားသည်။

ဝမ်အရှူးမလေးက လုံးဝကိုသန်မာပါသည်။ သို့သော်လည်း အပြင်းအထန်တိုက်ခိုက်နေရင်းဖြင့်

သူမ၏အကာအကွယ်ကိုမချိုးဖျ
က်နိုင်သည့်တိုင်
နာကျင်အောင်တော့လုပ်နိုင်ပါ
သေးသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက
မြေပြင်ပေါ်မှာထိုင်ကာ

လေကိုတဝကြီးရှူရှိုက်လိုက်သည်

။

သူကြည့်ရတာ

အားကုန်သွားသလိုပင်။

ယန်ယွဲ့နှင့် အန်နန်ကျင်း တို့က

ဝမ်အရှုးမလေးဆီကိုလျှောက်လာ

ကြည်။ ယန်ယဲ့က “ဝမ်လေး၊
အခုလေးတင်
ဘာဖြစ်သွားတာလဲ”

ဝမ်အရှူးမလေး က သူ့ကို
စိုက်ကြည့်နေသည်
“နင်ဘာကိုဆိုလိုတာလဲ”

ယန်ယဲ့ က “မင်း စောစောက ရှူးသွပ်သွားတဲ့အကြောင်း ငါပြောနေတာပဲ”

ဝမ်အရှူးမလေး က ခဏလောက်စဉ်းစားပြီး ခေါင်းခါလိုက်သည် “ငါမသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ်

အစ်ကိုကြီးယန်၊ နင်က

တကယ်ကြီးတိုက်ခိုက်နေသလို

ခံစားရတယ်"

ယန်ယဲ့ သည်

ဘာဆက်ပြောရမှန်းပင်မသိတော့

ပေ။

ခါးစာလိပ်က

ရုတ်တရက်ဝင်ပြောသည်

“ငါထင်တာက

သူ့သွေးမျိုးဆက်နိုးထလာတာဖြစ်

နိုင်တယ်”

သွေးမျိုးဆက် နိုးထနေပြီလား။

ယန်ယဲ့ က

ဓားစာလိပ်ကိုစိုက်ကြည့်ရင်း

“ဝမ်လေးရဲ့သွေးမျိုးဆက်ကဘာ

လဲ”

ဓားစာလိပ်က

တိတ်ဆိတ်နေရင်းဖြင့်

“ငါမသိဘူး”ဟူ၍ ပြန်ပြောသည်။

ဤအတောအတွင်း အန်နန်ကျင်း
က ဝမ်အရှုးမလေး ထံသို့
လျှောက်သွားပြီး “အခုကစလို့
နင်ငါ့ဆီက သင်ယူရမယ်”

ဝမ်အရှုးမလေး က
အံ့ဩသွားပုံရသည်။

အခြားလူတိုင်းလည်း
အန်နန်ကျင်း
ကိုစိုက်ကြည့်နေသည်။

အန်နန်ကျင်း က
ဝမ်အရူးမလေးကို စိုက်ကြည့်ရင်း
"ကြမ်းတမ်းတဲ့ခွန်အားချည်းပဲသုံး

နေတာက

မကောင်းပါဘူး”ဟုပြောလိုက်သ

ည်။

ရှိုင်းစိုင်းကြမ်းတမ်းသောခွန်အား

လား။

ဓားစာလိပ်က "မိန်းကလေးအန်း
ပြောတာမှန်ပါတယ်။ ဝမ်လေးမှာ
အစွမ်းထက်တဲ့ရုပ်ခန္ဓာအပြင်
အထွတ်အမြတ်နတ်ရတနာတွေ
ကိုတောင်
ဆုတ်ဖြဲပစ်နိုင်တဲ့လက်သည်းတွေ
ရှိတယ်။ ဒါပေမဲ့ သူမက
တိုက်ခိုက်ရေးနည်းစနစ်တွေကို
ဘာမှန်းမသိသေးဘူး။ တိုက်ပွဲမှာ

ကြမ်းတမ်းတဲ့ခွန်အားကိုပဲသုံးနေ
တာ။ ဒီတော့
တိုက်ခိုက်ရေးနည်းစနစ်တွေသာ
သင်ယူနိုင်ရင်
လုံးဝကိုကြောက်စရာကောင်းလာ
လိမ့်မယ်”

တိုက်ခိုက်ရေးနည်းစနစ်တွေကို

သင်ပေးမလား။

ဝမ်အရှူးမလေး သာ အန်နန်ကျင်း

ထံမှ

တိုက်ခိုက်ရေးနည်းစနစ်များကို

သင်ယူခဲ့မည်ဆိုလျှင်...

တွေးကြည့်ရှုဖြင့်
ကြောက်စရာပင်။

ဝမ်အရူးမလေး က
ရုတ်တရက်ထရပ်ပြီး
“ငါငြင်းတယ်။ နှင်းခဲလေးနဲ့
ကစားချင်တယ်။ နှင်းခဲလေး၊
နင်လည်း အဲလိုမထင်ဘူးလား”

သို့သော် နှင်းပွင့်လေးက ချက်ချင်း ခေါင်းယမ်းလိုက်သည်။ ထို့အပြင် သူမ၏မျက်နှာသေးသေးလေးက လေးနက်မှုအပြည့်ရှိနေလေသည်။

ဝမ်အရှူးမလေး က
အံ့အားသင့်သွားပုံပါ။
စကားဆက်မပြောတော့ပေ။

ဤအတိုင်းပင်၊ နေ့တိုင်းနေ့တိုင်း
ဝမ်အရှူးမလေး၏ ပြုံးပြုံးသံ
ပဲ့တင်ထပ်နေပါသည်။

အစပိုင်းမှာ

သင်ယူဖို့ဆန္ဒမရှိသော်လည်း

အချိန်တန်ကြာ

လေ့လာသင်ယူပြီးနောက်

ရုတ်တရက် ပျော်ရွှင်လာခဲ့သည်။

အဓိကကတော့ အချို့သော

လူသားတို့၏

အတွေးအမြင်များနှင့်

နည်းစနစ်များသည်

အလွန်စိတ်ဝင်စားဖွယ်ကောင်းသ

ည်ကို သတိပြုမိလို့ပင်။

ဤအတောအတွင်း ယန်ယဲ့
ကတော့ အရူးတစ်ယောက်လို
လှေကျင့်နေခဲ့သည်။

သူက ဓားနှစ်လက်ဖြင့်
အပြင်းအထန်လေ့ကျင့်နေ၏။

လက်ရှိ သူ့အဆင့်မှာ ခွန်အားနှင့်

အရှိန်က

အကန့်အသတ်ရောက်နေပါပြီ။

ဓားတာအိုနှင့်

သိုင်းပညာနည်းစနစ်က

အလွန်အရေးပါပါတယ်။

ထို့အပြင် ခွန်အားသည် အရှိန်၏

အဓိကအကျဆုံးအရာတစ်ခုပါ။

သူက သိုင်းပညာခန်းမရှိ

ဓားနည်းစနစ်များအားလုံးကို

တစ်ခုမကျန်ဖတ်ရှုခဲ့သည်။

သို့ရာတွင် မလေ့ကျင့်ခဲ့ပေ၊

သူ၏ကိုယ်ပိုင်ဓားတာအို နှင့်

ကိုယ်ပိုင်လမ်းကြောင်းရှိနေလေ

ရာ

အခြားလမ်းကိုလိုက်မလျှောက်ချင်ပါ။

ဖတ်ရှုလေ့လာသည့်အကြောင်းအရင်းက သူ၏ဓါးတာအို နှင့်ဓားနည်းစနစ်များကိုပြီးပြည့်စုံသောအဆင့်ထိနားလည်ဆင်ခြင်ရန်ပင်။

ယန်ယဲ့
တစ်ယောက်တည်းတော့မဟုတ်
ပါ၊ အန်နန်ကျင်း လည်း
အလားတူပင်ဖြစ်သည်။

တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာပြီး
မကြာခင်မှာပဲ ယန်ယဲ့ဟာ
မှူလစေတီထဲမှ

ပြန်ထွက်လာခဲ့သည်။ ဤနေ့က သိုင်းပညာခန်းမတွင် သူနေရမည့် နောက်ဆုံးနေ့ဖြစ်လို့ပါ။

မူလစေတီထဲမှ ထွက်လာချိန်မှာတော့ အားလန် မရှိတော့ကြောင်းသတိထားမိလို

က်သည္။ သူမက အရင္ဆုံး
ႀကိဳၿပီးထြက္သြားပုံရသည္။

ယန္ယဲ့က ပတ္ဝန္းက်င္ကို
တစ္ခ်က္ၾကည့္လိုက္ၿပီး
သိုင္းပညာခန္းမထဲကေန
ထြက္လာခဲ့သည္။

အဝင်ဝ၌ ဟွမ်ယင် က ရပ်ပြီးစောင့်ဆိုင်းနေသည်ကိုတွေ့ ရသည်။

သူက ပြုံးပြီး “ဘယ်လိုလဲ”

ယန်ယဲ့ က “အများကြီးရခဲ့တယ်”

"ကောင်းလိုက်တာ" ဟွမ်ယင်

ကပြုံးပြီး "တာအိုခန်းမ ကို

သွားလိုက်။ အဲဒီမှာ

စိတ်ကူးတောင်မယဉ်နိုင်တဲ့အ

တွေးအမြင်တွေအများကြီးရှိတယ်

"

ယန်ယဲ့ က ခေါင်းညိတ်ပြီး
“မိန်းကလေးအားလန်၊
ဘယ်မှာလဲ” ဟု မေးလိုက်သည်။

ဟွမ်ယင်ဓါ၏မျက်နှာက
လေးနက်သွားပြီး
“သူ့မျိုးနွယ်စုက
ချက်ချင်းပြန်လာဖို့စာပို့လိုက်တာ။

ဒါ့ကြောင့်

အလျင်စလိုပြန်သွားတာပဲ။

ကြည့်ရတာ

အရေးကြီးတာတစ်ခုခုဖြစ်သွား

တာထင်တယ်”

ယန့်ယဲ့ က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

“ထာဝရနိုင်ငံတော် လား”

ဟွမ်ယင် က ခေါင်းညိတ်ပြီး

“ဒါဟာ တော်တော်

အရေးတကြီးဖြစ်နေပုံပဲ။

ဒါမှမဟုတ်ရင် သူမ အဲ့ဒီလို

အလျှင်စလို ပြန်သွားမှာ
မဟုတ်ဘူး။ စိတ်မပူပါနဲ့၊ သူက
အခု ငါတို့နဲ့ မိတ်ဆွေဖြစ်နေပြီ။
ဒါကြောင့် သူ့မျိုးနွယ်စုက
လူမိုက်မဟုတ်ရင်တော့
တခြားပေါက်ကရအလုပ်တွေလုပ်
ခိုင်းမယ်မထင်ဘူး"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
“တာအိုခန်းမ မှာ
ငါဘယ်လောက်ကြာကြာနေနိုင်မှာ
လဲ”

ဟွမ်ယင် က ခါးသက်သက်
ရယ်မောရင်း
“တစ်နေ့တည်းပဲရမယ်။

ဝမ်းနည်းပါတယ်၊ ငါ့မှာ
နောက်ထပ် အမှတ်တွေ
မရှိတော့ဘူး”

ယန်ယဲ့ က ပြုံးပြီး
“လုံလောက်ပါပြီ”

ဟွမ်ယင် ကလည်း ပြုံးပြီး “မင်း အများကြီး ရယူနိုင်ဖို့ ငါမျှော်လင့်တယ်”

ထိုသို့ပြောပြီးနောက် လှည့်ထွက်သွားသည် ။

ယန်ယဲ့သည်
နောက်ကနေလိုက်လာခဲ့သည်။

တာအိုခန်းမ ။

ခန်းမအဝင်ဝ၌ ရှင်းနှီးသော
မျက်နှာတစ်ခုကို
တွေ့လိုက်ရသည်။

အကြီးဆုံးမင်းသား ဟွမ်တျန်းရှင်း

။

သူက ယန်ယဲ့

ဝင်လာသည်ကိုမြင်သောအခါ

အနည်းငယ်ခေါင်းညိတ်လိုက်သ

ည်။ ယန်ယဲ့ ကလည်း
ခေါင်းညိတ်ပြသည်။

သို့သော် စကားတော့
မပြောဖြစ်ကြပေ။

ယန်ယဲ့ သည်
ဘယ်ဖက်သို့လျှောက်သွားရင်း

ပတ်ဝန်းကျင်ကို
ကြည့်လိုက်သည်။ ဤနေရာတွင်
စာအုပ်စင် ၅
ခုလောက်သာရှိနေ၏။
စင်ပေါ်မှာလည်း စာလိပ်များ
မရှိသလောက်ကို နည်းပါသည်။
အားလုံးပေါင်းမှ စာလိပ် ၂၀
လောက်သာရှိ၏။

သို့သော် ၎င်းတို့ကို
အမျိုးအစားများအလိုက်
ရှင်းလင်းစွာ ခွဲခြားထားသည်။
“သိုင်းပညာတာအို၊
နတ်ဘုရားနည်းစနစ်များ၊
လျှို့ဝှက်နည်းစနစ်များ...
စာလိပ်အဖုံးတိုင်း၌
တံဆိပ်တပ်ထားသည်။

ဤအချိန်တွင် အန်နန်ကျင်း လည်း
နံဘေးမှာ ပေါ်လာသည်။
သို့ရာတွင် အန်နန်ကျင်း က
အားလုံးကို စုပ်ယူနိုင်သောကြောင့်
သူဖတ်ပြစရာတောင်မလိုပေ။
ပြောရရင်တော့
သူ့အရည်အချင်းက

အန်နန်ကျင်းထက် အများကြီး
နိမ့်ကျခဲ့သည်။

ယန်ယဲ့ သည် စာအုပ်စင်ရှေ့သို့
ရောက်လာပြီး စာလိပ်တစ်လိပ်ကို
ကောက်ယူလိုက်သည်။
အပေါ် ဖုံးတွင် "剑道" ဟူသော

စကားလုံးကြီးနှစ်လုံး
တံဆိပ်ကပ်ထားလေသည်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို
ခဏကြာအောင်
ရှာဖွေကြည့်လိုက်သည်။
ဓားတာအိုနှင့်ပတ်သက်၍
သူ့လက်ထဲက

စာလိပ်တစ်ခုတည်းသာ
သတိပြုမိခဲ့သည်။

ဤအချိန်တွင် တစ်ဖက်မှ
အသံတစ်သံထွက်လာသည်
"ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ရဲ့သမိုင်းတစ်လျှောက်မှာ
ဓားကျင့်ကြံသူတွေ

အများကြီးရှိခဲ့တယ်။ ဒါပေမဲ့

သူတို့ထဲက

တစ်ယောက်ပဲအောင်မြင်ခဲ့တာ။

ဓားတာအို မှာ

သူနားလည်နိုင်ခဲ့တဲ့အဆင့်ကို

ဒီနေရာမှာ ထိန်းသိမ်းထားတာပဲ”

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ ဟွမ်တျန်းရှင်း ဖြစ်နေသည်။

ဟွမ်တျန်းရှင်း က ဆက်ပြောသည် "ဒါပေမဲ့ သူ့ရဲ့နှားလည်နိုင်စွမ်းက မင်းအတွက် မသင့်တော်ဘူးလို့ ငါထင်တယ်"

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

ဟွမ်တျန်းရှင်း က
"ဘာလို့လဲဆိုတော့ သူ့ဓားတာအို
နဲ့ မင်းရဲ့ဓားတာအို က
လုံးဝခြားနားလို့ပဲ။
အရှင်သခင်လမ်းစဉ်...

ပြောရရင်တော့ သူက

ဖြောင့်မတ်တဲ့လမ်းကြောင်းကို

လျှောက်လှမ်းခဲ့တယ်။

မင်းအတွက်... ငါ ရိုးရိုးသားသား

ပြောရရင် မင်းရဲ့ဓားတာအို က

သတ်ဖို့ အာရုံစိုက်နေတယ်။

ဆိုတော့ကား ဓားတာအို

နှစ်ခုလုံးက လုံးဝ မတူဘူး။

ဒါကြောင့် သူ့နားလည်မှုက
မင်းအတွက် သိပ်အသုံးမဝင်ဘူး”

ယန်ယဲ့က စာလိပ်ကို
လှန်လိုက်ပြီး
တစ်ချက်ဖတ်ကြည့်လိုက်သည်။
ပထမစာကြောင်းမှာ “ဓား၊
လူကြီးလူကောင်းတွေပဲကိုင်ဆော

င်တဲ့လက်နက်ဖြစ်တယ်။
ခားကိုင်တဲ့သူဟာ ဖြောင့်မတ်တဲ့
စိတ်နှလုံးသားရှိရမယ်။
အဲဒီလူက...”

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး
စာလိပ်ကိုပြန်ချထားလိုက်သည်။

ဟွမ်တျန်းရှင်း

ပြောခဲ့တာအမှန်ပင်။

ထိုလူ၏ခါးတာအို က

သူ့တာအိုနဲ့မတူပေ။

Translated By NyiNyiSoe

###Book.176